

ပထမပိုင်း

ထုတ်ဝေသူ

ဦးစိန်ကြီး (၀၅၄၁)
ရွှေရုပ်လွှာစာပေ
အမှတ် ၆၄၊ ဗညားဒလလမ်း၊
မြေညီထပ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဒေါ်မြထွေး (၀၂၂၇၄)
တော်ဝင်ပုံနှိပ်တိုက်
အမှတ် ၉၂၊ ၂၈ လမ်း၊
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ် ၉၆၊ ၁၁ လမ်း၊
ရန်ကုန်မြို့။

# ရဲမာန်အောင်

မိုးအောက်မြေပြင် သိုင်းဘုရင်

စာစဉ် ( ၀ )

( ၁ )

မေးနက်ဝန်းလ

'ဟေး....ဟေး....ဟေး'

'ဝမ်ယုကွ'

'ကျင်စွိကွ'

လူတွေအုတ်အုတ်ကျက်ကျက် ဖြစ်နေသည်။ အော်ဟစ်ဆူညံနေကြ၏။ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင် အောက်တွင် ဖြစ်သည်။ လူစုလူဝေးက အယောက်သုံးဆယ်ခန့် ရှိသည်။

တစ်ယောက်တစ်ပေါက်နှင့် အော်ဟစ် အားပေးနေလေသည်။ ထိုလူစု၏ အလယ်၌ လူနှစ်ဦးက လက်မောင်းလွှဲယှဉ်ပြိုင်

နေကြသည်။ စားပွဲတစ်လုံးပေါ်တွင် တံတောင်ထောင်လျက် သူနိုင်ငါနိုင် လက်လှဲနေကြ၏။ သူတို့အနီးဝယ် လောင်းကြေး များ စုပုံနေသည်။

လက်လှဲနေကြသော လူနှစ်ဦးအနက် တစ်ဦးက ကိုယ်ခန္ဓာ ထွားကျိုင်းကြီးမားသော လက်မောင်းကြီး များကလည်းတုတ် ခိုင်လှသည်။ တစ်ဦးကမူ ထိုလူလောက် မထွားတိုင်းလှသော် လည်း ကျစ်လျစ်သော လက်မောင်းလက်ဖျံရှိသည်။

နှစ်ဦးလုံး လည်ပင်းကြောကြီးများ လက်မောင်းကြော ကြီးများ ထောင်နေအောင် အားစိုက် ယှဉ်ပြိုင်နေကြသည်။ သူတို့နှစ်ဦး၏ ဖုထောင်းဖောင်းကြွနေသော ကြွက်သားများမှာ အားရစရာကောင်းလှသည်။ ရုတ်တရက်ကြည့်လျှင် လူထွားကြီးအ သာ နိုင်မည်ဟု ထင်မှတ်ရသည်။

သို့သော် အခြေအနေက လူထွားကြီး၏ လက်မောင်းက အနည်းငယ် လန်ကျနေရသည်။ သူ့ထက် လက်မောင်းလက် ဖျံသေးသော လူငယ်က အသာစီးရနေသည်။

လူထွားကြီးမှာ မျက်လုံးအစုံကို ပြူးနေအောင် တောင့် ခံထားရ၏။ သူက အသက် ပိုမိုကြီးရင့်ပုံရသည်။

'ဟေး...ကျင်စွံကြီး၊ တောင့်ထား တောင့်ထားခမ်း'

လူထွားကြီးနောက်မှ လူတစ်ဦးက အော်ဟစ် အားပေးနေ သကဲ့သို့ လူငယ်နောက်မှ လူတစ်ဦးကလည်း ပြန်လှန်အော်ဟစ် နေပြန်သည်။

'ဝမ်ယုကွ ဆော် .. လူငယ်လေးယုံ့ ခွန်အားက မသေးဘူး ဟေ့၊ ပီအား ဖိအားလိုက်ကွ ညီလေးရဲ့'



ဝမ်ယုဆိုသော လူငယ်၏လက်က လူထွားကြီး၏ လက် ဝါးများကို ဆုပ်ကိုင်အုပ်မိုးပြီး ဖိချရန် ကြိုးစားနေသည်။

သူတို့နှစ်ဦး၏ အလယ်မှ လောင်းကြေးများကို ဒိုင်ခံနေ သော လူမှာ မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်။ သူက လူထွားကြီးဘက်မှ နှစ်လေးတစ်လေး အလျော်ပေးကာ လောင်းကြေးဒိုင်ခံနေခြင်း ဖြစ်သည်။

ယခုတိုင်းဆိုလျှင် သူ့ဘက်က ရှုံးသွားနိုင်သည့်ဘေး တဖြည်းဖြည်းနှင့် သူ့လူ လူထွားကြီး၏လက်မှာ ပျော့အိကျ လာနေသည်။ တစ်ဝက်သာသာခန့်ပင် နိမ့်ကျနေလေပြီ။ ဒိုင် လုပ်နေသူမှာ ချွေးစေးများ ပြန်နေ၏။

အခြေအနေအတိုင်းသာ လောင်းကြေးနှစ်ဆ သူ ပေးလျော်ရတော့ မည်။ တကယ်တော့ သည်လက်လှဲပွဲကို သူက တင်ဖန်တီး ပွဲသွင်းသူ ဖြစ်၏။ သူ့အမည်က ထိုးလျှောင်း၊ ကျင်စွံက သူ့ လူ။ သူ၌ လူမိုက်နောက်လိုက်များ ရှိသည်။ သူ့လူများကသိုင်း သမားများ၊ ပရိသတ်ထဲ၌ သူ၏သိုင်းသမားက ဆယ်ယောက် ခန့် ရောနှောဝင်နေလေသည်။

လောင်းကြေးအား နှစ်လေးတစ်လေးဖြင့် သူက ပေါ်ယူ လာခဲ့သည်။ သည်အတိုင်းဆိုလျှင် သူ အားကိုး ယုံကြည်အပ် သော ကျင်စွံကြီး ရှုံးဖို့ သေချာသွားပြီ ဖြစ်သည်။

ကျင်စွံ၏ ကြီးမားကျယ်ပြန့်သော လက်ကြီးက ပျော့ ကျနေခဲ့ပြီ မဟုတ်ပါလား။

လူငယ်ဝမ်ယု၏ လက်ကို တန်ပြန် တွန်းလှန်လျက် အနိုင် နိုင်စရာ အကြောင်းမရှိတော့ပါချေ။

သူ့လူကျင်စွ ကိုယ်တိုင်ပင် မျက်လုံးကြီးနှစ်လုံးမှာ ဖုံရှိ မျက်လုံးများကဲ့သို့ အပြင်သို့ ကဲ့ထွက်သွားတော့မည့်အတိုင်း ဖြစ်နေရှာသည်။ သူ၏ လက်မောင်းတို့မှာလည်း ခွန်အားကုန် စိုက်ထုတ်သုံးထားသဖြင့် တဆတ်ဆတ် တုန်ယင်နေခဲ့ပြီ။

လူရှယ်၏ ခွန်အားတို့ကမူ အားကုန်ထုတ်ဟန် မတူသေး။ ထပ်မံထုတ်နိုင်သေးသည့် အနေအထား။

ကြည့်နေရင်းမှပင် ကျင်စွကြီး၏ လက်မောင်းမှာ စားပွဲကြမ်းပြင်နှင့် ထိကပ်လုနီး ဖြစ်လာသည်။ ကြမ်းပြင်နှင့် သူ၏ လက်ဖမိုး ထိကပ်သွားသည်နှင့် သည်ပွဲ၌ ကျင်စွကြီး ရှုံးရပြီ ဖြစ်သည်။

ထိုအချိန်၌ တိတ်လျှောင်က ပရိသတ်ထဲမှ သူ့လူကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ရုတ်တရက် ထိုလူ၏ လက်တစ်ဖက်က မြောက်တက်လာပြီး ဝမ်ယု၏ လက်မောင်းအား ဝါးရင်းတုတ်ဖြင့် ရိုက်ချလိုက်လေသည်။

'ဒုတ်'

'အ....အ....အ'

ဝမ်ယုခမျာ နာကျင်စွာ အော်ညည်းလိုက်ရှာတော့သည်။ ထို့ကြောင့် သူ့လက်မှာလည်း ပျော့ဆင်းသွားကာ ကျင်စွကြီးက ဖျတ်ခနဲ ပြန်မတ်လိုက်ကာ အားကုန် ဖိချနေလေသည်။

'အား... အား....အား'

လူငယ် ဝမ်ယုမှာ နာကျင်လွန်းသဖြင့် တအားအားနှင့် ညည်းညူနေရှာသည်။



'ဟော့... ဘာလို့ ပြိုင်ပွဲဖျက်အောင် ဝင်နှောင့်ယှက်တာလဲကွ'

ဝမ်ယုဘက်မှ လောင်းထားသော ပရိသတ်တစ်ဦးက အခဲမကျေနိုင်တဲ့ သံအော်လိုက်သည်။

'ဖြောင်း'

'အ....အ'

ထိုလူ ဘေးသို့ ယိမ်းယိုင်လဲကျသွား၏။ သူ၏နဖူးထိပ်မှာလည်း ဝါးရင်းတုတ်ချက်ကြောင့် သွေးများ ရဲခနဲ ဖြာထွက်ကျလာသည်။

'ဒီကောင့်တံတောင်ရွေ့သွားတာ မတွေ့ဘူးလားကွ'

ဝါးရင်းတုတ်ရှင်က ရှေ့ထွက်လာပြီး ဝမ်ယု၏တံတောင်ကို တုတ်နှင့်ထောက်ထိုးရင်း ပြန်ပြောလိုက်၏။

'မဟုတ်ဘူးကွ ဝမ်ယုနိုင်ခါနီးမှ ဝင်ရှုပ်တာ'

တစ်ဦးကလည်း ထအော်ပြန်သည်။

'ဘာပဲဖြစ်ဖြစ် အရှုံးအနိုင်အဖြစ်မဆုံးဖြတ်နိုင်ခင် ပြဿနာ ဖြစ်လာတော့ ဒီပွဲကို သရေပွဲအဖြစ်သတ်မှတ်တယ်'

ဒိုင်လုပ်သူက ဆုံးဖြတ်ချက်ပေးပြီး ပွဲကိုသိမ်း၏။

'ဟေ့...ဒါ သက်သက် တို့ကိုလောင်းကြေးမလျော်ချင်လို့ လုပ်တာ၊ တို့ငွေကိုလျော်ရမယ်ကွ ဒါပဲ'

မခံနိုင်သူတစ်ဦးကလည်း ရှေ့ထွက်လာပြီး အတင်းအကျပ် တောင်းဆိုနေသည်။

'ခွပ်'

'အား'

'အလျော်တော့မရဘူး ဝါးရင်းတုတ်ပဲရမယ်'

ဝါးရင်းတုတ်သမားက လျော်ကြေး တောင်းသူအား ဝါးရင်းတုတ်နှင့် လဲရိုက်ချလိုက်ပြန်ပါ၏။

အလျော်တောင်းသူများ ဝါးရင်းတုတ်စာမိပြီး မြေပေါ်သို့ ပုံလျက်သား လဲကျသွားပြန်သည်။

'ဟေ့...ဘယ်သူ အလျော်တောင်းချင်သေးလဲကွ'

ပရိသတ်ဘက်လှည့်ပြီး ဝါးရင်းတုတ်သမားက မေးမြန်းလိုက်ရာ မည်သူမျှ တုတ်တုတ်မလှုပ်ရဲကြတော့ချေ။

ဝါးရင်းတုတ်သမားက သူ၏ ရုပ်ဆိုးအကျည်းတန်လှသော မျက်နှာကြီးကို ခက်ထန်စွာလုပ်လျက် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်ရှုနေ၏။

သူ၏ အမေးအား မည်သူမျှ မတုံ့ပြန်ဝံ့သောကြောင့် ကျေနပ်သွားဟန်နှင့် ခက်ထန်သောမျက်နှာမှာ ပြုံးယောင်သန်းလာ၏။

'ဝါတောင်းတယ်ဟေ့'

အရက်မူးသံကြီးနှင့် ပရိသတ်ထဲမှ အော်ပြောလိုက်သော အသံကြောင့် ဝါးရင်းတုတ်သမားမှာ မျက်နှာကြီး နီမြန်းသွားပြီး အသံလာရာ ပရိသတ်ထဲသို့ သိမ်းငှက်တစ်ကောင်၏ မျက်လုံးမျိုးဖြင့် စူး၍ကြည့်ပြီး...

'အေး...အလျော်လိုချင်ရင် ရှေ့ကိုထွက်ခဲ့ကွ'

သူက ဝါးရင်းတုတ်ကိုလက်နှင့်သကာ ခေါ်လိုက်ပြန်၏။

'ဟား...ဟား...ဟား'



မထိမဲ့မြင် ရယ်မောသံနှင့်အတူ ပရိသတ်ထဲမှ လူတစ်ဦး ထွက်ပေါ်လာခဲ့လေသည်။

'ဟာ...ဓားနက်ဝန်းလီ'

ဒိုင်လုပ်သူ၏ နှုတ်မှ အံ့သြထိတ်လန့်သော အသံက ကျယ်လောင်စွာ ထွက်ပေါ်သွားခဲ့သည်။

ပရိသတ်ထဲမှ ထွက်လာသောလူမှာ ဝတ်စုံနက်ကိုဝတ်စားထားပြီး ခါးတွင် အနက်ရောင်ဓားအိမ်နှင့် ဓားနက် တစ်ချောင်းအား ချိတ်ထား၏။ သူက လူရှေ့သို့ ယိမ်းယိုင်ကာ ထွက်ပေါ်လာခြင်းဖြစ်၏။

ဝါးရင်းတုတ်သမားမှာ ထိုအရက်မူးနေသော လူရွယ်ကို မသိချေ။ ထို့ကြောင့် သူ့ဆရာက 'ဓားနက်ဝန်းလီ'ဟု ထိတ်လန့်စွာ ရေရွတ်လိုက်သော်လည်း သူက အထင်မကြီးချေ။

သာမန်အရက်သမားတစ်ဦးက ဝင်ရောက်အာချောင်သည်ဟုပဲ မှတ်ထင်၏။ စိတ်ထဲ၌လည်း မှတ်လောက်သားလောက် အောင် ဝါးရင်းတုတ်စာကျွေးမည်ဟုတွေးလိုက်ပြီး တုတ်ကို အသာမ လျက်...

'ကဲဗျာ...အလျော်လိုချင်ရင် ရှေ့တိုးခဲ့ပါ'

သူက အရက်မူးသမား ဓားနက်ဝန်းလီ ဆိုသူအား ဂရုမစိုက်ဘဲ ဖိတ်ခေါ်လိုက်ပြန်သည်။

ဝတ်စုံနက်ဝတ်ဆင်ထားသော ဓားနက်ဝန်းလီက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး သူဖိတ်ခေါ်သည့်အတိုင်း ရှေ့သို့ ယိမ်းယိုင်ကာထွက်လာပြန်၏။

'ကဲကွာ ဒီလောက်အလျော်လိုချင်တဲ့သူ'

'ဟေ့....ဟိတ်ကောင်'

'ဝှီး'

သူ့ဆရာက လျင်မြန်စွာ တားရှာသေး၏၊ သို့သော် မမီတော့ပါချေ။ ဝါးရင်းတုတ်က မြောက်တက်သွားပြီး အမူးသမား ဝန်းလီအား လှဲရိုက်ချလိုက်ပြန်ပါသည်။

'ရှပ်'

'ဖြောင်း'

သို့သော် သူ၏ရိုက်ချက်မှာ လမ်းခုလတ်ဝယ် ပျက်ပြယ်သွားခဲ့ရ၏။ အရက်မူးနေသော ဓားနက်ဝန်းလီ၏ လျင်မြန်ဖျတ်လတ်သည့် လှုပ်ရှားမှုကြောင့် ဖြစ်သည်။ အမူးသမားခါးမှ ဓားနက်က လက်ခနဲမြောက်သွားကာ ရိုက်ချလာသော ဝါးရင်းတုတ်အား အလယ်မှ ခုတ်ပိုင်း ဖြတ်ချလိုက်ခြင်းပင် ဖြစ်သည်။

'ဟာ'

ထိုအမူးသမား၏ လျင်မြန် သွက်လက်မှုကို တွေ့လိုက်ရသော ဝါးရင်းတုတ်သမားမှာ ပါးစပ်မှ အာမေဋိတ်ပင်ထွက်ပေါ်သွားရှာ၏။ သို့သော် သူက မလျှော့၊ ထို ဝါးရင်းတုတ်တိုအား ဓားနက်ဝန်းလီထံ ပစ်ပေါက်လိုက်ကာ သူ့ကျောပေါ်ဝယ် လွယ်ထားသောဓားကို ဆွဲထုတ်လိုက်တော့သည်။

'ဝှစ်'

'ဖြောင်း'



သူပစ်လိုက်သော ဝါးရင်းတုတ်တိုလေးမှာလည်း ဓားနက်ဝန်းလီ၏ ဓားချက်ဖြင့် နှစ်ပိုင်းထပ်မံ ပြတ်ထွက်သွားပြန်ပါသည်။

( ၂ )

'ဟိတ်'

'ထန့်'

သူက တစ်ရှိန်ထိုး ဝန်းလည်ထံ ခုန်ဝင်ပြီး ဓားနှင့်ခုတ်ပိုင်းလိုက်၏။ လျှပ်တစ်ပြက် ခုတ်ပိုင်းခြင်းဖြစ်သော်လည်း ဓားနက် ဝန်းလည်အား ကြိုသိထားသူတစ်ဦးနှယ် ရန်သူ၏ ဓားကျရာလမ်းဝယ် သူ၏ ဓားခုက်ကို ဆီးခံဘားနိုင်ခဲ့သည်။

'ဝှစ်....ဝှစ်'

'ထန်....ထန့်'

ဝါးရင်းတုတ်ခေါးသမားမှာ ရှက်ရှက်နှင့် တရကြမ်းတိုက်ခိုက်သည်။ လူအများရှေ့မှာ အရက်မူးနေသူတစ်ဦးကို အနိုင်မတိုက်နိုင်ဟု အပြစ်တင်ခံရမည် စိုးရိမ်၍ ဖြစ်သည်။

သို့သော်လည်း အရက်သမားကလည်း ခုခံမှုမှာ လုံလှပေသည်။

'ဝုစ်'

'ရှပ်'

'အ....အ....အ'

သည်တစ်ကြိမ်တွင်လည်း သူက အမှားတစ်ချပ်ကို ကျူးလွန်မိလိုက်ပြန်ပါသည်။ သူက ဒေါသစိတ် ရှက်စိတ် အံ့ဩစိတ်စသည်ဖြင့် စိတ်ထွေပြားလျက် တည်ငြိမ်မှုမဲ့စွာ ခေါးနက်ဝန်းလ၏ ခေါးကိုကိုင်မြှောက် ပြေးဝင်ခုတ်လာခြင်းပင် ဖြစ်သည်။

ဝန်းလ၏က လျင်မြန်သွက်လက်စွာပင် သူ၏ ခုတ်ခေါးအတွင်း တိုးဝင်ပူးကပ်ကာ ခေါးလက်ကို အသာပင် ချုပ်ခုတ်ချလိုက်သဖြင့် ထိတ်လန့်ပြီး ခေါးကိုင်လက်အား လွှတ်လိုက်ရရှာသည်။

'ဟား....ဟား....ဟား'

ခေါးနက်ဝန်းလ၏က ကျေနပ်အားရမှုဖြင့် ဟားတိုက်ရယ်နေစဉ် ဝါးရင်းတုတ်ခေါးသမားမျာမှာ ခေါးချက်ထိသွားသောလက်ကို အခြားလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ မျက်နှာကြီး မဲ့ရွဲ့လျက် ဝန်းလ၏အား မကျေမနပ်ဖြင့် မော့ကြည့်နေရှာသည်။



'ဟေး ဟေး ဟေး ဟေး'

ပရိတ်သတ်အချို့က ခေါးနက်ဝန်းလ၏အား အောင်ဟစ်အားပေးကြသည်။ ပရိသတ်ထဲ တိတ်လျှောင်နောက်လိုက်ခေါးသမားကိုးယောက် ခုန်ထွက်လာကြ၏။ ခေါးကိုယ်စီနှင့် ဖြစ်ကြသည်။ စုစုပေါင်း ကိုးယောက်၊ ခေါးကိုးလက်။

ဝန်းလ၏ဘက်မှလည်း လက်လဲပြိုင်ခဲ့သော ဝမ်ယူ ဘယ်ဘက်လက်ဝယ် ခေါးတစ်ချောင်း ကိုင်စွဲလျက် ခုန်ထွက်လာပြန်၏။

သူနှင့်အတူ သူ့ဘက်မှ အားပေးကြသော လူသုံးလေးဦးကလည်း ရှေ့တိုးကာ ရင်ပေါင်တန်းရပ်လျက် ခေါးသမားတို့အား ရင်ဆိုင်၏။ မူးနေသော ခေါးနက်ဝန်းလ၏က သူ့အပါး၌ သူနှင့်အတူ လာရောက်ရပ်ပြီး တိုက်ရန်ပြင်နေသည့် ဝမ်ယူနှင့် လူများအား စောင်းငဲ့ကြည့်ပြီး....

'ဟား ဟား ဟား၊ ဘာလဲ မင်းတို့က ငါ့ကို ကူတိုက်ဖို့လာကြတာလား'

'ဟုတ်တယ် အစ်ကို၊ သူတို့က လူအများကြီးမို့ပါ၊ နောက်ပြီး အစ်ကိုက အရက်တွေ အလွန်အကျွံ မူးနေတယ်လေ'

'ဩော်....ငါအရက်မူးနေလို့ မင်းတို့က စိုးရိမ်ပြီး ကူတိုက်ပေးမလို့ကိုး၊ ကဲ....ကဲ ဒါဆို မင်းတို့နောက်ဆုတ်လိုက်ကြ၊ အပင်ပန်းမခံကြနဲ့၊ ဒဏ်ရာအနာတရ အဖြစ်မခံကြနဲ့ကွာ၊ ငါ ခုထိ အမှားတစ်ကွက်လုပ်မိတာ မင်းတို့ တွေ့ထားလို့လား ဟင်'

'မ....မတွေ့ပါဘူး အစ်ကို၊ အင်အားချင်း မမျှလို့ပါ ခင်ဗျာ'

'အဲဒီရှေ့က ခွေးသမားကိုးယောက် မဖြောနဲ့ နောက်သပ်ကိုးယောက်အပ်ဖြည့်ပြီး တိုက်ဦး ငါ ဂရုမစိုက်ဘူးကွ၊ ယား....ယား....ယား....ယား....မင်းတို့ လက်ပိုက်ပြီးသာ အေးအေးကြည့်နေ၊ ငါတိုက်ပြမယ်၊ ဒီခွေးကောင်တွေ ကြွက်ကလေးတွေဖြစ်သွားအောင် ငါလုပ်မယ်....နောက်ဆုတ်ကြ'

ဝန်းလဲက ခပ်ထန်ထန် အမိန့်ပေးလိုက်သဖြင့် လူငယ်လေးဝမ်ယုနှင့် ပရိသတ်အချို့ နောက်ဆုတ်သွားတော့သည်။

'ဟိတ်'

'ယား'

မာန်သွင်းပြီး ခွေးသမားများက အဘက်ဘက်မှ တစ်ရှိန်ထိုး တစ်ပြိုင်နက် ဝင်ရောက်တိုက်ကြသည်။

'ဝုစ်....ဝုစ်'

'ထန်....ထန်'

ခဏနက် ဝန်းလဲမှာ ခွေးရိုပ်များ တဖျတ်ဖျတ်ကျလာသည်များအား မှုးနေလျက်က ယိမ်းကာယိုင်လာ တိမ်းရှောင်ရင်း တန်ပြန်ခွေးချက်တို့ကို ပို့လွှတ်နေနိုင်ခဲ့သည်။

သူက လိပ်ပြာတစ်ကောင်နှယ် ရှေ့တိုးလိုက် နောက်ဆုတ်လိုက် ခွေးကပ်လိုက်ဖြင့် သွက်လက်လျင်မြန်စွာ လှုပ်ရှားနေရာ ဝမ်ယုနှင့် ပရိသတ်များမှာ အံ့အားသင့်လျက် ခွေးရေးကောင်းလှသော ဝန်းလဲအား မယုံကြည်နိုင်စွာ ငေးမော ကြည့်ရှုနေမိကြတော့သည်။



ဝန်းလဲ၏ ခွေးစွမ်းကိုလည်း ယုံကြည်သွားကြသဖြင့် လက်ခုပ်လက်ဝါး တဖြောင်းဖြောင်းတီးကာ အားပေးနေမိကြသည်။

# ( ၃ )

'ဖြောင်း....ဖြောင်း....ဖြောင်း'

'ရွှီး....ရွှီး'....ရွှီး'

'ဓားနက် ဝန်းလိကွ'

ဓားသမားကိုးဦးမှာ အရက်မူးနေသူ ဝန်းလိအား ထိမှန်အောင် မတိုက်နိုင်ခဲ့ကြပေ။

ဝန်းလိ၏ ဓားချက်များ ထိရှကုန်လျက် နောက်သို့ မသိမသာ ဆုတ်သွားကြရသည်။

ခေါင်းဆောင်ဖြစ်သူ တိတ်လျောင်မှာ မျက်လုံးကြီးပြူးလျက် ထိတ်လန့်ကြောက်ရွံ့နေသည့် အမူအရာများ ဖြစ်ပေါ်လျက်ရှိသည်။

သူက ခါးနက်ဝန်းလ၏ ကျော်ကြားသော ခါးစွမ်းရည်နှင့် ရက်စက်ကြမ်းကြုတ်သော စရိုက်အချို့ကို ကြားဖူးနားဝရှိထားသူဖြစ်သည်။ သူ့ရှေ့၌ပင် သူ့လူခါးသမားများ အလဲလဲ အပြိုပြို ဖြစ်နေကြပြီ မဟုတ်ပါလား။

ထို့ကြောင့် ခါးသမားများ မတိုက်နိုင်ကြတဲ့ အရှုံးပေးရသောအခါ ခါးနက်ဝန်းလသည် သူ့ဘက်သို့ လှည့်လာတော့မည်ကို သူသိ၏။ သူ့လက်ထဲ၌ ဒေါင်းကြေးငွေများ ဆုပ်ကိုင် ပိုက်ထားသည်။

အခြားတစ်ဖက်တွင်လည်း ခါးတစ်လက်ကို ကိုင်စွဲထားသည်။ သူ့လူများက နှစ်ယောက် သုံးယောက်ခန့်သာ ခုခံတိုက်ခိုက်နေကြသည်ကို တွေ့ရသည်။

ဝန်းလ က လျှပ်တစ်ပြက် လှုပ်ရှားလိုက်တိုင်း ခါးသမားတစ်ဦးမှာ ခါးချက်ထိမှန်ကာ ဇက်ရာရလဲကျသွားသည်အား မြင်နေရ၏။

မကြာမီပင် **အည်ကောင်**တွေလည်း မြေကြီးထက်ဝယ် အနားယူကြတော့မည်ကို သူ ယုံကြည်၏။ သည်တော့ သူ ဆုံးဖြတ်မိသည်။ လှစ်ခနဲ ခါးကိုဝင့်ကာ တိုက်ပွဲအနီးမှ ထွက်ခွာရန် ကြိုးစားတော့သည်။ သို့သော် တိတ်လျှောင်၏ ထကြံအစည်အား ခါးနက် ဝန်းလ က သိရှိထားသလို ရှိသည်။

တိတ်လျှောင်ကြီး ပြေးထွက်ရာလမ်းဘက်သို့ သူက လွှားခနဲ ပျံကျ ရောက်သွားလေသည်။



ပြေးရာလမ်းဘက်၌ ဖြုန်းခနဲ ရောက်ရှိလာသည့် ခါးနက်ဝန်းလ အား တိတ်လျှောင် ကြောက်အားလန့်အားဖြင့် ခါးနှင့် လွှဲခုတ်ချလိုက်မိသည်။

'ဖော့'

'ဝှစ်'

'ထန်'

တိတ်လျှောင်၏ လွှဲခုတ်ခါးအား ဝန်းလ က တိကျစွာ ဆီးခံလိုက်ပြီး မြေဝယ်မကျရောက်သေးသော ခြေထောက်နှင့် လေထဲ၌ပင် တိတ်လျှောင်မေးရိုးအား ဆတ်ခနဲ ကန်ထည့်လိုက်နိုင်သည်။

'ခွပ်'

တိတ်လျှောင်ကိုယ်ခန္ဓာမှာ နောက်သို့ လွင့်စဉ်လန်ကျသွားသော်လည်း သူကသတိရစွာ ခါးကိုကိုင်ပြီး ပြန်လည်ခုခံရန် ကြိုးစားလိုက်သေး၏။ သို့ရာတွင် သူ့ထက် ပိုမိုလျင်မြန်လှသော ဝန်းလ က ထိုခါးကိုင်လက်အား ခြေဝါး ပြန်လှည့် ခေါက်ထည့်လိုက်ပြန်ပါသည်။

'ဖောင်း'

'အား'

တိတ်လျှောင်ခါးမှာ အဝေးသို့ လွင့်စဉ်သွားသည်နှင့်အတူ သူ၏လက်မှ ဆုပ်ကိုင်ထားသည့် ဒေါင်းကြေးငွေများမှာလည်း ဝန်းလ၏လက်ထဲသို့ ရုတ်ခြည်း ပြောင်းရွှေ့ရောက်ရှိသွားလေသည်။

'ဟဲ....ဟဲ....သူခိုးလက်က သူဝှက်လုသလိုပေါ့ဗျာ'

ဓားနက်ဝန်းလီက လောင်းကြေးငွေများကို ထက်ဝက်ခွဲခြမ်းပု လိုက်ပြီး ပြော၏။

တိတ်လျောင်ကမူ ညည်းသံမျှ မတုံ့ပြန်ဝံ့ဘဲ ဝန်းလီအား တိတ်ဆိတ်စွာ မော့ကြည့်နေ၏။

ပရိသတ်များက သူတို့နှစ်ဦးအနီးသို့ စိုင်းစုလာကြ၏။ ထိုအထဲ၌ ဝမ်ယုလည်း ပါလာသည်။ ဝမ်ယုကညာဘက်လက်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ထားရင်း ဖြစ်သည်။ ထိုလက်၌ တိတ်လျောင်၏ နောက်လိုက် ဝါးရင်းတုတ်သမား၏ ရိုက်ချက်ဒဏ်ရာက အထိမခံနိုင်အောင် နာကျင်နေခဲ့သည်။

'မတရားမှုတွေကို ကြည့်မနေတတ်တဲ့ ကျုပ်နဲ့လာတွေ့တာ ခင်ဗျား ကံဆိုးတာပဲဗျ နော်'

ဝန်းလီက ပြောင်ချော်ချော် မျက်နှာပေးနှင့်ပြောလိုက်သဖြင့်....

'ငါ....ငါက ဘာတွေမတရားလုပ်လို့လဲ'

တိတ်လျောင်က ထစ်ထစ်ငေါ့ငေါ့ဖြင့် တုံ့ပြန်သည်။

'ဟား ဟား ဟား ဘာတွေ မတရားလုပ်သလဲဟုတ်လား၊ ကျင်စ္စီရှုံးရင် ခင်ဗျားလောင်းကြေးတွေ အကုန်လျော်ရမယ်၊ ဒါကို မလုပ်ချင်ဘူး၊ အနိုင်ရခါနီးတောဟိုက ငါ့ညီကိုမတရားသက်သက် စွပ်စွဲပြီး ခင်ဗျားလူက ဝါးရင်းတုတ်နဲ့ ဝင်ရိုက်တယ်၊ ပွဲကိုဖျက်ပစ်တယ်၊ ခင်ဗျားက ငွေအကုန်ယူပြေးတယ်၊ ဒါတွေဟာ မတရားမှုမဟုတ်လို့ ဘာတွေလဲ'

ဝန်းလီက ပြောပြောဆိုဆို သူ့မေးနှင့် ခုတ်ဖြတ်လိုက်၍ လွင့်စဉ်ကျနေသော ဝါးရင်းတုတ် ပိုင်းကို ခြေဖြင့်ကော်



ပြီး ဝမ်ယုထံ ကန်ပေးလိုက်ရာ ဝမ်ယုက လျင်မြန်စွာဖမ်းလိုက်ကာ သူ့အား လှမ်းကြည့်သည်။

'ကဲ....ငါ့ညီ၊ ခင်းကို မတရားအနိုင်ကျင့်ပြီး ဗိုလ်ကျခဲ့တဲ့ ဒီလူကြီးကို ဘယ်လို တုံ့ပြန်လက်စားချေမယ်ဆိုတာ ငါ ပြောနေဖို့ လိုသေးလားကွ'

ဝမ်ယုက ဝန်းလီ၏ စကားအား နားလည်သဘောပေါက်သွား၏။ သူက ဝဲလက်ဖြင့် ဝါးရင်းတုတ်အား ဆကိုင်လိုက်ပြီး ဒိုင်လုပ်သူ တိတ်လျောင်၏ လက်အား ပြင်းထန်စွာ လွှဲရိုက်ချလိုက်ပါသည်။

'ဖြောင်း'

'အ အ'

'ဟား ဟား ဟား'

တိတ်လျောင်၏ ဘယ်ဘက်လက်မောင်းမှာ သွင်သွင်ကျိုးသွားပြီး တွဲလောင်းကြီး ဖြစ်သွားရှာသည်။ မျက်နှာမှာ နာကျင်လွန်း၍ မျက်နှာကြီးရှုံ့မဲ့ကာ ဝေဒနာ ခံစားနေရသည်။ နှုတ်လည်း တကျွတ်ကျွတ်နှင့် စုတ်သပ်ညည်းညူနေရှာသည်။

ဝန်းလီကတော့ တိတ်လျောင်၏ အမူအရာများကို ကြည့်ရှုလျက် ကျေနပ်အားရစွာ အော်ဟစ် ရယ်မောနေလေသည်။

'ဟေး ဟေး ဟေး'

ပရိသတ်အချို့ကလည်း ထိုအဖြစ်အား သဘောကျ နှစ်ခြိုက်စွာ ကောင်းချီးကြဘာပေးပြီး အော်ဟစ်အားပေးကြကုန်၏။

'သာရားသော တို့ပြန်မှပါပဲ လူကြီးမင်းရယ်၊ ခင်ဗျားက သူ့ရဲ့ အနိုင်ရမှုကို ဖျက်ဆီးနှောင့်ယှက်ချင်တာနဲ့ သူ့လက် မောင်းကို ဝါးရင်းတုတ်နဲ့ ရိုက်နှက်ခိုင်းခဲ့တာပဲလေ'

တိတ်လျှောင်က ဝန်းလအား မှုန်းတီး နာကြည်းမှုများ နှင့် မော့ကြည့်သည်။

'ခင်း....မင်းနဲ့ ဘာဆိုင်လဲ'

တိတ်လျှောင်နှုတ်မှ မခံချပ်နိုင်စွာ တစ်လုံးချင်းထွက်ပေါ် လာသည်

'ဟား ဟား ဟား မသာရားမှုကို ဘယ်တော့မှ လက်ပိုက် ကြည့်မနေနိုင်တဲ့ ဓားနက်ဝန်းလ ဆိုတာ ကျုပ်ပဲ၊ မတရား အနိုင်ကျင့်သူတွေရှင်သုံးမဖက်ပေးလေ့ရှိတဲ့ တောင်ဗျူဇီတော့ ကျုပ်တာင်ကာလဲခင်ဗျားကို အပြစ်ပေးရမယ့် တာဝန်ရှိသေး တယ် ဟဲ ဟဲ'

ဝန်းလ၏ စကားကြောင့် တိတ်လျှောင်မှာမျက်လုံးများ မြူးကျယ်သွားရပြန်သည်။

'ဟုတ်တယ် ဟုတ်တယ်၊ ကျုပ်တို့ လောင်းကြေးတွေကို မလျော်တဲ့လူကြီး၊ သူ့ကို ဒဏ်ခတ်ပါ'

'မှန်တယ် မှန်တယ်'

ပရိသတ်အချို့က အော်ဟစ်တောင်းခံကြပြန်လေ ဝန်းလ၏ မဟူရာဓားနက်ကြီးမှာ ရုတ်ခနဲ မြောက်တက်သွားပြီး တိတ်လျှောင်၏ ဝဲဘက်လက်မောင်းအား ဝှီးခနဲ နေအောင် ခုတ်ဖြတ်သွားလေတော့သည်။

'အ အ အ'



တိတ်လျှောင်၏ ဝဲလက်ပိုင်းမှာ တိခနဲ ပြတ်ထွက်လာခဲ့၍ သွားလေရာ လွှေးများကား ... ဒလဟော ရေတံလျှောက် နှယ် စီး ကျဆင်းလာလေ၏။

တိတ်လျှောင်ကြီးကား ဝဲဘက်သို့ ယိမ်းယိုင် မှိုလဲကျသွား တော့သည်။

* * *

'ဟာ'

'အို'

စောစောက တိတ်လျှောင်အား အပြစ်ပေးရန်တောင်းဆို သည့် ပရိသတ်များပင် ထိတ်လန့်တုန်လှုပ်ကုန်ကြကာ ကြေည့် ဝံ့ဘဲ မျက်နှာများကို တစ်ဖက်သို့လွှဲကုန်ကြလေသည်။

'ကဲ.... အခုမှပဲ ချက်ညီသွားပြီပေါ့ဗျာ၊ နောက်တစ်ခါ ဓားမကိုင်နိုင်အောင် လောင်းကြေးတွေလဲမကိုင်နိုင်အောင်လုပ် ပေးလိုက်တာပဲ၊ ဟဲဟဲဟဲ'

ဓားနက်ဝန်းလက မည်သို့မျှ မခံစားရသော မျက်နှာ အမူအရာနှင့် ပြောလိုက်သဖြင့် ပရိသတ်မှာ သူ့အား အံ့ဩ သော အကြည့်များဖြင့် ကြည့်ရှုကြကုန်သည်။

တကယ်တော့ ခါးနက်ဝန်းလဲ၏ မျက်နှာသွင်ပြင်မှာ ယောကျ်ားပီသ၍ ချောမောပြေပြစ်သော ဥပဓိရုပ်ရှိလေသူ တစ်ဦးသာ ဖြစ်သည်။

သေရည်ကိုခုံမင်ပြီး ဘဝကို ဖြစ်သလိုနေထိုင်သွားလာနေတတ်သူဖြစ်၍ ညှဉ်းသိုးသိုးဖြင့် အကြည့်ရဆိုးနေခြင်းပင် ဖြစ်သည်။

'ဗျို့....ဟောဒီမှာ ခင်ဗျားတို့ရဲ့ မတရားအနိုင်ကျင့်ခံထားရတဲ့ငွေတွေ ပြန်ယူကြ၊ အဲ....အဲ.... ကျုပ် သေရည်လေးသောက်မျိုဖို့တော့ အနည်းအပါးယူထားရလိမ့်မယ်၊ ဒါကို ကျေနပ်ကြရဲ့လား'

သူက အနီး၌ရှိသော ဝမ်ယု၏လက်ထဲသို့ လောင်းကြေးငွေစများကိုလှမ်းပေးရင်း တစ်ဖက်က အရက်ဖိုးယူထားသည့် ငွေအနည်းငယ်ကိုလည်း လက်မြှောက် ထောင်ပြလိုက်သည်။

'ကျေ....ကျေနပ်ပါတယ်ဗျာ၊ယူ....ယူပါ ကြိုက်သလောက် ယူပါ'

လူတစ်ဦးက ကျေနပ်ကြောက်ရွံ့စွာ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြော၏။

'ဟဲဟဲ....ကျေနပ်တော့ကောင်းတာပေါ့လေ၊ ဒါပေမယ့် မကျေနပ်လဲ ကျုပ်ကယူသွားရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အရက်သောက်စရာ ကျုပ်မှာ တစ်ပြားတစ်ချပ်မှမရှိတော့ဘူးဗျာ၊ အမူးလဲပြေသွားပြီလေဗျာ'



တိတ်ငြေျာင်စွာ ဒေသွးအိုင် ထဲဝယ် မြင်မကောင်း၊ လောင်းကစားပရိသတ်များက သူတို့ငွေများအား ပြန်လည်ခွဲဝေယူနေကြသည်။

ခါးနက်ဝန်းလဲမှာ သူ့အား လူများ၏အကြည့်လွတ်သွားသည်နှင့် ထိုနေရာမှ ရုတ်ခနဲ ပျောက်ကွယ်သွားပါလေတော့သည်။

( ၄ )

## ရွှေကင်းမြီးကောက်

ရွှေရောင်အဆင်းရှိသော ကင်းမြီးကောက်အရုပ်သဏ္ဍာန် ခရေးခြယ်ထားသည့် အနီရောင်အလံလေးများ လေအခတ်ဝယ် တဖျပ်ဖျပ်လွင့်နေလေသည်။

အလံတိုင်မှာ ကျယ်ဝန်းသောခြံကြီး၏ အလယ်ကောင် တည့်တည့်ဝယ် စိုက်ထူထားသဖြင့် ခြံဝမှဝင်လာသည့် လမ်း လေးမှာ ထိုအလံတိုင်ရှိရာသို့ ဦးတည်နေ၏။

ထိုအလံတိုင်ရှိရာ ခြံဝင်း၏အလယ်ဗဟိုမှ ဘေး နှစ်ဖက် နှစ်ရပ်သို့ လည်းကောင်း၊ အလံတိုင်၏နောက်ဘက်သို့ လည်း ကောင်း လမ်းများခွဲသွားနိုင်ကြပြန်သည်။

ထိုအလံတိုင်ဗဟိုမှ နောက်တည့်တည့်ဝယ် စုလစ်မွမ်းချွန် ပြာသာဒ်များနှင့် အနီရောင်အိမ်ကြီးတစ်လုံး ရှိလေသည်။

အလံတိုင်အောက်ဘက် လမ်းအဆုံး၌မူ ကုန်စည်များ ထားသိုနိုင်သော ဂိုဒေါင်အဆောက်အအုံများရှိ၏။ ယာဘက်၌မူ မြင်းရထားလှည်းများ၊ ကုန်တင်မြင်းများ၊ ကျွဲ၊ နွားများ စသည်ဖြင့် နားနေတင်ဆောင်နိုင်သည့် မြေကွက်လပ်နှင့် ကုန်တင် တိရစ္ဆာန်များ အဆောင်ရှိ၏။

ခြံဝင်းကြီးကား ကျယ်ဝန်းလှပေသည်။ ခြံပေါက်ဝတွင် ရွှေစာလုံးကြီးဖြင့် ရေးသားထားသော 'ရွှေကင်းမြီးကောက် အာမခံသယ်ယူပို့ဆောင်ရေးလုပ်ငန်း' ဟူသည့် ဆိုင်းဘုတ်ကြီး များ ခံ့ညားထည်ဝါစွာတင်ရှိထား၏။

ထို ရွှေကင်းမြီးကောက် အာမခံ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဝင်းကြီး၌ နံနက်ခင်းမိုးလင်းပြီဆိုသည်နှင့် သယ်ပို့ ပေးရမည့် ကုန်စည်ပစ္စည်းများထမ်းပိုးကြမည့် အလုပ်သမား များ၊ ခရီးသည်များ၊ တင်ဆောင်သွားကြမည့် မြင်းရထား၊ လှည်း၊ လား၊ နွား၊ ကျွဲ စသည့် တိရစ္ဆာန်များနှင့် ဝင်ထွက် သွားလာလှုပ်ရှားနေသည်မှာ နေ့စဉ်ပင်ဖြစ်၏။ တစ်နေ့လုံး တစ်ညလုံး လူသူမပြတ် စည်ကားနေတတ်၏။

ညဉ့်နက်သန်းခေါင်ချိန်တွင်လည်း ပစ္စည်းများရောက်လာ တတ်သကဲ့သို့ ထွက်ခွာသွားသည်များလည်း ရှိကြ၏။

လုပ်ငန်းကို အထူး တိကျသေချာစွာ အာမခံကတိပေးပြီး ဆောင်ရွက်သဖြင့် ကုန်စည်ပို့ဆောင်သော ကုန်သည်များ၊ ခရီးသွား များနှင့် လုပ်ငန်းရှင်များမှာ ကျေနပ်နှစ်ခြိုက်မှု



ရှိကြ၍ ရွှေကင်းမြီးကောက်အာမခံလုပ်ငန်းဆိုသည့် နာမည် မှာ ကောင်းသတင်းများဖြင့် ရှန်ယန်မြို့တွင်သာမက တရုတ် ပြည် တစ်ပြည်လုံးသို့တိုင် ထင်ရှားကျော်ကြားနေခဲ့၏။

ပစ္စည်းများ ပျောက်ရှခြင်း၊ ပျက်စီးခြင်းများအား တန်ရာ တန်ဖိုး ပေးလျော်သည်ဖြင့် လမ်းခရီး၌ သူခိုး ဓားပြများမှ လည်း လုံခြုံမှုရှိစေရန် ရွှေကင်းမြီးကောက်၏ လုံခြုံရေး ဓား သမားများ၊ သိုင်းသမားများအား လိုက်ပါစောင့်ရှောက် စေသဖြင့် ပစ္စည်းရှင်များက ကျေနပ်ကြလေသည်။

ထို့ကြောင့် ရွှေကင်းမြီးကောက် အာမခံသယ်ယူပို့ဆောင် ရေး လုပ်ငန်းသည် ရှန်ယန်မြို့သေးတွင် အအောင်မြင်ဆုံး သော လုပ်ငန်းကြီးများတွင် အပါအဝင်ဖြစ်သကဲ့သို့ တရုတ် ပြည် တစ်ဝှမ်းလုံး၌လည်း စီးပွားရေးအရ ထိုးတက် အဖွံ့ဖြိုး ဆုံးသော လုပ်ငန်းကြီးတစ်ခု ဖြစ်နေခဲ့လေသည်။

ခမ်းနားထည်ဝါလှသော အနီရောင်စံအိမ်ကြီးဝယ် နေထိုင် သည့် ဖူကွမ်ပေါင်မှာ ရွှေကင်းမြီးကောက်လုပ်ငန်း၏ အရှင် သခင်ကြီးပင် ဖြစ်ပါသည်။

ဖြူဖြူဝဝနှင့် လူ့ခန္ဓာကြီး ထွားကျိုင်းလှသော ဖူကွမ် ပေါင်သည် သူ၏ ထူးခြားလှသော မျက်ခုံးမွေးရှည်ရှည် နက် နက်နှင့် နှုတ်ခမ်းမွေးရှည်လျားတို့မှာ ဝဖီးသော မျက်နှာကြီး ဝယ် အထင်းသား ပေါ်လွင်နေလေသည်။

စီးပွားရေးသမားတစ်ဦးဖြစ်၍ သူ၏မျက်နှာမှာ ထာဝစဉ် ချိုပြုံးဖော်ရွေသော အမူအရာရှိလေသည်။ လုပ်ငန်းရှင်များ

နှင့် မြို့၏ဂုဏ်သရေရှိ လူကြီးလူကောင်းများ၏ မိတ်ကောင်းဆွေကောင်း တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံရသူ ဖြစ်၏။

မည်သို့ဖြစ်စေ ဖူကွမ်ပေါင်မှာ တစ်ချိန်က သိုင်းလောကဝယ် ကျော်ကြားထင်ရှားခဲ့သော သိုင်းသမားကောင်းတစ်ဦး ဖြစ်လေရာ ယခုလိုအချိန်ကာလဝယ် သိုင်းဆရာကြီးတစ်ဦး အဖြစ် ကြည်ညိုခံရဆဲ ပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပေသည်။

စီးပွားရေးအရ ဥစ္စာဓနများပေါကြွယ်ဝသည့် အောင်မြင်သော လူကြီးလူကောင်းတစ်ဦး ဖြစ်သည့်နှယ် လက်ရုံးရည်အရလည်း မည်သည့် လူဆိုးလူကောင်းများမှ စော်ကားခြင်းကို ခံရသူမဟုတ်ချေ။

သိုင်းဆရာကြီး ဖူကွမ်ပေါင်ဆိုလျှင် အနက်ရောင် သိုင်းသမားများမှအစ ရှောင်ရှားကြကုန်၏။

ယခုတိုင် သူ၏ ထွားကျိုင်းဝဖိုးသော ခန္ဓာကိုယ်ကြီးနှင့် သာမန် သိုင်းသမားအဆင့် လေးငါး ဆယ်ယောက်အား အချိန်မရွေး တိုက်ခိုက်နိုင်စွမ်းရှိသေး၏။

ဤသို့ ဝက်ကြီးတစ်ကောင်နှယ် ဝဖိုးသော ဖူကွမ်ပေါင်အား သူ၏ အောင်မြင်သော လုပ်ငန်းအမှတ်တံဆိပ် ဖြစ်သည့် ရွှေကင်းမြီးကောက်အား အစွဲပြုလျက် သူ၏နာမည်ရှေ့မှာ ရွှေကင်းမြီးကောက်ကို ထည့်ဆိုခေါ်ဝေါ်လေ့ ရှိကြလေသည်။

သို့ဖြင့် သူ၏အမည်မှာ စီးပွားရေး၊ အုပ်ချုပ်ရေး အသိုင်းအဝန်း၌ 'ရွှေကင်းမြီးကောက် ဖူကွမ်ပေါင်'ဟု ခေါ်ဆို



သမုတ်ကြသလို သိုင်းလောကတွင်သည်း ရွှေကင်းမြီးကောက်ကြီး ဖူကွမ်ပေါင်ဟူ၍ အသိအမှတ်ပြုကြကုန်သည်။

သူ၏ မျက်ခုံးမွှေး၊ နှုတ်ခမ်းမွှေး ရှည်လျားတို့နှင့် ဝဖောင်းသော မျက်နှာအကျည်းတန်ကြီးနှင့် ဖူကွမ်ပေါင်တွင် အလွန်မှပင် ပြေပြစ်ချောမောလှပသည့် သမီးတစ်ဦး ရှိလေသည်။

ထိုမိန်းကလေး၏အမည်မှာ ဖူယန်ဟုခေါ်ကြ၍ ရိုးသားဖြူစင်သည့် နုံဖပ်သိမ်မွေ့သော သူကလေးဖြစ်သည်။

ဖခင် သိုင်းဆရာကြီး၏ သမီးတစ်ဦးဖြစ်သော်လည်း သိုင်းဝါသနာကို လုံးဝမပါသောကြောင့် အရွယ်ရောက်လာသည်အထိ သိုင်းပညာကို ရှောင်ကြဉ်ခဲ့သူလေးတစ်ဦးသာ ဖြစ်လေသည်။

တစ်ဦးတည်းသောသမီးလေးဖြစ်၍ ဖူကွမ်ပေါင်မှာ ဖူယန်အား အသက်လောက်ချစ်ခင်၏။

ထို့အတူ ဖူယန်ကလည်း ဖခင်ဖြစ်သူအား အသက်နှင့်ထပ်တူ ချစ်ရှာခဲ့၏။

သားအဖနှစ်ဦး၏ ချစ်ခြင်းမေတ္တာမှာ အပါးမှ မြင်ရတွေ့ရသူ လူများပင် ကြည်နူး ပီတိဖြစ်ကြရသည်။

သမီး အလိုဆန္ဒဟူသမျှ ဖြည့်ဆည်းပေးရန် အိမ်ဂေဟာ၌ အမှုထမ်းများအား မှာကြား အမိန့်ထုတ်ထားခဲ့၏။

သမီး အငြိုအငြင်ခံရသူ အမှုထမ်းအားလည်း အရေးယူ အပြစ်ပေးတတ်၍ မည်သူမှ ဖူယန်အလိုနှင့် ဆန့်ကျင်ပြုမူပြောဆိုခြင်း မဝံ့ကြပါပေ။

၆

ဖူယံန် ကိုယ်တိုင်ကပင် စိတ်သဘောထား ဖြူစင်လှသည့် မိန်းကလေးတစ်ဦးဖြစ်လေရာ သူမ၏ စိတ်ဆိုး စိတ်ကောက်ခံရသော အမှုထမ်းမှာ အလုပ်ပြုတ်လျှင်ပြုတ်၊ မပြုတ်လျှင် လုပ်ခလကို ဖြတ်တောက်ခြင်းခံရမည်မှာ မုချဖြစ်၍ သူမ၏ အခြွေအရံ အမှုထမ်းများကို ထိန်းကိုက်နစ်နာမည့် စိုးရိမ်သဖြင့် စိတ်မဆိုးရဲ စိတ်မကောက်ရဲတဲ့ အခင်အမြဲ လိုက်လျောကြသည့်ဖြူစွာ ဆက်ဆံလေ့ရှိရှာသည်။

ထို့ကြောင့် ရွှေအင်းမြို့ကောက် အလုပ်သမား အမှုထမ်းများမှာ သခင်ကြီး ဖူကွမ်ပေါင်အား ကြောက်ရွံ့ ပျပ်ဝပ်ကြသလောက် သခင်မလေး ဖူယံန်ကိုမူ လူတိုင်း ချစ်ခင်တွယ်တာကြလေသည်။

( ၇ )

ထူးဆန်းသော သေတ္တာနီ

တစ်နေ့၌....

ရွှေကင်းမြို့ကောက် အာမခံသယ်ယူပို့ဆောင်ရေးဝင်းကြီးထဲသို့ မြင်းသုံးစီးနှင့် လူရှုယ်သုံးဦး ရောက်ရှိလာ၏။ ရှေ့ဆုံးမှလူရှုယ်လက်ထဲဝယ် သေတ္တာငယ်အနီရောင်လေးအား ရင်တွင်ပိုက်ထား ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

လူရှုယ်မှာ ဓားကို ကျောတွင်လွယ်၍ ကားသကဲ့သို့ သူ၏နောက်လိုက်နှစ်ဦးမှာလည်း ခါးဝယ် ဓားကိုယ်စီချိတ်ဆွဲထားကြ၏။

သူတို့သုံးဦးက မြင်းကိုစိုင်းနှင် ဝင်လာကြလေသည်။ ရွှေကင်းမြို့ကောက်အလ ကိုင်အောက် ရောက်သောအခါ၌ မည်သည့်လမ်းဘက်သို့ လိုက်ရမည်မသိဘဲ ဘယ်ညာကို လှည့်ကြည့်ကာ ဝေခွဲမရသည့်အမူအရာနှင့် ခေတ္တ တွေဝေသွားခဲ့၏။

ထို့နောက် ယာဘက်၌ လူများနှင့် ကုန်တင်တိရစ္ဆာန်များကို တွေ့ရှိရသဖြင့် ရွှေ့ဆုံးမှုလူငယ်က ထိုလမ်းကို ရွေးချယ်လျက် မြင်းကို စီးနှင်ဦးဆောင်သွားတော့သည်၊ သူ၏နောက်မှ ဓားသမားနှစ်ဦးကလည်း ထက်ကြပ်လိုက်ပါသွားလေသည်။

ထိုကွက်လပ်တွင် တွေ့ရှိရသော အလုပ်သမားတစ်ဦးအား ရွှေ့ဆုံးမှုလူငယ်က မြင်းပေါ်မှ လှမ်းမေးလိုက်သည်။

'ဇျို့နောင်ကြီး၊ ကျုပ်တို့ ကုန်ပစ္စည်း အပ်ချင်လို့'

'ဟောဟိုမှာလေ မြင်းဇောင်းနားက အခန်းပဲ၊ အဲဒီမှာ တာဝန်ခံရှိတယ်'

သို့နှင့် တာဝန်ခံအခန်းဆီသို့ သူတို့ ရောက်ရှိသွားကြသည်။ တာဝန်ခံဆိုသူမှာ အသက် ငါးဆယ်အရွယ်ခန့်ရှိ မွန်မွန်ရည်ရည် လူကြီးတစ်ဦး ဖြစ်သည်။

သူတို့အား တွေ့ရှိလိုက်သည်နှင့် ပြုံးရွှင်စွာ ဆီးကြိုနှုတ်ဆက်၏။

'ဟော လာကြဗျို့ ပစ္စည်းအပ်နှံမလို့နဲ့ တူတယ်'

လူငယ်က လက်ထဲမှ သေတ္တာနီလေးအား တာဝန်ခံရှေ့၌ ချလိုက်ပြီး....

'ဟုတ်ပါတယ်ခင်ဗျာ'



'ခြော်....ခြော် ရှိပါတယ်၊ ဒီပစ္စည်းလေးက ပေါ့ပေါ့ပါးပါးဆိုတော့ ပို့ဆောင်ခကြေးငွေက သိပ်မများပါဘူး'

'ဒါတင် မဟုတ်ဘူးခင်ဗျ'

လူငယ်က ထပ်မံပြောဆိုလိုက်သဖြင့် တာဝန်ခံလူကြီးမှာ....

'ဟုတ်ကဲ့ ပစ္စည်းတွေက ထပ်လာဦးမယ် ထင်ပါရဲ့'

'ဟင့်အင်း....မလာတော့ပါဘူး'

လူကြီးမှာ မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ....

'ဒါဖြင့် ဘာပစ္စည်းများ အပ်ပြီး အပ်နှံမှာလဲကွယ့်'

လူငယ်က သူ့နောက်လိုက် နှစ်ဦးဘက်သို့ လှည့်စောင်းကြည့်ပြီး....

'ထပ်မံအပ်နှံမယ့် ပစ္စည်းကတော့ ဟောဒီလူနှစ်ယောက်အပါအဝင် ကျွန်တော်ကိုယ်တိုင်ပါပဲ ဦး'

'ဟော....'

လူငယ်စကား ကြားလိုက်ရသော တာဝန်ခံလူကြီးမှာ ပါးစပ်ကြီး အဟောင်းသားဖြစ်ကာ လူငယ်များအား အံ့ဩထူးဆန်းစွာ ပြူးကြည့်၏။

'ဒီလိုပါဦးရယ်၊ ဟောဒီအရေးကြီးတဲ့ သေတ္တာလေးကို ကျွန်တော်တို့ အမှူ ိင်ဆိပ်ကမ်းမြို့ကို ယူဆောင်သွားချင်ပါတယ်၊ကော်တာက ဒီသေတ္တာချည်းပဲလဲ ဦးတို့ ပို့ဆ ထည့်ပေးလိုက်လို့ မဖြစ်ပါဘူး၊ ကာ တည်းလိုက်ပါသွားမှ ဖြစ်မယ်ခင်ဗျာ တို့တွေကိုပါ တင် ခါတည်း ရွှေကင်

လုပ်ငန်းမှာ အပ်နှံထားပါပဲ၊ ဘာဖြစ်ကိုလဲဆိုတော့ ဒီသေတ္တာလေးကြောင့် ကျွန်တော်တို့ကိုယ်တိုင် အန္တရာယ် ကျရောက်နိုင်လို့ပါခင်ဗျာ'

တာဝန်ခံလူကြီးမှာ မျက်မှောင်ကြီးကြုတ်ပြီး လူငယ်၏ စကားအား စဉ်းစားနေ၏။

'အင်း... မောင်ရင်ပြောတဲ့အတိုင်း ဆိုရင်တော့ ကျုပ်တို့က လုံခြုံရေးအတွက် တာဝန်ယူပေးရမယ်ဆိုတဲ့ သဘောပေါ့'

'ဟုတ်ပါတယ်'

'ဒါပေမယ့် ဘယ်အနေအထားအထိ တာဝန်ယူ စောင့်ရှောက်ပေးရမယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောကြားဖို့တော့ လိုမယ်ထင်တယ် သူငယ်ရဲ့၊ ဒါမှလဲ ဦးတို့ဘက်က လုံခြုံရေးအတွက် ဘယ်အဆင့် ဓားသမားများကို ထည့်ပေးလိုက်ရမယ်ဆိုတာ ဆုံးဖြတ်နိုင်မှာကွယ့်'

တာဝန်ခံလူကြီးက လူငယ်၏မျက်နှာအား စေ့စေ့စပ်စပ် အကဲခတ်လျက် ပြောကြားလိုက်သဖြင့် လူငယ်မှာ ခေတ္တခေတ္တ မဝ ငေးမော သွားရ၏။

တာဝန်ခံလူကြီးမှာ လူငယ်လာရောက် အပ်နှံသောပစ္စည်းကို မည်သည့်ပစ္စည်းဖြစ်ကြောင်း သိလို၍ တစ်ဖက်လှည့် ဘွယ် စိတ်ကွေ့မေးမြန်းလိုက်ခြင်းသာ ဖြစ်၏။

'တော်၏ အမှုအရာမှာ ပစ္စည်းကိုလည်း ဖွင့်ဟပြောကြား

လူငယ်က လက်ထပ်လည်း တိတိကျကျ စိတ်ချရအောင် ချလိုက်ပြီး.... ဥာဥ် မဝခွဲဆုံးဖြတ်၍မရဘဲ ငေးငိုင်

ဟုတ်ပါတယ်ခင်၊



တကယ်တော့ လူငယ်မှာ ရှန်ယန်မြို့လေးနှင့် များစွာ ခရီးတာမကွာလှမ်းလှသော 'အင်ဝိုး'ဆိုသော ရွာငယ်လေး တစ်ရွာမှ သိုင်းဆရာကြီး ဟန်ယူ၏ သားတစ်ဦးသာ ဖြစ်သည်။

၂၁၄၉၉

( ၆ )

နောက်လိုက် ဓားသမား နှစ်ဦးမှာမူ သိုင်းဆရာကြီး၏ တပည့်နှစ်ဦး ဖြစ်၏၊

ဆရာကြီးဟန်ယူက သားနှင့် တပည့်ဖြစ်သူများအား သူ့အနှစ်နှစ်ဆယ်လလက သိမ်းဆည်းသိုဝှက်ထားသော မြေပုံကားချပ် တစ်ချပ်အား အမှူ့ဝင်မြို့သို့ ဘေးမသီရန်မခ ပို့ဆောင်ခိုင်းလိုက်ခြင်းဖြစ်၏။

ထိုမြေပုံမှာ 'မိုးအောက်မြေပြင် သိုင်းဘုရင် ချင်ပိုး'၏ သိုင်းကျမ်းရှိရာအရပ်ကို ညွှန်ပြနိုင်သော မြေပုံသာ ဖြစ်၏။

ထိုမြေပုံကားချပ်အား အရှေ့ကျွန်းသခင်ကြီးထံရောက်ချ ရန် စီးတမ်းလှမ်းထားပြီး ဖြစ်သည်။

အရှေ့ကျွန်းသခင်ကြီးမှာ သိုင်းလောကတွင် ဝင်ဆံ့နိုင် အောင် ထို မိုးအောက်မြေပြင်သိုင်းဘုရင်ချင်ပိုး၏ သိုင်းကျမ်း ကို လိုလားနေသူ ဖြစ်၏။

သူက ထိုမြေပုံကားချပ်အား အဖိုးအခ မြောက်မြားစွာ ပေးပြီး ဝယ်ယူရန် ကမ်းလှမ်းခဲ့သဖြင့် သိုင်းဆရာကြီးဟန်ယူ က သဘောတူညီပြီး သားနှင့်တပည့်ဖြစ်သူအား မြေပုံကား ချပ်အား သေတ္တာနီလေးတွင်ထည့်သွင်းပြီး အမှုံ့ဝင်မြို့သို့ အပို့ လွှတ်လိုက်ခြင်း ဖြစ်သည်။

အမှုံ့ဝင်ဆိပ်ကမ်းမြို့မှ အရှေ့ကျွန်းသခင်ကြီး၏လူများက စောင့်ကြိုယူကြမည် ဖြစ်သည်။ ထိုအမှုံ့ဝင်မြို့၌ပင် ငွေများ နှင့် မြေပုံသေတ္တာနီလေးအား အလဲအလှယ်လုပ်ကြရန် ချိန်း ဆိုထားကြ၏။

အမှန်မှာ သိုင်းဆရာကြီး ဟန်ယူသည် ဤနေ့တိုင်သော အင်ဝိုးရွာလေးက သည်နှစ် မိုးခေါင်နေသဖြင့် ကောက်ပဲ သီးနှံများ မဖြစ်ထွန်းဘဲ စားရေးရိက္ခာများ ရှားပါးပြတ် လပ်ကာ ဝတ်မှတ်ခေါင်းပါးနေသည်ကို မကြည့်ရက်ဘဲ သူ၏ ဘဝတမျှ နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့သော ထို မြေပုံလေးအား ထုတ်ရောင်း၍ ရွာသူရွာသားများအား ကယ်ဆယ်ရန် ကြံဆောင်ခဲ့ခြင်း ဖြစ်သည်။



အရှေ့ကျွန်းသခင်ကြီးထံမှငွေများနှင့် အမှုံ့ဝင်မြို့ရှိ ဆား ဆေး ရိက္ခာများကို အင်ဝိုး ရွာလေးအတွက် ဝယ်ခြမ်း သယ် ဆောင်ခဲ့ရန် မှာကြားလိုက်သည်။

ထိုစားရေးရိက္ခာများကသာ အင်ဝိုးရွာသူရွာသားများ၏ အသက်ကို ကယ်တင်နိုင်မည် ဖြစ်ကြောင်းလည်း သားနှင့် တပည့်ဖြစ်သူတို့အား သေချာစွာမှာကြားခဲ့၏။

သူတို့သုံးဦး၏ လှုပ်ရှားဆောင်ရွက်မှုသည် အင်ဝိုးရွာကွင်း သေရေးရှင်ရေးတမျှ အရေးကြီးသည့်ဟု နားလည်သဘော ပေါက်အောင်ပြောကြားပြီး တာဝန်ပေးလိုက်ခြင်းသာ ဖြစ် သည်။

ထို့ကြောင့် လူဝယ်မှာ ဖခင်၏စကားများကို ပြန်လည် ကြားယောင်ပြီး ရွှေကင်းမြီးကောက်အာမခံလုပ်ငန်း တာဝန် ခံ လူကြီးအား ပြောသင့်မပြောသင့် ချင့်ချိန်နေခြင်းဖြစ်၏။

သူ့ စိုးရိမ်ပူပန်နေသည်မှာ အမှုံ့ဝင်မြို့မရောက်မီ အန္တရာယ် တစ်စုံတစ်ခု တွေ့ဆုံရင်ဆိုင်မိမည်ကိုပင် ဖြစ်၏။

တာဝန်ခံကြီးပြောကြားသည့်သို့ လုံခြုံရေးကောင်းကောင်း မှန်မှန်ရနိုင်ရန် သူ၏ သေတ္တာနီလေးအတွင်းမှ ပစ္စည်းအား အကြောင်းတော့ ပြောပြသင့်သည်ဟု ဆုံးဖြတ်လိုက်မိလေ သည်။

ကျွန်တော့် ဖခင်ကတော့ ဘယ်သူ့မှ မပြောမပြရဘူး မှာကြားလိုက်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် လက်တွေ့ အထားက ဆရာကြီးကိုပြောပြမှပဲ ကျွန်တော်တို့ရဲ့လုံခြုံ

အတွက် စိတ်ချနိုင်မှာဆိုတော့ တာဝန်ခံဆရာကြီးကို ဖွင့်ပြောပြရတော့မှာပဲ'

တာဝန်ခံလူကြီး၏မျက်နှာမှာ လူငယ်၏ စကားများကို ကြားလိုက်ရသော အခါ ဝင်းထိန်တောက်ပသွားတော့၏။

'စိတ်ချပါ သူငယ်၊ ဦးတို့လုပ်ငန်းက ပစ္စည်းအပ်သူပိုင်ရှင်ရဲ့ စိတ်ချမ်းသာ ကျေနပ်မှုကို ဦးစားပေး ဆောင်ရွက်ပါတယ်၊ ဘယ်လိုလျှို့ဝှက်ပစ္စည်းကိုပဲ ဖြစ်ဖြစ် မပေါက်ကြားအောင် နှုတ်လုံကြပါတယ်၊ ဒါကြောင့်လဲ ဦးတို့ရဲ့လုပ်ငန်းဟာ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်နေခဲ့တာ မောင်ရင်အသိပဲလေ'

တာဝန်ခံလူကြီး၏ စကားက လူငယ်အား မြေပုံလေး အကြောင်း ဖွင့်ပြောရန် တွန်းအားပေးလိုက်သည့်နှယ် ဖြစ်သွားလေသည်။

'ဒီလိုပါ ဒီပစ္စည်းက ကျွန်တော့်ဖခင်ရဲ့ နှစ်ပေါင်းများစွာ သိမ်းဆည်းထားရှိခဲ့တဲ့ အင်မတန်တန်ဖိုးရှိတဲ့ မိုးအောက်မြေပြင် သိုင်းဘုရင် ချင်ပိုးရဲ့ သိုင်းကျမ်း သိုဝှက်ထားရှိရာ အရပ်ကို ညွှန်ပြနိုင်တဲ့ မြေပုံလေးတစ်ချပ်ပါပဲ'

'ဪ...ဪ'

တာဝန်ခံလူကြီးမှာ စိတ်ထဲ၌ အလွန်မှပင်လှုပ်ရှားအံ့ဩသွားသော်လည်း မျက်နှာအမူအရာပေါ် ဝယ် လုံးဝမထူးခြားသည့်နှယ် ဪ....ဪ ဟုသာ ရေရွတ်ကာနေ၏။

'အနက်ရောင်သိုင်းသမားတွေ ရဲ့ ကျွန်တော်တို့အတွက် ကြေငြာ ဆုယ်ကျရောက်နိုင်လို့ ဖခင်ကြီးက စိုးရိမ်ပူပန်ပြီး လမ်းမှာ ဘယ်သူမှမသိစေချင်တာပါ ခင်ဗျာ'



'အေးလေ...ဟုတ်တာပေါ့၊ အန္တရာယ်ရှိနိုင်တာပေါ့၊ ဒါပေမယ့် ခုလို သိထားတော့ ဦးတို့ရဲ့ လုံခြုံရေး ဓားသမားတွေကို လက်ရွေးစင်များသာ ရွေးချယ် လွှတ်ပေးဖို့ ဆုံးဖြတ်နိုင်တာပေါ့ကွယ်'

'ကျေးဇူးပဲ ဦးရယ်'

လူငယ်က တာဝန်ခံလူကြီးအား ကျေးဇူးတင်ရှိကြောင်း တုံ့ပြန် ပြောကြားလိုက်သည်။

ရွှေကောင်းမြီးကောက် တာဝန်ခံကြီးမှာ ပြုံးရွှင်စွာဖြင့်....

'ကဲ...ကဲ မောင်ရင်တို့လဲ အနားယူဦးကွယ်၊ ခရီးပန်းလာကြတယ်မဟုတ်လား၊ဦးတို့ဘက်က သေသေချာချာတိတိကျကျ လက်ရွေးစင် လုံခြုံရေးသမားတွေကို ထည့်ပေးလိုက်ဖို့ ဓားသမားတွေကို ရွေးချယ် ဆွေးနွေးတိုင်ပင်လိုက်ဦးမယ်၊ ခရီးကတော့ မနက်ဖြန်မနက် စောစောမှပဲ ထွက်ကြတာပေါ့၊ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

'ဪ...ဒီပစ္စည်းလေးကိုရော မောင်ရင်တို့ပဲ သိမ်းထားမလား, ဦးတို့ သိမ်းဆည်းထားရမလား၊ကြိုက်သလိုလုပ်ပါနော်'

သေတ္တာငယ်လေးအား လက်ညှိုးထိုး ပြောလာသဖြင့် လူငယ်မှာ ခေတ္တတွေဝေသွားပြီး....

'ရပါတယ် ဦး၊ကျွန်တော်တို့ပဲ သိမ်းထားပါ့မယ်'

'အေး....အေး ကောင်းပါလေရဲ့ကွယ်'

တာဝန်ခံလူကြီးမှာ ဦးခေါင်းကို တညိတ်ညိတ်လုပ်ကာ ထွက်ခွာရန် လုပ်ပြီးမှ....

'အင်း....မေ့သွားတယ်ကွ၊ သူငယ်တို့ နားနေဖို့ ဒီအခန်းရဲ့နောက်ဘက်ကို သွားလိုက်၊ နားစရာ နေစရာတွေ တွေ့လိမ့်မယ်၊ အေးအေးဆေးဆေး နားနေကြကွယ်'

ထိုသို့ပြောပြီး တာဝန်ခံကြီးမှာ စံအိမ်နီကြီးဘက်သို့ အသုတ်ကရက် ထွက်ခွာသွားပါတော့သည်။

အမှတ် ၁၅ ၁၃၈၊ ဖြ ... 
ရုန်း ၂၀၇၄၄

( ၇ )

## စောင့်ကြိုနေသော အန္တရာယ်

ရွှေကင်းမြို့ကောက် အာမခံ ပို့ဆောင်ရေး လုပ်ငန်း တာဝန်ခံကြီးက လူငယ်နှင့် သေတ္တာနီလေးအား စောင့်ရှောက်ရန် လက်ရွေးစင်ဓားသမား လေးဦးအား လုံခြုံရေး အတွက် စီစဉ်ထည့်ပေးလိုက်သည်။

'မောင်ရင်က သေတ္တာနီလေးနဲ့ အလယ်ဗဟိုကနေ၊ မောင်ရင့် လူနှစ်ယောက်က ဝဲယာတစ်ဖက်တစ်ချက်လိုက်ပစေ၊ ဗြဲ ရွှေကင်းမြို့အကောက် လက်ရွေးစင်နှစ်ဦးက ရှေ့က ဦးဆောင်စီးနင်ကြ၊ နောက်နှစ်ဦးက နောက်ဆုံးက လိုက်ပါသွား၊ ဟုတ်

 ပလားဟေ့'

'ဟုတ်ကဲ့ပါ ဆရာကြီး'

လက်ရွေးစင် ခေါသမားတို့က ပြန်လည် ဖြေကြားလိုက် သကဲ့သို့ သူငယ်နှင့်သူ့လူနှစ်ဦးကသည်း ပြိုင်တူ တုံ့ပြန်လိုက် ကြပါသည်။

'စိတ်ချပါ ခင်ဗျားဒါလောက်ဆို ကျွန်တော်တို့ခရီးစဉ် အတွက် အားရှိသွားကြပါပြီ၊ တောင်ရဲ့ဘန်ရဲ့ အန္တရာယ်ဆိုလဲ ကျွန်တော်တို့ ရင်ဆိုင်ရဲကြပါတယ်'

'ဟဲ ဟဲ ဟဲ အန္တရာယ်အတွက် မစိုးရိမ်ပါနဲ့၊ တို့များ လက်ရွေးစင်ခေါသမားတွေ တာဝန်ထားလိုက်စမ်းပါ၊ လမ်းပေါ်က သူခိုးဂျပိုးတွေကို သူတို့အ ကြက်ကလေး ငှက်ကလေး တွေလို သုတ်သင်ပစ်လိုက်ကြမှာပါကွယ် ဟဲ ဟဲ'

ရွှေကင်းမြို့ကောက်တာဝန်ခံကြီး ကိုယ်တိုင်က ခြံဝင်း ဂိတ်ထိ လိုက်လံ ပို့ဆောင်ရင်း အားပေးလေသည်။

သို့ဖြင့် အမှိုင်ဆိပ်ကမ်းမြို့သို့ ထွက်ခွာမည့် လူစုမှာ တာဝန်ခံကြီးအား နှုတ်ဆက်လျက် အစီအစဉ်အတိုင်း မြင်း များကို ခသားကျ စီးနှင်း၍ ထွက်ခွာ သွားကြပါတော့ သည်။

ရွှေကင်းမြို့ကောက် တာဝန်ခံကြီးမှာမူ ခြံဝင်းဂိတ် ဝယ် တစ်ဦးတည်းပြုံးလျက် လက်ပြ ကျန်ရစ်ခဲ့လေတော့ သည်။

အမှိုင်သွား ခရီးသည် တစ်စုမှာ ရှန်ယန်မြို့မှ ထွက်ခွာ လာကြရာ မွန်းလွဲကျော်ကျော်ခန့်တွင် ခရီးကို စသင်ရာ တောင်ခြေတစ်ခုသို့ ဆိုက်ရောက်ခဲ့ကြသည်။



သူတို့ ဖြတ်ကျော်ရမည့်တောင်မှာ ရှန်ယန်မြို့မှ ကြည့်လျှင် ရေးရေးပျပျသာ မြင်နိုင်သော မုဆိုးမ တောင်ကြောပင် ဖြစ် သည်၊ တောင်ကြောက ခရီးလမ်း ကြမ်း ဖြစ်သည့်ပြင် လူဆိုး ဝရမ်းပြေးများ ခိုအောင်းရာ တောင်ကြောတစ်ခုသည်း ဖြစ် ၍ ခရီးသွားတို့ စိုးရိမ်ထိတ်လန့်ဘတ်သော နေရာဒေသတစ်ခု လည်း ဖြစ်ပါသည်။

'ဟော...မုဆိုးမတောင်ခြေကို ဝင်ရောက်လာကြပြီကွ၊ သတိ စီရိယလေ ထားကြနော်၊ မျက်စိဖွင့်နားစွင့် စီးနှင်ကြကွယ်'

ခရီးလမ်းပန်းကျွမ်းသော ရှေ့မှ ဦးဆောင်စီးနှင်းနေသည့် လက်ရွေးစင် ခေါသမားတို့၏ ခေါင်းဆောင်ဟု ထင်ရသော အသက်အရွယ် ကြီးရင့်ပုံရသည့် ခေါသမားကြီးက နောက်သို့ လှည့်၍ သတိပေးလိုက်၏။

'မျက်စိဖွင့် နားစွင့်ရုံတင် မဟုတ်ဘူးဗျို့၊ ခေါကိုပါ တစ် ခါတည်း ဝင့်ထားသဗျို့'

လူငယ်၏ နောက်လိုက်နှစ်ဦးအနက် တစ်ဦးက ခပ်မြူးမြူး ပြောင် ဖြေကြားလိုက်သဖြင့် ရှေ့မှ လက်ရွေးစင် ခေါသမား ကြီးက ...

'ဒါဆိုရင်တော့ ကောင်းသဗျ'

ဟု ပြန်လည်တုံ့ပြန်ပြီး မြင်းကို ရှေ့တူရှုသို့ ဆက်လက် စီးနှင်သွားလေသည်။

သူတို့လူစုသည်း ထိုလက်ရွေးစင် ခေါသမားကြီး သတိ ပေးခဲ့သည့်အတိုင်း လမ်း၏ ဝဲယာများကို ဝေ့ဝဲအကဲခတ် လျက် မြင်းများကို ဂရုစိုက် စီးနှင်လိုက်ပါသွားကြသည်။

မကြာမီ တောင်ကြားလမ်းတစ်ခုသို့ သူတို့လူစု ဖြတ်သန်းသွားကြရမည်ဖြစ်သည်။

လမ်း၏ ဝဲယာနှစ်ဖက်စလုံး၌ တောင်နံရံများ ကာဆီးထားလေ၏။ အတော်လေးလည်း မြင့်မားသောနံရံ ကျောက်သားများ ဖြစ်၏။

'ဟေး....ဟေး....ဟေး'

'ဟေး....ဟေး....ဟေး'

သူတို့လူစု ထိုလမ်းကြားလေးထဲသို့ ဝင်ရောက်လိုက်ကြသည်နှင့် ကြောသံပေး အော်ဟစ်လိုက်သံတို့က တောင်ကြားလမ်း တစ်လျှောက် ပဲ့တင်ထပ် ဆူညံသွားခဲ့လေသည်။

'ဟာ....ရန်သူ့ အသံတွေကွ'

လူငယ်က စိုးရိမ်ထိတ်လန့်ပြီး သေတ္တာနီလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်မိစဉ်မှာ သူတို့လူစုပေါ်သို့ ကျောက်တုံး ကျောက်စများ လိမ့်ဆင်းလာသည်ကို တွေ့ရှိရင်ဆိုင်ကြရလေသည်။

'ဝုန်း....ဝုန်း'

'အ....အား....အား'

ကျောက်ဘုံးကြီးများက မတ်စောက်မြင့်မားသော တောင်နံရံများပေါ်မှ လိမ့်ဆင်းလာပြီး သူတို့အား ထိမှန်ကြသလို တောင်ကြားလမ်းလေးအား တိုးထွက်ရန် ရှေ့သို့ပြေးသွားသော အခါ၌လည်း ထိုတောင်ကြားပေါက်ဝ လမ်းဝယ် ရန်သူများက ဆီးကြို့တိုက်ခိုက်နေသည်အား သူတို့လူစု ရင်ဆိုင်ရလေသည်။



ထို့ကြောင့် ထိုတောင်ကြားလမ်းမှ နောက်သို့ ပြန်ဆုတ်ကြပြန်သောအခါ၌လည်း နောက်ပေါက်ဝဝယ် ရန်သူ့အင်အား အလယ်ယောက်ခန့်က ပိတ်ဆို့ တိုက်ခိုက်ခြင်းနှင့် ဆုံနေရပြန်သည်။

( ၈ )

မည်သို့သော ရန်သူတို့က သူတို့အား စောင့်ကြိုတိုက်ခိုက်သည်မသိ၊ တိုက်ပွဲစလျှင်စချင်း လူငယ်၏ နောက်လိုက် ဓားသမား နှစ်ဦး၊ ခမျာ တောင်နံရံမှ ကျဆင်းလာသည့် ကျောက်တုံးကြီးများ ထိမှန်ကာ ပွဲချင်းပြီး သေဆုံးရလေသည်။

လူငယ်ကမူ ရင်ခွင်တွင်ပွေ့ပိုက်ကာ ယူဆောင်လာသည့် သေတ္တာနီလေးနှင့် ကျောက်တုံးများ ကျရောက်လာခြင်းအား ခုခံကာကွယ်နိုင်ခဲ့သည်။

သို့သော် ရန်သူတို့က ရှေ့မှတိုးဝင်လာသကဲ့သို့ နောက်မှလည်း ရှေ့ကို ထိုးဖောက်လာခဲ့ကြသည်။

လူငယ်ခမျာ တောင်ကြားလမ်းတွင်းဝယ် ဒိတ်မိနေခဲ့ရှာသည်။

'ထန်....ထန်....ထန်'

သူက လက်ထဲမှဓားဖြင့် ဓားချက်ပေါင်းများစွာကို ခုခံတားဆီးနေရ၏။ လက်ရှေးစဥ် ဓားသမားတို့အား မည်သို့ထိုးဖောက်သွားသည် မသိ၊ တောင်ကြားလမ်းဝယ် မည်သည့်လက်ရှေးစင် ဓားသမားတို့မှ ကျန်ရှိမနေ။

ခုခံ တိုက်ခိုက်နေရသူဆို၍ သူတစ်ဦးတည်းသာ ရှိနေခဲ့ရသည်၊ သူ့လူ ဓားသမားနှစ်ဦးမှာလည်း ဓားလွတ်များကိုပင် ထုတ်၍ သုံးစွဲခွင့် ရမသွားရှာကြပေ။ အသေဆိုးနှင့် သေဆုံးသွားရှာ၏။ သူ၏ ဓားတစ်လက်နှင့်သာ ရန်သူတစ်စုလုံးအား ပြန်လည် ခုခံနေရလေသည်။

'ဟေ့ကောင်....မသေချင်ရင် မင်းလက်ထဲက သေတ္တာကို ပေးစမ်း'

ရှေ့ဆုံးမှလူအား တိုက်ခိုက်နေသည့် ရန်သူ တစ်ဦးက ခြိမ်းခြောက် တောင်းဆိုနေသဖြင့် သူတို့တိုက်ခိုက်နေသည်မှာ သည်သေတ္တာနီကြောင့် ဖြစ်သည်မှာ ထင်ရှားနေလေသည်။

'မပေးဘူးကွ....အသေခံမယ်ဟေ့'

လူငယ်ကလည်း အညှို့မခံသည့်ပြင် ခြိမ်းခြောက်စကားဆိုသည့် ထိုရန်သူအား ဓားချက်နှစ်ချက် ဆက်တိုက် ပို့လွှတ်လိုက်၏။

'ဝှစ်....ဝှစ်'

'ထန်....ထန်'



ထိုရန်သူမှာ လျင်မြန်စွာ နောက်သို့ခုန်ဆုတ်၍ ဓားနှင့်ဆီးခံလိုက်၍သာ သေဘေးမှ လွတ်မြောက်သွားရလေသည်။ သို့သော်....

မျက်နှာ ညှိုး နီမြန်းပြီး စိတ်ဆိုးမာန်ဆိုးနှင့် အော်ဟစ်လိုက်၏။

'ဟေ့....ဒီကောင်ကို အသေတိုက်ကြစမ်း'

သူ၏ အမိန့်အတိုင်း ရန်သူ ရှေ့နောက် ဝိုင်းပိတ်လျက် လူငယ်ဓားသမားအား ပြင်းထန်စွာ တိုက်ခိုက်ကြတော့သည်။

'ဟေး ဟေး ဟေး'

'ဝိုင်းဟ ခုတ်ဟ သတ်ဟ'

ရန်သူတို့ကား ညာသံပေးပြီး တောင်ကြား လမ်းကျဥ်းလေးဝယ် ဓားချက်များ၊ ဓားသွားများ၊ ဓားရိပ်များဖြင့် အဆက်မပြတ် ထိုးခုတ်တိုက်ခိုက်ကြလေရာ မကြာမီပင်လူငယ်လေးခမျာ သူ၏ သေတ္တာနီလေးကို ကျစ်ကျစ်ပါအောင် ကိုင်စွဲ၍ ဓားချက်ဒဏ်ရာပေါင်း များစွာဖြင့် သူ့လူများ၊ အနီး၌ သွေးသံရဲရဲဖြင့် ပြောင်မြောက်စွာ လဲကျသွားရှာလေတော့၏။

ထိုအချိန်၌ တောင်ကြား လမ်းပေါက်ဝရှေ့၌ ဝတ်စုံနက်နှင့် လူတစ်ဦးက ပေါ်ထွက်လာလေသည်။

'ဟာ....ဓားနက် ဝန်းလီ'

'ဟုတ်ပါတယ် မိတ်ဆွေတို့၊ မတရားမှု အနိုင်ကျင့်မှုများကို လက်ပိုက်ကြည့်မနေနိုင်တဲ့ ဓားနက်ဝန်းလီဆိုတာ ကျုပ်ပါပဲ'

'ဟေ့...ခါးနက်မကလို ခါးဖြူ ဖြစ်ဖြစ်ကွာ၊ တိုက်စမ်း' သေတ္တာနီကို လက်မှကိုင်စွဲထားသည့် ခေါင်းဆောင်နှင့်တူသူက အမိန့်ပေးလိုက်၍ ခါးသမားများမှာ ခါးနက်ဝန်းလီအား စတင်တိုက်ခိုက်ကြတော့သည်။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'
'ထန် ထန် ထန် ထန်'

ရွှေဆုံးမှ ခါးသမားများ၏ ခါးချက်များအား ခါးနက်ဝန်းလီက သူ၏ ခါးကြီးဖြင့် ဝေ့ယမ်း ရိုက်ထုတ်လိုက်ရာ သံချင်းထိခတ်မှုကြောင့် မီးပွင့်များ ဖွာခနဲ လွင့်စဉ်သွားရလေသည်။

ဝန်းလီက သေရည်နံ့လေး သင်းပျံ့လျက် သူ့အား စိုင်းဝန်းတိုက်ခိုက်နေသည်ကို ပျော်ရွှင်စွာ လှုပ်ရှားခုခံနေလေသည်။

ခါးသမားများမှာ (၁၀) ယောက်ခန့် ရှိကြရာ သူ့အား စိုင်းပတ်တိုက်ရန်ကြိုးစားကြသော်လည်း တောင်ကြားလမ်းလေးက ကျဉ်းမြောင်းလှသဖြင့် ထင်သလောက် အရာမရောက်လှပေ။

နှစ်ယောက်သာလျှင် တစ်ပြိုင်နက် တိုက်ခိုက်နိုင်သဖြင့် ဝန်းလီက ခပ်လွယ်လွယ်ပင် ပြန်လည်တုံ့ပြန် တိုက်ခိုက်နေလေသည်။

'ဟား ဟား ဟား ပျော်လှသကွာ၊ ဒါပေမယ့် ခါးရေးညံ့တဲ့လူတွေနဲ့ တိုက်ရတာတော့ မနိမ့်တူးကွာဟဲ ဟဲ'



သူက မထီမဲ့မြင် ပြက်ရယ်ပြု ပြောကြားလိုက်သဖြင့် ချန်သူ ခါးသမားများမှာ ပို၍ ဒေါသဖြစ်ပြီး ပြင်းထန်စွာ တိုက်ကြပြန်၏။

( [illegible] )

သို့သော် ဓားရေးချင်းကတော့ ကွာခြားလွန်းလှသည်။ ဝန်းလိ၏ ဓားကွက်များက အဆင့်မြင့် ဓားချက်များဖြစ်၍ ရန်သူ ဓားသမားတို့မှာ မခုခံ မကာကွယ်နိုင်ကြရှာချေ။

သူတို့၏ ပြင်းထန်သည့် ဓားချက်နှင့် တိုက်ကွက်များမှာလည်း ဝန်းလိ၏ ဓားကွက်များအောက်ဝယ် ပျက်ပြယ်ကုန်ကြသည်။

'ဝှစ်'

'ထန်'

'အ....အ'

ဓားသမားတစ်ဦး၏ ဓားချက်တစ်ကွက်ကို ဝန်းလဲ့က သူ့ဓားနက်ဖြင့် ရှပ်ရိုက်လိုက်ပြီး တစ်ဆက်တည်းပင် ဓားသမား၏ ပခုံးစွန်းအား ပွတ်ခုတ်ချလိုက်၏၊ ထိုဓားသမားခမျာ အော်ဟစ် ညည်းတွားရင်း ပုံလျက်သား လဲကျသွားလေသည်။ ဒဏ်ရာမှာ ပွန်း ရှပ်ထိမှန်သွားသည် မှန်သော်လည်း ရန်သူမှာ ပြန်လည်ထလာနိုင်သည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ဝန်းလဲ့၏ဓားနက်သည် အဆိပ်ခတ် သတ္တုများပါသည့် သတ္တုတစ်မျိုးနှင့် ရောနှောထုလုပ်ထားခြင်းကြောင့် ဖြစ်လေသည်။

အဆိပ်မှာလည်း မည်သည့်အဆိပ်ဆေး ကျွမ်းကျင်သည့် သမားတော်များပင်လျှင် မဖယ်နိုင်သည့် အဆိပ်မျိုး ဖြစ်သည်။ ထို့ကြောင့် ဝန်းလဲ့၏ ဓားချက် ထိရှသော ရန်သူတို့မှာ ရရှိသောဒဏ်ရာထက် အဆိပ်တက်သော ဒဏ်ဖြင့်ပင် သေဆုံးကြရမည် ဖြစ်လေသည်။

ထိုတိုက်ပွဲ၏ အခြေအနေကို သိရှိလိုက်သော ရန်သူခေါင်းဆောင်မှာ သေတ္တာနီအား ဆွဲလျက် ထိုနေရာမှလှစ်ခနဲ ထွက်ခွာသွားလေတော့သည်။

ဝန်းလဲ့မှာ ဓားသမားများအား တစ်ဦးပြီးတစ်ဦး မြေပြင်ပေါ်သို့ လှဲသိပ်နေသဖြင့် သေတ္တာနီနှင့် ထွက်ပြေးသွားသော ခေါင်းဆောင်ဖြစ်သူအား သတိလစ်သွားလေသည်။

သတိရသောအခါ သူ့ရှေ့၌ တိုက်ခိုက်ခုခံနေသည့် ရန်သူမှာ တစ်ဦးတည်းသာ ကျန်ရှိနေလေတော့သည်။



မြေပြင်ပေါ်ဝယ် လဲပြိုကျနေသော လူများမှာ သူ၏ ဓားနက်အဆိပ်တက်၍ မကြာမီ သေဆုံးရမည့်သူများချည်း ဖြစ်၏။

သည့်တစ်ဦးကိုသာ လက်ရဖမ်းပြီး မေးမြန်းစုံစမ်းရတော့မည်။ ထို့ကြောင့် သူ၏ဓားကွက်ကို ရန်သူထိမှန်အောင် မတိုက်တော့ဘဲ ဓားနက်နှင့် အယောင်ပြု၍ လက်ဝါးစောင်း သို့မဟုတ် ခြေစောင်းစာ တစ်ခုခုတော့ ကျွေးရလိမ့်မည် ဖြစ်သည်။

သို့ဖြင့် ဝန်းလဲ့မှာ နူးညံ့သိမ်မွေ့သော ဓားကွက်တစ်ခုကို ချပြလိုက်၏။

ထိုဓားကွက်မျိုးမှာ ဓားသိုင်းပညာတွင်အရိုးစင်းဆုံးသော လက်တစ်ဆုပ် ပန်းကနုတ်ပင် ဖြစ်လေသည်။

ရန်သူဓားသမားက ဝန်းလဲ့၏ လက်တစ်ဆုပ် ပန်းကနုတ် ဓားကွက်ကြောင့် အံ့သြစွာ မော့ကြည့်လေသည်။

အဆင့်မြင့်သော ဓားကွက်ကို သုံးစွဲတိုက်ခိုက်နေရာမှ ရိုးစင်းသည့် ဓားကွက်ဖြစ်သော လက်တစ်ဆုပ် ပန်းကနုတ်ကို ထုတ်တိုက်လာသဖြင့် နားမလည် ဖြစ်ရတော့သည်။

ထို့ကြောင့် ပန်းကနုတ် ဓားချက်တစ်ချက်ဖြစ်သည့် မိုးဓားချက်အား သူက အလွယ်တကူ ဆီးခံလိုက်မိလေသည်။

'ဝုစ်'

'ဝုစ်'

'ဘန်း'

'ခွပ်'

'အ... အ'

သည်လူ၏ ခုခံကွက်ကပင် အကာအကွယ် မဲ့သွားသော မေးရိုးအား ဝန်းလ၏ ခြေဖျားစောင်းက လျှပ်တစ်ပြက် ဆန့်ကန်းခတ်တုတ်နိုင်ခွင့် ရရှိသွားခဲ့သည်။

ဝန်းလကိုယ်တိုင် သည်အကွက်အား လိုပါးစွာ စောင့်မျှော် နေခဲ့ခြင်းဖြစ်သည်။

ခုတော့ ရန်သူဓားသမားသည် သူ့အထင်အတိုင်း သူ့ဓားကွက်အား ပေါ့လျော့စွာ ဆီးခုခံလေတော့သည်။

သူ၏အတွင်းအားနှင့် ဆက်၍ ခြေစောင်း ခတ်သည့်လိုက်သည့် ကန်ချက်မှာ ရန်သူဓားသမား၏ မေးရိုးအား တိုက်ရိုက် ထိမှန်သွားခဲ့သည်။ ရန်သူမှာ နောက်ပြန် လန်ကျသွားလေသည်။ရန်သူ၏ဓားကိုင်လက်အား သူက လှသးခနဲခုန်တာနင်းဖိ ထားလိုက်နိုင်သည်။ ဓားနက်ဖျားနှင့်လည်း ရန်သူ၏လည်မျိုကို ထောက်ထားလိုက်ပြန်သည်။

'ကဲ....ဘယ့်နှယ်လဲ မိတ်ဆွေရဲ၊ ကျုပ်ကို မှန်မှန်ပြောစမ်း၊ ဗိုလ်ယုတ်မာမှုဟာ ဘယ်သူ့လက်ချက်လဲ'

ရန်သူဓားသမားခမျာ ဝန်းလ၏ ဓားဦးက သူ၏လည်မျိုကို ထောက်ထားခဲ့သည့်ပြင် သူ၏ ဓားကိုင်လက်ကိုပင် ခြေနှင့် နင်းဖိထားသဖြင့် မည်သို့မျှ မလှုပ်သာ မရှုသာအောင် ဖြစ်နေရှာလေသည်။

သူက ဝန်းလ၏ မေးမြန်းမှုအား မည်သို့မျှ မတုံ့ပြန်ဘဲ မျက်လုံးကြီးများ ပြူးကျယ်လျက် ဇောချွေးများပြန်ထွက် တိတ်ဆိတ်နေလေသည်။



'ပြောလေကွာ .... မင်းတို့ကို ဘယ်သူခိုင်းတာလဲ၊ မင်း ပါးစပ်က ထွက်မလာရင် ငါ့ဓားဦးက မင်းလည်မျိုထဲ စူးဝင် သွားတာနဲ့ အဆိပ်တက်ပြီး မင်း ကာမလွန်ရောက်သွားမှာပဲ.... နားလည်လား'

ဓားနက်က အသာပင် လည်မျိုအရေခွံကို ဖောက်ဝင်စူးရှ မသွားအောင် ဖိသွင်းလိုက်ရာ ရန်သူဓားသမားမှာ ထိတ်လန့် ကြောက်ရွံ့စွာ အထစ်ထစ်အငေါ့ငေါ့ဖြင့် ဖြေကြားရှာလေ တော့သည်။

## ( ၁၀ )

'မ….မလုပ်ပါနဲ့၊ ကျွန်….ကျွန်တော့် အသက်ကို ချမ်း….ချမ်းသာပေးပါ၊ ကျွန်….ကျွန်တော့် ကို ရွှေ….ရွှေတောင်းမြို့ ကောက် ဆ….ဆရာကြီး ဖူ….ဖူကွမ်ပေါင်….'

'ရှပ်'

'အင့်'

ရန်သူ ဓားသမားခမျာ ဝန်းလည်အား စကားဆုံးအောင် ဝန်မခံသွားနိုင်ရှာခဲ့ချေ။

အသက် မထွက်နိုင်ရှာသေးသော ဓားသမားတစ်ဦးက လဲနေရာမှ ဓားနှင့် လှမ်းပစ်ခြင်း ခံလိုက်ရသောကြောင့် မြန်

သည်၊ ထိုပစ်ဓားက သူ၏လည်မျိုအား ကန့်လန့်ဖြတ် စူးနစ်ထိုးဖောက်သွားခဲ့၏။

'ဖောက်'

ဝန်းလဲ့ကာ လည်မျိုဝယ် ကန့်လန့်ဖြတ် ဓားစိုက်ဝင်နေသော ချိန်သူဓားသမားအား ငုံကြည့်ကာ စိတ်ပျက် ဖွေါ လွှတ်သွားခဲ့သည်။

'ကဲကွာ'

ထိုဓားဖြင့် ပစ်ခတ်လိုက်သော အဆိပ်ထိနေသည့် ဓားသမားအား လက်ထဲမှ ဓားနက်ကြီးဖြင့် လှမ်းခုတ်ချလိုက်မိလေသည်။

'ဝုစ်'

'အ'

ဓားသမားမှာ ခုမှ ချက်ချင်းအသက်ထွက်သွားလေတော့သည်။

'အင်း....ဒီအတိုင်းဆိုရင် ရွှေကင်းမြီးကောက်သိုင်း ဆရာကြီး ဖူကွမ်ပေါင်ရဲ့ ဓားသမားတစ်ခုပဲဖြစ်ရမယ်၊ အဲ....ဒါပေမယ့် သူတို့လုယက်သွားတဲ့ပစ္စည်းက ဘာမှန်းမသိတာကခက်တယ်၊ ပစ္စည်းဥစ္စာမဟုတ်တာတော့ သေချာတယ်၊ လျှို့ဝှက်တဲ့ ပစ္စည်းတစ်ခုခုပဲ ဖြစ်မယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ်သေချာနဲ့ကြီးဆိုတော့ လိုက်သွားမေးရမယ်'

ထိုသို့ စဉ်းစားတွေးတောပြီး ရွှေကင်းမြီးကောက်ဖူကွမ်ပေါင်ထံ လိုက်သွားရန် ဆုံးဖြတ်လိုက်၏။



ထို့ကြောင့် သည်နေရာမှထွက်ခွာရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင်...

'အင်း....အင်း....အီး....အီး'

ညည်းညူသံတစ်ခုက သူ့အား တုံ့ခနဲ ဆွဲထားလိုက်ပြန်သည်။ မသေနိုင်သေးသော ထိုအသက်ပြင်းလူအား မသွားမီ အသက်နှုတ်ပေးခဲ့ရန်အတွေးနှင့် ပတ်ဝန်းကျင်တွင်ရှာဖွေလိုက်ရာ....

'ဟာ....ခရီးသည်ဆိုက ညည်းသံပဲ'

လူငယ်မှာ ဒဏ်ရာများစွာရရှိလျက် သေလုမြောပါးဖြင့် ညည်းနေခဲ့ခြင်းဖြစ်၏။

လျှင်မြန်စွာ ထိုခရီးသည်ထံသို့ လွှားခနဲ ရောက်ရှိသွားကာ မေးမလိုက်၏။

'ဘာ... ဘာပြောချင်လို့လဲ... မိတ်ဆွေ၊ ကျုပ်က ခင်ဗျားတို့ကို ကူညီခဲ့တဲ့လူပဲ၊ ပြောစရာရှိတာပြောပါ၊ ကျုပ်ဆောင်ရွက်နိုင်ရင် ကူညီဆောင်ရွက်ပေးပါမယ်'

လူငယ်က သူ့အား ညီးညင်းစွာမော့ကြည့်ပြီး ယုံကြည်စိတ်ချသွားဟန်နှင့် နှုတ်မှ ပင်ပန်းစွာ ပြောဆိုမှာကြားခဲ့ရှာသည်။

'ကျွန်--- ကျွန်တော်ဟာ အင်ဝိုးရွာက သိုင်းဆရာကြီး ဟန်ယူရဲ့ သားတစ်ဦးပါ၊ ရွာမှာ မိုးခေါင်ပြီး ကောက်ပဲသီးနှံ တွေပျက်စီးကုန်လို့ ကျွန်တော့်ဖခင်က သူ နှစ်ပေါင်း

များစွာ သိမ်းဆည်းထားတဲ့ မိုးအောက်မြေပြင်သိုင်းဘုရင် ကျမ်းရှိရာ ညွှန်ပြနိုင်မယ့် မြေပုံညွှန်းကိုဆောင်ပြီး စားရေရိက္ခာတွေ ငယ်လာခဲ့ဖို့ လွှတ်လိုက်တာပါ၊ ခုတော့ ဆဲဒီမြေပုံ ကားချပ်ထည့်ထားတဲ့သေတ္တာ လူဆိုးတွေနောက်ကိုပါသွားခဲ့ရပြီ ခင်ဗျာ'

မားနက်ဝန်းလဲမှာ လူငယ်၏ပြောစကားများကို ကြားရတော့ စိတ်မကောင်း ဖြစ်သွား၏။ အင်ဝိုး ရွာသားများ အတွက် စားရေရိက္ခာများ မယူဆောင်သွားနိုင်ပါက ဝတ်မှတ်မှုနှင့် ကြုံတွေ့ရမည့် အဓလေးသူငယ်များနှင့် သက်ကြီး ရွယ်အိုများကို မျက်စိထဲမြင်ယောင်နေမိသည်။

ထို့ကြောင့် ရွှေကင်းမြီးအောက်ဖုကွမ်ပေါင်၏ ကောက်ကျစ် ယုတ်မာခြင်းကို မသိရှာသည့် လူငယ်ခရီးသွား မား လမားကိုလည်း သနားသွားမိ၏။

'စိတ်ချပါ ငါ့ညီ၊ ငါ့ညီအပေါ် ကောက်ကျစ်ယုတ်မာခဲ့တဲ့ ဒီရွှေကင်းမြီးအောက် ဆရာကြီးဖုကွမ်ပေါင်ဆီက ငါ့ညီ သေတ္တာနဲ့လေးကို ရအောင်ပြန်ယူခဲ့ပါမယ်၊ ငါ့ညီရဲ့ဖခင် သိုင်းဆရာကြီးဆီကိုလဲ ရောက်အောင် အစ်ကို သွားလိုက်ပါမယ်၊ ပြီးတော့ အကျိုးအကြောင်း ရှင်းပြပေးပါမယ်ကွာ ဟုတ်ပလား'

မားနက်ဝန်းလဲ၏ တုံ့ပြန်စကားကိုကြားရသဖြင့် လူငယ်မှာ အလွန်ဝမ်းမြောက်သွားဟန်နှင့် ဝန်းလဲ၏လက်ကို ဖျစ်ညှစ်လိုက်၏။ နှုတ်မှလည်း တိုးသက်စွာအသံပြုလိုက်ရှာသည်။

'ကျေး....ကျေး....ကျေးဇူးပါပဲ ခင်...ခင်....



ကျေးဇူးတင်စကားအား အဆုံးမသတ်နိုင်ခဲ့ရှာပေ။

မားနက်ဝန်းလဲ၏ လက်ပေါ်ဝယ် ဇက်လည်ကျလျက် အသက်ထွက်သွားရရှာလေတော့သည်။

( ၁၁ )

## ရွှေကင်းမြို့ကော က်ဖူကွမ်ပေါင်နှင့် ဓားနက်ဝန်းထီ

ဖူကွမ်ပေါင်သည် ခလတိုးသဖြင့် တဖျပ်ဖျပ်လှုပ်နေသော ရွှေကင်းမြို့ကောက်တံဆိပ် အနီရောင်အလံလေးအား စံအိမ်နန်းကြီး၏ လသာဆောင်မှ မျှော်ကြည့်လျက် ကြည်နူးပီတိ ဖြစ်နေလေသည်။

သူ၏ ရွှေကင်းမြို့ကောက်အာမခံပို့ဆောင်ရေးလုပ်ငန်းမှာ တဖြည်းဖြည်းနှင့် ကြီးပွားတိုးတက်လာခဲ့သည်အား ပြန်လည် စဉ်းစားနေမိ၏။

တစ်ချိန်က သူ၏ သည်ရွှေကင်းမြို့ကောက်အာမခံလုပ်ငန်းမှာ တပည့်ရင်းလေးငါးဆယ်လောက်နှင့် စတင်လုပ်ကိုင်ခဲ့ခြင်း ဖြစ်၏။

သိုင်းပညာသင်ပေးရင်းက သိုင်းသမားများဖြစ်လာသော ထိုတပည့်များကိုအသုံးချလျက် ကုန်ပစ္စည်းများအား တစ်မြို့မှ တစ်မြို့၊ တစ်ရွာမှ တစ်ရွာ သယ်ယူပို့ဆောင်ပေးရာက တစ်စထက်တစ်စ ပိုမို ကျယ်ပြန့်ဖွံ့ဖြိုးလာလိုက်သည်မှာ ယခုဆိုလျှင် အပ်တိုင်၏အရှေ့ဘက်၌ ကုန်ပစ္စည်းများသိုလှောင်ရာ ဂိုဒေါင်အဆောက်အအုံကြီးများက ကြီးမားခံ့ထည်စွာ ရှိ၏။

ထို့အတူ အနောက်ဘက်၌မူ ကုန်တင် တိရစ္ဆာန်များ၊ မြင်း၊ လား၊ ကျွဲနွား သုံးလေးဆယ်ခန့်မှာ သူ့တာဝန်နှင့်သူ အဆင်သင့်ရှိနေကြ၏။

ထိုတိရစ္ဆာန်များကို စီးနင်းခိုင်းစေသည့် လှည်းမောင်း၊ မြင်းစီး၊ ကုန်ထမ်း၊ အမှုထမ်းများလည်း လေးငါးဆယ် လောက် လှုပ်ရှားလျက် တာဝန်ကိုယ်စီဖြင့် ရှိနေကြကုန်ပြီ ဖြစ်သည်။

ထိုလုပ်ငန်း၏ နေ့ချင်းညချင်း ကြီးပွားချမ်းသာလာမှုကြောင့် ဤစံအိမ်နိုကြီးကိုလည်း ခမ်းနားထည်ဝါစွာ ပြည်ဆောက် နေထိုင်နိုင်ခဲ့ကြပြီ ဖြစ်လေသည်။

အခန်းပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ရွှေကင်းမြီးကောက်၏ သည်စံအိမ်နိုကြီးအား ရှန်ယန်မြို့မှ မသိသူမရှိသလောက် ထင်ရှားကျော်ကြားနေခဲ့သည်။

ဖူကွမ်ပေါင်အားလည်း ရွှေကင်းမြီးကောက်နာမည်နှင့် တွဲလျက် ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်မှာ ခွဲခြား၍မရလောက် အောင် ဖြစ်ခဲ့နေပေတော့သည်။



'အဖေကြီးရေ လာပါပြီ၊ သမီးလှရှိသားဦး'

လသာဆောင်ဝယ် ရွှေကင်းမြီးကောက် ခြံဝန်းကြီးအား ကြည့်ရှုငေးမောရင်း ပီတိဖြစ်နေမိသော ဖူကွမ်ပေါင်အား သမီးဖြစ်သူ ဖူယန်က အော်ခေါ်လိုက်သောကြောင့် ဖူကွမ်ပေါင်မှာ အာရုံပြောင်းသွားကာ အခန်းဝဘက်သို့ စောင်းငဲ့ကြည့်လိုက်ဖြစ်သည်။

လသာဆောင်မှ ခန်းမဆောင်ထဲသို့ ဝင်သည့်အပေါက်ဝ ဝယ် မိုးပြာရောင် ပိုးပျော့ဝတ်စုံကို ဝတ်ဆင်ဖြန့်လျက် သူ့အား ပြုံးရွှင်စွာ ကြည့်ရှုနေသည့် တစ်ဦးတည်းသော သမီးချော ဖူယန်ကို သူတွေ့ရှိလိုက်ရသဖြင့် ကျေနပ်အားရစွာ ရယ်လိုက်ပြီး....

'ဟော....ငါ့သမီးလေး လှလိုက်တာကွာ၊ မိုးနတ်သမီးလေး တစ်ပါး ကျနေတာပဲဟေ့'

တကယ်လည်း သူ၏ သမီးလေးဖူယန်မှာ လှပချောမောသူ မိန်းကလေးတစ်ဦး ဖြစ်၏။ မိခင်နှင့်တူပြီး မိခင်ကဲ့သို့ ချောမော ပြေပြစ်သူလေး ဖြစ်သည်။

မိတဆိုးလေးဖြစ်၍ ဖူကွမ်ပေါင်က သမီးလေးကို ချစ်၏။ ဖူယန်ကလည်း မိခင်မရှိသော အဝန်း သည်အဖေသာ အမေ အဖြစ် တိုး၍ ချစ်ရှာသည်၊ ထို့ကြောင့် သည်အဖေနှင့် သည် သမီးမှာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက အားကျသူများ ရှိသည့်နှယ်၊ ကဲ့ရဲ့ ပြစ်တင်စကားတင်း ဆိုကြသူများလည်း ရှိကြသည်။

မိခင်ဖြစ်သူမှာ သူမအား မွေးပြီး မကြာမီပင် ဖခင်နှင့် သူမကို ထားရစ်ကာ ကွယ်လွန်သွားရှာခဲ့၏။

သို့ဖြင့် သူမအဖို့ ဖခင်၏ လက်ပေါ်၌သာ ကြီးပြင်းလူလားမြောက်ခဲ့ရှာသည်။ ဖခင်အား အဖေလိုတစ်မျိုး၊ အမေလိုတစ်သွယ် တီတီတာတာနှင့် နွဲ့ဆိုးဆိုးလျက် ရှိလေတော့သည်။

ဖြူဝင်းသော အသားအရေနှင့် သူမ ဝတ်ဆင်ထားသော မိုးပြာရောင် ပိုးပျော့ဝတ်စုံမှာ အလွန်မှပင် လိုက်ဖက်ကြည့်ကောင်းလှ၏။ နက်မှောင်သော ဆံသား၌လည်း သစ်ခွပန်း၊ ငှပြာရောင်ပွင့်လေးများကို ပန်ထားပြန်တော့ တစ်မျိုးလေးယဉ်ကျေးလှ၏။

'အင်း.... ငါ့သမီးကတော့ ရှန်ယန်တစ်မြို့လုံးက မိန်းကလေးတွေ အားလုံးထက် ပိုပြီး လှတာပဲ၊ ပိုပြီးယဉ်တာပဲ၊ ပိုပြီးချောတာပဲကွယ်၊ မိုးပေါ်က ရွတ်တရက်ကျလာတဲ့ နတ်သမီးလေးများလားလို့တောင် ထင်မှတ်ရတယ်'

'ဒါဆို ဖေဖေက အဲဒီ မိုးနတ်သမီးလေးရဲ့ ဖအေကြီးပေါ့နော်'

သူမက ဖခင်အား တန်ပြန်ကလျှနှင့် ပြန်လည် တုံ့ပြန်လိုက်ရာ....

ဖူကွမ်ပေါင်မှာ ပီတိများ လွှမ်းသွားပြီး သူ၏ သမီးချောလေးအား ပခုံးကို ညင်သာစွာ ဖက်ယမ်းလိုက်သည်။

'အေး....သမီးကို ဖေဖေ့သမီးလို လူချောသူချော ထုတ်ပြောရမှာတောင် ဖေဖေတော့ မလုံတုံးကွယ်'



'ဟင်....ဘာဖြစ်လို့လဲ ဖေဖေရဲ့'

'ခြော်....ဖေဖေက ရုပ်ဆိုး အကျည်းတန်ပြီး သမီးလေးက လှလွန်းနေတာကို သမီးရယ်'

'အို....ဘာဆိုင်လို့လဲ ဖေဖေရယ်၊ မေမေက သမီးလိုပဲ သိပ်လှ သိပ်ချောတယ်ဆို၊ ဖေဖေပဲ ပြောပြခဲ့တာပဲ၊ မေမေက ဖေဖေ့ကို ချစ်ခဲ့တာပဲ မဟုတ်လား၊ မေမေ့သမီးလဲ ဖေဖေ့ကို ချစ်မှာပဲပေါ့ ဖေဖေ'

ဖူကွမ်ပေါင် တွေးမည်ဆိုက တွေးစရာပင် ဖြစ်သည်။

ဖခင်ဖြစ်သူမှာ ဘီလူးကြီး တစ်ကောင်နှယ် ရုပ်ဆိုးကြောက်စရာ ကောင်းသလောက်၊ သမီးလေးကျတော့ နတ်သမီးလေး တစ်ပါးကဲ့သို့ ချောမောလှပနေခဲ့သည် မဟုတ်ပါလား။

( ၁၂ )

ဖူကွမ်ပေါင်က မိုးပြာရောင်ဝတ်စုံနှင့် အလှကြီး လှနေသော သမီး ဖူယန်အား ကြည့်မဝ ရှုမဝဖြစ်ကာ ကြည်နူးပီတိ ဖြစ်နေခဲ့သည်။

ထိုစဉ် ရွှေကင်းမြို့ဒေါက် အာမခံ သယ်ယူပို့ဆောင်ရေး ဆိုင်းဘုတ်အောက်သို့ ဝတ်စုံနက်ဖြင့် လူတစ်ဦးရောက်ရှိလာလေသည်။ ထိုသူကား ဓားနက်ဝန်းလ ဆိုသော သိုင်းသမားသာ ဖြစ်သည်။ သူက မည်သူ့မျှ ဂရုမစိုက်ဘဲ အလံဘိုင်စိုက်ထားရာ လမ်းအတိုင်း တည့်တည့်မတ်မတ် လျှောက်လာခဲ့လေသည်။

အလံတိုင်အလယ်ပဟိုသို့ ရောက်ရှိသောအခါ သိုလှောင်ရုံများဘက်သို့လည်း ခြေသွား၊လူနှင့် တိရစ္ဆာန်များရှိသည့် ကုန်းတင်ကုန်ချ ကွက်လပ်နေရာသို့လည်း မသွားဘဲ အလံတိုင်နောက်သို့ ဆက်လျှောက်လာသဖြင့် စံအိမ်နီကြီး ၏ ဝင်ပေါက်ဝ၌ စောင့်နေသော ခေါ်သမားမှာ သူ့အား မျက်မှောင်ကုတ်ကြည့်ပြီး ထိုင်နေရာမှ မတ်တတ်ထရပ်သကာ သူ့အား စောင့်မျှော်နေခဲ့သည်။

အနက်ရောင် ဝတ်စုံဝတ် ခေါ်သမား ဝန်းလဲမှာ စံအိမ်နီကြီးဆီသို့သာ ဦးတည်ပြီး တစ်လှမ်းချင်း လျှောက်လှမ်းလာလေသည်။မကြာမီ စံအိမ်နီကြီး၏ အပေါက်ဝသို့ ရောက်ရှိလာခဲ့တော့သည်။

'ဟေ့....ဘာကိစ္စလဲ'

'ကျုပ် ဖူကွမ်ပေါင်နဲ့ တွေ့ချင်တယ်'

ခေါ်သမားအစောင့်မှာ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

အနက်ရောင်ဝတ် ခေါ်သမားလူရွယ်တစ်ဦးက သူ့သခင်ကြီး ဖူကွမ်ပေါင်အား တွေ့ချင်တယ်ဟု ပိုင်စိုးပိုင်နင်းမရှိမသေ ပြောကြားလာခြင်းအတွက် မကျေမနပ်ဖြစ်ကာ....

'သခင်ကြီးနဲ့တွေ့ရအောင် မင်းက ဘာကောင်လဲကွ'

သူ့နားသို့ တိုးကပ်လာလျက် ခပ်ထန်ထန်မေးမြန်းလိုက်ရာ ခေါ်နက်ဝန်းလဲမှာ ထိုခေါ်သမား အစောင့်အား ဆတ်ခနဲ လှမ်းကြည့်လိုက်သဖြင့် ခေါ်သမားမျှော အနည်းငယ် တုန်သွားမိ၏။



'ဟေ့....မင်း ငါ့ကို ဘာမှမမေးနဲ့၊ ငါမေးတာဖြေ'

ခေါ်နက်ဝန်းလဲက သူ့ထက် ကြီးရင့်သည် ထင်ရသော အစောင့်အား ခပ်ရှိုင်းရှိုင်းပင် ပြန်လည်တုံ့ပြန်လိုက်၏။

'မင်းတို့သခင်ကြီး ရှိလား မရှိဘူးလား၊ ဒါပဲဖြေ'

ရွှေကင်းမြီးကောက် အဝန်းအဝိုင်းထဲ ရောက်လာပြီး မည်သူ့ကိုမျှ ဂရုမစိုက်သလိုနှင့် ပြောဆိုအမိန့်ပေးနေသည့် လူစိမ်းငယ်သည်အား သူကသနားသည့်အမူအရာဖြင့်ပြုံးရယ်ပြီး ရယ်မောလိုက်ရင်း ပြောလိုက်သည်။

'ဟား...ဟား... ဒီမှာကိုယ့်လူ၊ ဒါ ရွှေကင်းမြီးကောက်ဝင်းထဲက စံအိမ်နီကြီးတဲ့၊ နည်းနည်းမှ မကြားဖူးဘူးလား၊ အိမ်မှားနေလား၊ ပြန်စဉ်းစားဦးနော်၊ ဒုက္ခရောက်သွားမယ်၊ ဟဲ...ဟဲ...ဟဲ'

သူ့စကား ဆုံးသွားသည်နှင့် သူ၏ခန္ဓာမှာ လေထက်သို့ မြောက်တက်သွားကာ စံအိမ်နီကြီးအပြင်သို့လွင့်စဉ်ကျရောက်သွားတော့သည်။

'အ....အ....အ'

'ဘုံး....'

အခစောင့်ခမျှာ စံအိမ်နီကြီး၏ အပေါက်ဝမှ အပြင်ဘက် မြေပြင်ထက်သို့ ခွေးကျဝက်ကျ ပုံပျက်ပန်းပျက် ကျရောက်သွားရှာခဲ့သည်။

လျှပ်စစ်ပြက်ဖြစ်၍သည်လိုနေရာဝယ် မည်သူမှ သည့်နှယ် ရန်သတ္တိမျိုးမည် မဟုတ်ဟု သတိမထက်လွတ် နေမိခဲ့ခြင်းကြောင့် ဖြစ်၏။

ခုတော့ လူစိမ်းသည်က သူ့အား စံအိမ်နီကြီးမှ အပြင်သို့ ကိုင်ပေါက်ပစ်လိုက်ခြင်းကို ခံလိုက်ရပြီဖြစ်သည်။

ထို့ကြောင့် အစောင့်ဓားသမားမှာ လွန်စွာဒေါသထွက်သွားပြီး ခါးမှဓားကိုထုတ်လျက် အိမ်ထဲသို့ လှမ်းဝင်သွားသော ဝန်းလဓိအား နောက်မှ လွှားခနဲခုန်ကာတိုက်၏။

'ဝှစ်....'

'ထန်....'

အစောင့်မှာ သူ့ကို ထိုသို့စော်ကားခဲ့သော လူစိမ်းအား အသေသတ်ဖြတ်ရန်ကြံစည်မိပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်သော်လည်း ဓားနက်ဝန်းလဓိက နောက်မှ ရုတ်တရက်ဝင်တိုက်ခဲ့သော ရန်သူအား အလွယ်ဘကူ ပက်ဓားဖြင့် ပြန်လည် ရိုက်ဖယ်ထုတ်နိုင်ခဲ့သဖြင့် အစောင့်ဓားသမားခမျာ အံ့အားသင့်သွားမိသည်။

'ဒီလိုအလစ်တွယ်တိုင်း ရရှိးလား ကင်းမြီးကောက်ရယ်၊ ယဲ....ဟဲ'

ဓားနက်ဝန်းလဓိက အစောင့်အား မျက်နှာချင်းဆိုင်လိုက်ပြီး ခပ်အေးအေးပြောလိုက်သဖြင့်အစောင့်ဓားသမားမှာ ပို၍ အခံရခက်သွားကာ ကမူးရှူးတိုး ဝင်တိုက်ပြန်၏။

'ဝှစ်....ဝှစ်....ဝှစ်'

'ထန်....ထန်....ထန်'

'ငါ့ကို ဒီလောက်ညံ့တဲ့ဓားချက်တွေနဲ့တိုက်လို့ ဘယ်ဖြစ်မလဲကွ'



ဝန်းလဓိမှာ အစောင့်၏ ဓားချက်သုံးချက်အား ခပ်လွယ်လွယ် ခုခံလိုက်ပြီး ထိုဓားသမား၏ ပျော့ညံ့မှုကိုလည်း ရိပ်စားမိလိုက်၏။

( ၁၄ )

အချိန်ကလည်း ရှိလှသည်မဟုတ်။

အရေးမပါသည့် အစောင့်လို ဓားသမားနှင့် တိုက်ခိုက် အချိန်ဖြုန်း နေလို့မသင့်။

ထို့ကြောင့် တိုက်ပွဲကိုအဆုံးသတ်ရန် စတင်လိုက်လေ၏။ သို့ဖြင့် 'ဓားနက်အစွယ်' ကို သူ ထုတ်လိုက်သည်။

လက်ထဲမှ ဓားနက်ကြီးကား မြွေတစ်ကောင်နှယ် ယိမ်းထိုးလျက် အစောင့်၏အားနည်း၊ချွတ်ယွင်းချက်ကို ဖွေရှာနေလေသည်။

ဓားနက်အစွယ်က မာန်ဖီလျက် အစောင့်အနီးသို့ချဉ်းကပ်သွားသဖြင့် အစောင့်ခမျာ ကြောက်ရွံ့လျက် နောက်ဆုတ်သွားခဲ့၏။

ဝန်းလဲက ခြေကိုတစ်ချက်ဆောင့်ပြီး ဓားနက်ကြီးကိုဆက်ခနဲ ယမ်းလိုက်ရာ ဓားသမားခမျာ ထိတ်လန့်ပြီးဘေးသို့ခုန်အဆုတ် ဓားနက်အစွယ် ဓားချက်က သူ၏လည်မျိုသို့တိုက်ရိုက် စူးဝင်သွားရှာတော့သည်။

'အား....အား....အား'

'ရှမ်း...'

ဝန်းလဲက အစောင့်လူ၏ လည်မျိုဝယ် စူးဝင်သွားသည့်ဓားကို ပြန်လည်ဆွဲနုတ်ပြီး ဓားသွားဝယ်ပေကျံစွန်းထင်းနေသည့် သွေးစများကို လဲကျသွားသည့် အစောင့်ဓားသမား၏ဖိတ်စုံနှင့် အသာသုတ်ပြီး ထိုအဝမှ စံအိမ်ကြီးထဲသို့ ဝင်ရောက်ခဲ့လေသည်။

စံအိမ်ကြီး၏ လှေကားထစ်များအတိုင်း အပေါ်ထပ်များသို့ သူ တက်ရောက်ခဲ့လေသည်။

အပေါ်ဆုံးတပ် ရောက်သွားသောအခါ လသာဆောင်ရှေ့၌ ရွှေကင်းမြီးကောက် ဖူကွမ်ပေါင်အား သူ တွေ့ရှိရတော့သည်၊

ဖူကွမ်ပေါင်နှင့်အတူ မိန်းကလေး ဖူယန်ကိုလည်း သူ့ဖခင်အနီး၌ တွေ့ရှိရလေသည်။

သူတို့သားအဖက သူ့အား အံ့ဩမှင်တက်မိစွာ ငေးကြည့်နေမိကြ၏။



သည်နေရာကို သခင်ကြီး ဖူကွမ်ပေါင်မှခေါ်သဲ မည်သည့်ဧည့်သည်မှ ရောက်ရှိမလာခဲ့ဘူးပါပေ။

ခုလည်း သည်လူစိမ်းဧည့်သည် ဝန်းလဲကို သူတို့က လုံးဝဖိတ်ခေါ်ခြင်းမရှိပါဘဲ ရောက်ရှိလာသဖြင့် ဖူကွမ်ပေါင်မှာ မျက်လုံးအစုံ၌ နီရဲသွားလျက် နှုတ်ခမ်းမွေးကြီးက ထဆတ်ဆတ် တုန်ခါလာလေသည်။ ခပ်ထန်ထန်လည်း မေးမြန်းလိုက်သည်။

'ဟိတ်....ဓားနက်၊ ဘာကိစ္စနဲ့ ဒီထိရောက်အောင် လာခဲ့ရတာလဲကွ'

'ကင်းမြီးကောက်လိမ် ဖူကွမ်ပေါင်ဆိုတဲ့ ဓားပြသူခိုးလူဆိုးကြီးနဲ့ တွေ့ချင်လို့ပေါ့'

'ဘာကွ'

ဖူကွမ်ပေါင်၏ ကြောက်ရွံ့စရာကောင်းလှသည့် မျက်နှာကြီးမှာ ကွက်ခနဲပျက်သွားကာ သမီးဖြစ်သူအား ငဲ့စောင်းကြည့်လိုက်မိ၏။

သမီးဖြစ်သူ ဖူယန်မှာလည်း ဖခင်ကြီးအား ခေါ်ကားရှိ လသာဆောင်ထိအောင် ရောက်ရှိလာသည့် လူစိမ်းဧည့်သည် ဝန်းလဲကို ရှုမှန်းစွာ ငေးကြည့်နေရှာ၏။

'ဟော့ကောင်....ဓားနက်၊ မင်း ဘာလိုချင်သလဲပြော၊ ငါကို လာမနှောင့်ယှက်နဲ့'

ဖူကွမ်ပေါင်က သမီးရှေ့မှာ ဖြစ်နေ၍ ဝန်းလဲအား ဒေါသဖြစ်မှုကို မျိုသိပ်လျက် အာပေးအယူလုပ်လိုသည့် စကားအား မသိမသာ ထုတ်ပြောလိုက်မိသည်။

သမီး၏ရှေ့၌ သူ၏အတွင်းရေး လျှို့ဝှက်မှုများကို မသိရှိ မပေါက်ကြားစေလိုပေ။

နောက်ပြီး သို့သော်လည်း ကျွန် သူ၏ရှေ့မှောက်ဝယ် ရောက်ရှိနေသည့် ဝန်းလီဆိုသည့် ရက်စက်ကြမ်းကြုတ်သည့် ဓားသမားက တကယ့်ကို အစောက်ကန်းမှန်းလည်း သူ သိရှိကြားဖူး ထားခဲ့သည်။ သည်တော့ သူ့အဖို့ စေ့စပ်ညှိနှိုင်းသည့် နည်းကို သုံးသည်သာ အသင့်လျော်ဆုံးဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့် ဖူကွမ်ပေါင်က မယုတ်မလွန် မေးမိုက်ခြင်း ဖြစ်သည်။ ထိုအခါ ဓားနက် ဝန်းလီက သဘောကျစွာ ရယ်မောသည်။

'ဟား....ဟား....ဟား'

ဓားနက်၏ ဟားတိုက် ရယ်မောနေခြင်းသည် ဖူကွမ်ပေါင် ကို သားအဖက မနှစ်မြို့သည့် အမူအရာများနှင့် စောင့်ကြည့် နေကြသည်။

'ခင်ဗျား ကျုပ်လိုချင်တာ တကယ်ချဉ်းမလား၊ စဉ်းစား နော် ဖူကွမ်ပေါင်၊ ဟဲ..ဟဲ'

မခိုးမခန့်နှင့် ပြောဆိုနေသည့် ဝန်းလီအား ဖူကွမ်ပေါင် က အရေဆုတ်ပစ်လိုက်ချင်စိတ် ပေါက်နေခဲ့သော်လည်း ခုံခံတန်ရှိုးသားပြီး သွေးရဲရဲ သံရဲရဲများကို မတွေ့မမြင်ဘူး သည့် ဖူယန်ဆိုသည့် သမီးလေးရှေ့၌ ဘာတစ်ခုမှ ပြုက ျင့်လိုစိတ်မရှိချေ။



ထို့အပြင် ဓားနက် ဝန်းလီလို သေရည်သမားတစ်ဦး အဖို့ သေရည်သောက်စားဖို့ အပေါက်ဝ၌ စောင့်ကြပ်နေသည့် သူ့လူများကို တိုက်ခိုက်အနိုင်ကျင့်ပြီး တက်ရောက်လာသည် လည်း ဖြစ်နိုင်ခဲ့သည်လေ။

## ( ၁၄ )

သည်တော့ ငွေစကြေးစ သောက်စားလို့ရအောင် ပေးကမ်းလိုက်လျှင်၊ သို့မဟုတ် အရက်သေရည်များကို တိုက်ကျွေးလိုက်လျှင် ဖြတ်တန်ကောင်းရဲ့ဟု အတွေးနှင့် သူ ပြောကြားလိုက်၏။

'ပေးမှာပေါ့ကွ၊ ဘာလဲ...အကောင်းစား အရက်လား၊ ဒါမှမဟုတ် သောက်စားဖို့ ငွေလား ပြောပါ'

'တစ်ခုမှ မဟုတ်ဘူး'

'ဟော...ဒါဖြင့် ဘာလဲကွ ဓားနက်ရ'

ဖူကွမ်ပေါင်ကြီး အံ့အားသင့်တာ မြင်ရသည့် မေးလိုက်မိသည်။

'ခရီးသည် တစ်ဦးဆီက ခင်ဗျားတပည့် လုယူသွားတဲ့ သေတ္တာနီလေး၊ အဲဒါ ကျုပ်လိုချင်တယ်'

ဖူကွမ်ပေါင်၏ ဖြူသောမျက်နှာမှာ နီရဲတွတ်သွားခဲ့လေသည်။

တဒင်္ဂမျှလည်း ငြိမ်သက် တိတ်ဆိတ်သွားခဲ့သည်။ အတန်ကြာမှ သူ၏နှုတ်မှ ဗလုံးဗထွေးနှင့် စကားလုံးအချို့ ထွက်ပေါ် လာခဲ့သည်။

'ဘယ်က သေတ္တာနီလေးလဲ မသိဘူး၊ ငါ ဘာမှမသိဘူး ကွ'

'မသိလို့မရဘူး ဖူကွမ်ပေါင်၊ ခင်ဗျားခိုင်းလိုက်တဲ့ သိုင်းသမားတွေကိုယ်တိုင်က ကျုပ်ကို ဖွင့်ဟပြော ကြားသွားခဲ့တာ၊ ဒါကြောင့် ကျုပ်ကို အဲဒီသေတ္တာအနီပြန်ပေးမလား၊ အဲဒီ သေတ္တာအနီပြန်ရမှ အင်ဝိုးဆိုတဲ့ ရွာသူရွာသားတွေရဲ့ အသက်တွေကို ကယ်တင်နိုင်မှာ၊ သိုင်းသမားကြီးဟန်ယူကို ခင်ဗျား သိမှာပါ၊ အဲဒါ သူ့ပစ္စည်း၊ သူ အနှစ်နှစ်အလလက သိမ်းဆည်း သိုဝှက်ထားခဲ့တဲ့ပစ္စည်း၊ ရွာသားတွေရဲ့ အသက်နဲ့လဲယူဖို့ သူ မချိတင်ကဲဆုံးဖြတ်ခဲ့ပြီး သူ့ရဲ့သားကို တာဝန်ပေး စေခိုင်းလိုက်ရှာတာပါဗျ၊ ခင်ဗျားကိုယ်ချင်းစာပါ ဖူကွမ်ပေါင်'

ခါးနက်ဝန်းလီက ဖူကွမ်ပေါင်အား တည်ငြိမ်အေးဆေးစွာ ဖျောင်းဖျပြောဆို၏။



သို့သော် ဖူကွမ်ပေါင်ကမူ မည်သို့မျှနားမလည်သည့် ပုံစံ အမူအရာမျိုးနှင့် သူ့အား တုံ့ပြန်သည်။

'ငါ လုံးဝမသိဘူး ခါးနက်၊ ရှိလဲမရှိဘူး၊ မင်း ဘာကိုသက် ငါ့ကိုလာစွပ်စွဲတာပဲ၊ အဲဒီလို အကျိုးမရှိတဲ့စကားတွေ ပြောမယ့်အစား မင်းဘာလိုချင်လဲပြော၊ အရက်လား, ငွေလား၊ မင်းအတွက် ကောင်းစားမယ့်အရင်းတွေ ငါပေးလိုက်မယ်၊ မင်းပြန်ပါတော့ ခါးနက်ရာ'

ဖူကွမ်ပေါင်က ခါးနက်ကို လေချိုသွေးပြီး တောင်းပန်သည်။ ခါးနက်ဝန်းလီက သူ၏စကားကြောင့် မျက်နှာမှာ ခက်ထန်သွား၏။

'ခင်ဗျားကြီး ဒီလို ကျုပ်ကိုမစည်းရုံးနဲ့၊ ကျုပ်ကတော့ အရက်သောက်ချင်လို့ ငွေစလိုချင်လို့ မဟုတ်ဘူး၊ မတရားတဲ့ အမှုကိစ္စအတွက် ကြားကဝင်ပြီးဆောင်ရွက်တာ၊ ဘာ့အကျိုး အမြတ်မှမလိုဘူး၊ နားလည်လား ဖူကွမ်ပေါင်၊ သက်ကြီး ရွယ်အိုတွေနဲ့ လူမမာကလေးတွေ သေပွဲဝင်မယ့် အရေးကို တွေးပူပြီး ရောက်လာတာပဲဗျ၊ ခင်ဗျားကြီး ရွေးချယ်ဖို့ နှစ်လမ်းပဲရှိတယ်၊ တစ်လမ်းက မြေပုံထည့်ထားတဲ့သေတ္တာနီ လေး ပြန်ပေးမလား၊ နောက်တစ်လမ်းက အင်ဝိုး ရွာသူ ရွာသားတွေအတွက် စားရေရိက္ခာဝယ်ယူဖို့ ငွေစတွေ ပေး လိုက်မလား၊ အဲဒါပဲ ဖူကွမ်ပေါင်၊ အဲဒီထဲက တစ်လမ်းလမ်း ကိုမှ ခင်ဗျားမဆောင်ရွက်ပေးဘူးဆိုရင် ကျုပ် ခင်ဗျားကို တိုက်ရလိမ့်မယ်'

ခေါနက်ဝန်းလဲ ဗီကာ ရှည်လျားစွာ သူ၏ သဘောထားကို ပြောပြလိုက်သဖြင့် ဖူကွမ်ပေါင်မှာ မျက်မှောင်ကြီးကြုတ် သွားတော့သည်။

သမီးဖြစ်သူ ဖူယန်မှာမူ ဖခင်အတွက် စိုးရိမ်ပူပန်သည့် မျက်နှာလေးနှင့်ကြည့်နေရှာခဲ့၏။

'ဘာတွေပြောနေကြတာလဲ ဖေဖေ၊ သူတောင်းတာရှိရင်လဲ ပေးလိုက်ပါ ဖေဖေရယ်၊ အန္တရာယ်များလှပါတယ်'

ဖူယန်က ကြောင့်ကြစိုးရိမ်စွာ ဝင်ပြောမိတော့သည်။

'အလကားပါ သမီးရယ်၊ ဖေဖေလဲ တစ်ခုမှမသိဘူး၊ တမင်သက်သက် ဖေဖေ့ကိုစုပ်စွဲနေတာပါ၊ ပေးစရာလဲ ဘာပစ္စည်းမှမရှိဘူး၊ သူက သိုင်းလောကမှာ နာမည်ပျက်နေတဲ့ အရက်သမား လောင်းကစားသမား လူဆိုးတစ်ဦးပါကွယ်၊ မှုစရာမလိုအပ်ပါဘူး'

'ဘာဗျ'

ခေါနက်ဝန်းလဲ ဗီ၏ အော်ဟစ်လိုက်သောအသံက ကျယ်လောင်သွားသဖြင့် ဖူယန်မှာ မျက်လုံးလေး ပြူးကျယ်ကာ ထိတ်လန့်ကြောက်ရွံ့သွားသည်။

'ခင်ဗျားက ကျုပ်ကို စိန်ခေါ်တဲ့ သဘောပေါ့ ဟုတ်လား'

'မင်းထင်ချင်သလိုထင် လုပ်ချင်သလိုလုပ် ရတယ် ခေါနက်'



ဖူကွမ်ပေါင်က ခေါနက်ကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည် ထင်၏။ သူ၏မျက်လုံးများက နံရံတက်ချိတ်ထားသည့် ခေါနှစ်လက်ထံသို့ ရောက်ရှိသွားသည်။

သမီးဖြစ်သူ ဖူယန်ကိုလည်း နောက်သို့ အသာအယာ တွန်းရွှေ့လိုက်၏။

'ခင်ဗျားခေါခင်ဗျားယူနိုင်တယ် ဖူကွမ်ပေါင်'

သူ၏မျက်စိအာရုံသွားရာလမ်းအား ခေါနက်ကသိရှိသည်။ ထို့ကြောင့် သူက မျှတစွာ ခေါကိုင်ခွင့်ပေးသည်။

ဖူကွမ်ပေါင်က နံရံမှခေါနှစ်လက်ကို သွားရောက်ယူငင်သည်။ ခေါနက်ဝန်းလဲ ဗီက သူ၏ခါးမှ ခေါနက်ကြီးကို ဆွဲထုတ်လိုက်၏။

မိန်းမပျိုလေးဖူယန်မှာမူ သိုင်းသမားနှစ်ဦး၏ ခေါပွဲအား မျက်စိသူငယ်ဖြင့် ထိတ်လန့်ကြောက်ရွံ့စွာ ကြောင်ငေးကြည့်နေရှာသည်။

တစ်ချိန်က သိုင်းဆရာဟောင်းကြီးနှင့် ယခု သိုင်းသမားလူရွယ်တို့၏ ရင်ဆိုင်တိုက်ပွဲပင် ဖြစ်ပါ၏။

ဖူကွမ်ပေါင်ကား တစ်ချိန်က သိုင်းလောကဝယ် ခေါနှစ်လက် ကိုင်စွဲပြီး နာမည်ရယူခဲ့သူတစ်ဦး ဖြစ်လေသည်။

( ၁၅ )

ရွှေကောင်းမြို့ကောက် အာမခံ ပို့ဆောင်ရေး လုပ်ငန်းကို စီးပွားရေးအရ ထူထောင်လုပ်ဆောင်သောအခါမှ သိုင်းလောကနှင့် အတန်ငယ် ကင်းကွာသွားခဲ့ရသူ ဖြစ်သည်။

သို့ရာတွင် သိုင်းလောကဝယ် လေးစားကြရသော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်သည်။

သူ၏ သိုင်းတပည့်များ အကြားမှာ ရွှေကောင်းမြို့ကောက် အာမခံ လုပ်ငန်းတွင်သာ ဝင်ရောက် လုပ်ကိုင်နေကြလေသည်။

သူကိုယ်တိုင်ကလည်း ရွှေကင်းမြီးကောက် လက်ရွေးစင် လုံခြုံရေး သိုင်းသမားတပ်ဖွဲ့ကို စုစည်း တည်ထောင်ထားခဲ့သည်။

ထိုလက်ရွေးစင် သိုင်းသမားများမှာ အဆူးပစ္စည်းများ အရေးကြီးကိစ္စရပ်များ၌ လိုက်ပါစောင့်ရှောက်ကြရ၏။

ရွှေကင်းမြီးကောက် သခင်ကြီး ဖူကွမ်ပေါင်နှင့် ဓားနက် သိုင်းသမား ဝန်းလီတို့ကား သိုင်းလောက၌ သူ့အချိန် သူ့အခါဝယ် နာမည်ရ ထင်ရှားခဲ့သူများ ဖြစ်ကြသည်။

ယခုတော့ ထိုနှစ်ဦးမှာ မျက်နှာချင်းဆိုင် အပြင်းအထန် တိုက်ခိုက်ကြရန် အဆင်သင့် ဖြစ်နေကြလေပြီ။

ဖူကွမ်ပေါင်က ဓားနှစ်လက်အား ကျင်လည်စွာ ဝှေ့ယမ်း ကစားလိုက်၏။ သူ၏ ဝယ်မှုဂါးကွက်များအား ပြန်လည်၍ သွေးပူရန် နွေးလိုက်ခြင်းသာ ဖြစ်၏။

ဓားနှစ်လက်မှာ လှုပ်ရှားမှု ပြင်းထန်လှသဖြင့် လက်ထဲ တွင်ပင် ပျောက်ရှနေလေသည်။

လက်ချည်း လှုပ်ယမ်းနေသည်နှင့်ပင် တူသေးတော့၏၊

'ဝှစ် ဝှစ် ဝှစ်'

'ဝှီး ဝှီး ဝှီး'

ဝန်းလီသည် ရွှေကင်းမြီးကောက် ဖူကွမ်ပေါင်၏ ဓားရေးအစွမ်းပြမှုအား စိတ်လိုလက်ရ ပြုံးကြည့်နေရာမှ မည်သို့ စိတ်ကူးရသည်မသိ။ လျှပ်တစ်ပြက် ခုန်ပျံ လှုပ်ရှားလိုက်လေသည်။

'ဟိတ်'



သူက လက်ထဲမှ ဓားနက်ကြီးကို လေထဲဝယ် ဝှေ့ယမ်း လျက် ဖူကွမ်ပေါင်၏ ဓားနှင့် လက်ကြားထဲကိုးဝင်သွားခြင်း ဖြစ်၏။

'ထန် ထန် ထန်'

ဖူကွမ်ပေါင် နောက်သို့ ခုန်၍ ရှောင်တိမ်းလိုက်ရသည်။

ဓားချင်း ထိခတ်သံနှင့် ထွက်ပေါ်လာသော အသံများမှာ ဆူညံသွား၏။ သံချင်း ပွတ်တိုက်မှုမှ မီးပွားတို့သည်လည်း ပတ်ဝန်းကျင်သို့ လွင့်စဉ်ထွက်ကျလာခဲ့သည်။

ဓားသမားနှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး အလစ်မပေးစံ့တဲ့ သတိနှင့် စိုက်ကြည့်နေကြပြန်၏။

ဖူကွမ်ပေါင်က သူ၏ တစ်ချိန်က နာမည်ကျော် ဓားကွက် တစ်ကွက်ဖြစ်သည့် ရေဖြတ်လေဖြတ် ဓားကွက်နှင့် စတင်တိုက် ခိုက်၏။

ယင်းဓားကွက်မှာ ရေကို ထိုဓားချက်နှင့် ခုတ်ဖြတ်ချလိုက် လျှင် တိတိရိရိပြတ်သွားပြီး ရုတ်တရက် ပြန်မဆက်နိုင်ခဲ့ချေ။ ထို့အတူ လေကိုလည်း ထိုနည်းနှင်နှင် ခုတ်ပိုင်းလိုက်ပါက ထိုလေသည်လည်း အခြားလေများ အစားထိုးမဝင်နိုင်အောင် လစ်ဟာသွားရသည်ထိ ဖြစ်သည်။

ထို့ကြောင့် သူ၏ ဓားကွက်မှ ဓားချက်တို့က အလွန်မှပင် အရှိန်အဟုန် ပြင်းထန်ကာ အားပါလှပေသည်။

'ဝှစ် ဝှစ် ဝှစ်'

'ရှပ် ရှပ် ရှပ်'

လူ၏ ခန္ဓာနှင့်ထိလျှင် လူထိမှန်သော နေရာမှာ တိတိရိရိ ပြတ်ထွက်သွားပြီး ပကတိအတိုင်း ရှိနေဘတ်၏။ အနီစင်း ကြောင်းတစ်စင်းသာ ပတ်ပတ်လည် ပေါ်လာပြီး ထိုသူ့ရွှန်း နေရာမှ ထိမှန်သော နေရာကို လက်ညှိုးနှင့် အသာတွန်း ကြည့်လိုက်သောအခါတွင် ထိုဒဏ်ရာ ထိမှန်သော နေရာမှာ လုံးဝ ပြတ်ထွက်သွားခဲ့ပြီကို သိရှိရမည် ဖြစ်သည်။

ထိုမျှ ဓားချက်အရှိန်ပြင်းသော ဓားနှစ်လက်သား ဖူကွမ်ပေါင်၏ ရေဖြတ်လေဖြတ် ဓားချက်များအား ဝန်းလ ကပွတ်ကာသီကာ ရှောင်တိမ်းနိုင်ခဲ့သည်။

ဖူကွမ်ပေါင်၏ ဓားချက်ကို သူ အစွမ်းကုန် ကာကွယ်နေရ၏။ ထိုဓားချက်တစ်ချက်မျှ ထိမှန်ဒဏ်ရာရသည်နှင့် ပွဲကပြီးမည် ဖြစ်သည်။

ထို့အတူ သူ၏ ဓားချက်များကိုလည်း ကြည့်ပါဦး၊ ဓားနက်၏ စွမ်းပကားကလည်း ကြောက်ဖွယ်လိလိပင် ဖြစ်သည်။

သူ၏ ဓားအသွင်က နက်မှောင်နေလေသည်၊ ဓားအရွယ် အစားမှာလည်း အခြားသာမန်ဓားများထက် ပိုမို၍ ကြီးမား သည်။

ဝန်းလ၏ အဘွင်းအားနှင့် လွှဲခုတ်ခြင်း ခံရသောအရာ မှန်သမျှ၌ လူတစ်ဖက်ခန့် သစ်ပင်စည်လုံးပင် တုံးခနဲလဲကျ ပြတ်ထွက်သွားနိုင်ပါ၏။

အထူးခြားဆုံးကား ထိုဓားနက် သံသတ္တုအမျိုးအစားပင် ဖြစ်သည်။



ထိုသံမျိုးတွင် ပါဝင်နေသော အဆိပ်တစ်မျိုးက ထိရှသူ လူတို့ရွှေ့နှိုတို့အား အဆိပ်တက်၍ သေဆုံးစေနိုင်သည်။

ထို့ပြင် လူ သမားတော်များ၏ အဆိပ်ဖြေဆေးလည်း မကယ်တင်နိုင်သည့် အဆိပ်မျိုးဖြစ်ပြန်၏။

တိုစေ့နှင့် ပွန်းရုံမျှရုံမျှ ထိခိုက်မိလျှင်ပင် ထိုလူမှာ သေဆုံး၍ သွားချေပြီဖြစ်၏။

ထို့ကြောင့် သိုင်းလောကဝယ် ဓားနက် ဝန်းလ အား သိုင်းသမား အတော်များများက ကြောက်လန့် ထိတ်လန့်ကြ သည်၊ သူ၏ဓားစွမ်းကိုကြောက်ရွံ့ကြသည်မို့ သူ၏ ကေ့းအေး ရက်စက်သော စိတ်ဓာတ်ကိုလည်း ထိတ်လန့်ကြလေသည်။

သူ့ရှေ့၌ မတရားဟုထင်မြင်လျှင် မည်သို့သော ပုဂ္ဂိုလ် ဖြစ်စေ သူက ပါဝင်ပတ်သက်ကာ ရန်လုပ်တတ်မြဲ ဖြစ်၏။

သူက တိုက်ခိုက်တော့မည်ဟု ဆုံးဖြတ်ပါက ထိုတစ်ဖက် လူများ နောင်တမလွန်သို့ ကူးပြောင်းရမည်မှာ သေချာ သလောက် ဖြစ်သည်။

သို့ဖြင့် အများစုက ဝတ်ရုံနက်နှင့် ဓားနက်ကိုင်ဆောင် သော သူ့အား ရှောင်ကြဉ်လေ့ကြခြင်း ဖြစ်၏။

မည်သို့ဖြစ်စေ ဝန်းလ နှင့် ဖူကွမ်ပေါင်တို့၏ တိုက်ပွဲကား စံအိမ်နိုကြီး၏ လသာဆောင်ဝယ် မည်သူမျှ မသိနိုင်ကြဘဲ ပြင်းထန်စွာ ဖြစ်ပွားတော့သည်။

ဓားနက် ဝန်းလ က ဖူကွမ်ပေါင်၏ လျင်မြန်သွက်လက် သော ရေဖြတ် လေဖြတ်ဓားကွက်ကို ခုခံကာကွယ်ရန် မီးစကြာ ဓားကွက်ကို ထုတ်သုံးရ၏။

မီးကြောဓားကွက်မှာ အပူဒီဂရီများလွန်း ခြုံသော ဓားချက်များ ဖြစ်သည်။

ဝေ့ယမ်းလိုက်သော ဓားချက်မှ အပူလှိုင်းများက ရန်သူအား ဟပ်ကာ လောင်ကျွမ်းစေခြင်းဖြစ်သည်။ သူက ထိုမီးကြောဓားကွက်နှင့် စတင်တိုက်ခိုက်လိုက်သည်နှင့် ရွှေကင်းမြီးကောက် ဖူကွမ်ပေါင်မှာ မျက်နှာပျက်လျက် ခပ်ဝေးဝေးသို့ ခုန်ဆုတ်သွားခဲ့၏။

ဓားနက်၏ အပူလှိုင်းဟပ်မှုကို သူ မခံနိုင်ကြောင်း သိသာထင်ရှားလှပေသည်။ သူ၏ ပျာယီးပျာယာနိုင်စွာ ခုန်ပျံသွားသော လှုပ်ရှားမှုအား တွေ့မြင်လိုက်ရသည့် ဓားနက် ဝန်းလီက တဟားဟားနှင့် ရယ်မောရင်း ပြောင်လှောင်လိုက်လေတော့သည်။

‘ဟား...ဟား...ဟား ... ဘယ်လိုလဲ ဖူကွမ်ပေါင်ကြီးရဲ့ ဒီလောက်တောင်ပဲ အပူကြောက်ရသလားဗျ...ဟင်’

ဖူကွမ်ပေါင်မှာ အနားလည်း ကပ်မကပ်သာရဲ။ ဓားနက်၏ မီးကြောစက်ကွင်းထဲ သူ မဝင်ဝံ့တော့။ စက်ကွင်းလွတ်ရာ၌သာ နေလျက် ဓားနက်၏ လှုပ်ရှားမှုကိုသာ မျက်ထောင့်နီကြီးဖြင့် နှုတ်ခမ်းမွှေးထောင်ကာ ရှုကြည့်နေတော့၏။

သည်အတိုင်းဆိုလျှင် အခြေအနေက သူ့ဘက်မှ ရှုံးဖို့ သေချာသလောက် ဖြစ်နေပြီ။ ဖူကွမ်ပေါင် အခန်းထဲဝင်မှ ဖြစ်မည်။



သည်လသာဆောင်ဝယ် ဓားနက်၏ တိုက်ခိုက်မှုကို အသာလွတ် ခံနေသည်ထက် ပြန်လည်ခုခံနိုင်မည့် အခွင့်အရေး ရရှိမည့် စံအိမ်ခန်းအတွင်းသို့ သူ ဝင်ရလိမ့်မည် ဖြစ်သည်။

သို့ရာတွင် သူ၏သမီး ဖူယန်က လသာဆောင် အပေါက်ဝ၌ ရပ်နေဆဲရှိ၏။

သမီးလည်း သူနှင့်အတူ အခန်းတွင်း ဝင်ရောက်ပါမှ သူ့အဖို့ အခွင့်သာနိုင်မည် ဖြစ်လေသည်။

သို့ဖြင့် သမီးဖြစ်သူအား အခန်းတွင်းဝင်ရောက်ရန် သတိပေး အော်ဟစ်လိုက်၏။

‘အခန်းထဲ အမြန်ဝင်စမ်း သမီးရေ’

သူ၏ အော်ဟစ် သတိပေးမှုကြောင့် မိန်းကလေးက အခန်းပေါက်ဝ၌ ရပ်နေရာမှ စံအိမ်ခန်း အတွင်းဘက်သို့ လှစ်ခနဲ ဝင်ရောက်လိုက်သည်။

သို့သော် ဝန်းလီအား အခန်းထဲသို့ သူ ဝင်ရောက်လာမည် ဖြစ်ကြောင်း ကြိုတင် သတိပေးသလိုဖြစ်ရာ ဖူကွမ်ပေါင်၏ သမီးဖြစ်သူအား သတိပေး အော်ပြောလိုက်သည်နှင့်အတူ အခန်းထဲသို့ ခုန်ချဝင်လိုက်စဉ် ဓားနက်ကလေထဲမှပင် ဖူကွမ်ပေါင်၏ ခန္ဓာအား ဓားနက်ကြီးဖြင့် လှဲခုတ်ချနိုင်ခဲ့သည်။

‘ဝုစ်’

‘အား’

ဓားနက်က ဖူကွမ်ပေါင်၏ ခြေတစ်ဖက်အား ဖြတ်သ သွားခဲ့သည်။

‘ကိုး’

'အမယ်လေး'

ဓားချက်ထိမှန်သွားသော ဖူကွမ်ပေါင်မှာ လိုရာမရောက်ဘဲ အခန်းပေါက်ဝရှေ့ဝယ် ပစ်လဲကျသွားခဲ့သည်။

ဖခင်ဖြစ်သူ၏အော်ဟစ်သံကြောင့် ဖူယန်မှာလည်း ထိတ်လန့်ပြီး ဝယ်သံပါအောင် အော်မြည်လိုက်ရှာသည်။

သို့သော် ဖူကွမ်ပေါင်က အားမလျော့။ ကိုယ်ကိုလှိမ့်ပြီး အခန်းထဲဝင်သွားနိုင်ခဲ့သည်။

သူက အခန်းထောင့်တစ်နေရာရောက်သည်ထိ လှိမ့်သွားနိုင်ခဲ့၏။

ထိုအခန်းထောင့်ရှိ ဘူးလေးတစ်ဘူးထဲမှ တစ်စုံတစ်ရာကို နှိုက်ယူပြီး ဓားနက်အား ပစ်ခတ်လိုက်ပြန်ပါသည်။

ဓားနက်ဝန်းလီကလည်း မျက်စိလျင်သည်။ ဖူကွမ်ပေါင် တစ်ယောက် သူ့အားမနိုင်၍ ကောက်ကျစ်ပြီကို သိ၏။

အခန်းထဲ အတင်းထိုးဖောက်ဝင်ရောက်ကတည်းက သည်ခန်း၌ သူ့အား ပြန်လည်တိုက်ခိုက်ရန် တစ်စုံတစ်ခုသော လက်နက် ရှိနေနိုင်သေးသည်အား ရိပ်မိသိရှိလိုက်သည်။

ထို့ကြောင့် သူ့အား အခန်းထဲ မဝင်ရောက်နိုင်စေရန် ဓားနက်က တားဆီးလိုက်ခြင်းဖြစ်သည်။

သို့ရာတွင် ဖူကွမ်ပေါင်က ရအောင် ဝင်ရောက်သွားပြန်သောအခါ သူ၏ သိမ်းငှက်ကဲ့သို့သောမျက်စိက ရှင်လှသည်။ ဖူကွမ်ပေါင်၏ လှုပ်ရှားမှုအား ချက်ချင်းမြင်လိုက်သည်။



ပစ်ခတ် လွှတ်လိုက်သောအရာကို သူက လေဝယ် ခုန်ပျံသွားလျက် လက်ဝါးနှင့် အမိဖမ်းနိုင်ခဲ့၏။ သေးငယ်သော အရွယ်အစားရှိ အဆိပ်ငွေ့ လက်နက်ဗုံးတစ်လုံးပဲဖြစ်သည်။

ဖူကွမ်ပေါင် ပစ်ခတ်လိုက်သော ထိုဗုံးလေးက အမာခံတစ်ခုခုနှင့် ထိခိုက်မိသည်နှင့် ပေါက်ကွဲကာ အဆိပ်ငွေ့များ ပျံ့လွင့်လျက် အနီးဆုံးလူအား အဆိပ်မိ သေဆုံးစေနိုင်မည် ဖြစ်သည်။

ခုတော့ ထိုဗုံးလေးက ဓားနက်ဝန်းလီ၏ လျင်မြန်မှုကြောင့် မည်သည့်အမာခံနှင့်မျှ မတွေ့ထိနိုင်ဘဲ လက်ဝါးအတွင်းသာ ပိတ်မိဆုပ်ဖမ်းထားခြင်း ခံခဲ့ရပြီဖြစ်သည်။

'ဟဲ ဟဲ ဟဲ ဘယ်လိုလဲဖူကွမ်ပေါင်၊ ကျုပ်ကို နောက်ဆုံး ပြောသွားစမ်း၊ သေတ္တာနီလေး ဘယ်မှာလဲ၊ အင်း.... မပြောရင်တော့ ဟောဒီကျုပ်လက်ထဲက အဆိပ်ငွေ့ဗုံးက ခင်ဗျားတို့သားအဖအတွက်ပဲ ဖြစ်သွားမယ်နော်၊ မယုံမရှိနဲ့၊ ဒီမှာကြည့်'

ဝန်းလီက အဆိပ်ငွေ့ဗုံးလေးအား ဖမ်းဆုပ်ထားခဲ့သည်ကို ပြလိုက်ပြီး ပေါက်ရန် ရွယ်လိုက်ရာ....

'ဟော ဟော မလုပ်ပါနဲ့၊ ငါ ငါပြောပါ့မယ်၊ အဲဒီ သေတ္တာနီ ငါ့မှာ မရှိတော့ဘူး၊ နဂါးနက် ဂိုဏ်းချုပ်ကြီး ဇောင်ရမ်းဆီ ပို့လိုက်ပြီကွာ'

'ခင်ဗျား တကယ်ပြောတာလား ဖူကွမ်ပေါင်'

'ငါ မလိမ်ပါဘူးဓားနက်၊ အမှန်ပြောတာပါ'

အမှန်ဘကကယ်လည်း ဖူကွမ်ပေါင်က ဖွင့်ဟပြောခြင်းဖြ
၏။ ခါးနက်မမေးလည်း သူ့အဖို့ဖွင့်ပြောရမည် ဖြစ်သည်
အဘယ့်ကြောင့်ဆိုသော် နဂါးနက်ဂိုဏ်းချုပ် ဇောင်ရမ်
နှင့်တွေ့လျှင် သည်ခါးနက်ဝန်းလီ အသေအချာသေဆုံးရမည်
မဟုတ်ပါလား။

သူ့အား သေစေခဲ့သောသူအား နောက်ဆုံး သူဟတ်နိုင်
သည့် သေတွင်းသို့ သွားရောက်ရမည့်သတင်းကိုတော့ ပေး
ရမည်လေ။

နဂါးနက်ဂိုဏ်းချုပ် ဇောင်ရမ်းကား ခါးနက် အား
အမှန်ပင် သတ်ဖြတ်သုတ်သင်နိုင်မည်ဟု ဖူကွမ်ပေါင် ယုံကြည်
သွားသည်။

'ဟဲ ဒါဖြင့်လဲ ကျုပ်ခါးနက်အဆိပ်ဘက်ပြီး သေတာ
ကြာဦးမယ်ဗျာ၊ ခင်ဗျား ဝေဒနာခံစားနေရမယ်၊ ခင်ဗျား
အဆိပ်ကိုလဲ ကျုပ်က အမြဲမကိုင်ထားနိုင်ဘူး၊ ဒီတော့ ကိုယ့်
အဆိပ်နဲ့ကိုယ်သေတာ ကောင်းဆုံးပဲဗျ'

ခါးနက်က ပြောပြောဆိုဆိုပင် လက်ထဲမှ အဆိပ်ငွေ့ဗူး
လေးကို ဖူကွမ်ပေါင်အနီးသို့ ပစ်ချလိုက်တော့သည်။ ဖူကွမ်
ပေါင်၏ ပတ္တမြားလက်စွပ်ကိုလည်း ဆတ်ခနဲ ဆွဲချွတ်ယူလိုက်
ကာ သူကိုယ်တိုင်ကမူ လသာဆောင်သို့ ခုန်ထွက်လိုက်၏။

'ဝုန်း'

အဆိပ်ငွေ့ဗူးလေး ပေါက်ကွဲသွားခဲ့လေပြီ။

ဖူကွမ်ပေါင်၏ စံအိမ်နီလသာဆောင်မှ အဆိပ်ငွေ့အချ
လွင့်ပျံထွက်လာကြသည်။ ခါးနက်ဝန်းလီကား လသာ



ဆောင်အပေါ်ထပ်မှ အောက်သို့ခုန်ချသွားခဲ့လေပြီဖြစ်သည်။

စံအိမ်နီကြီး၏ အပေါ်ဆုံးထပ် အခန်းတွင်း၌ကား ရွှေ
ကင်းမြီးကောက် ဖူကွမ်ပေါင်မှာ အဆိပ်ငွေ့များမိလျက်
သေဆုံးသွားခဲ့ရပြီဖြစ်သည်။

'ဖေဖေ...ဖေဖေဘယ်မှာလဲဟင်'

မိန်းမပျိုလေးဖူယန်မှာမူ နှုတ်မှ သူမ၏ဖခင်အား တတွတ်
တွတ် ခေါ်ဆိုလျက် မျက်လုံးအစုံ၌ မည်သည့် မြင်ကွင်းကိုမျှ
မမြင်ရတော့ဘဲ စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းရှာဖွေနေ
ခဲ့လေသည်။

အဆိပ်ငွေ့ဗူး ပေါက်ကွဲသံကြောင့် စံအိမ်နီမှ အိမ်သူ
အိမ်သား အမှုထမ်းတို့ ရောက်ရှိလာကြသောအခါ သူတို့၏
သခင်ကြီး ရွှေကင်းမြီးကောက်ဖူကွမ်ပေါင်မှာ သေဆုံးနေ
သည်အား တွေ့ရှိကြရပြီး သခင်မလေးဖူယန်မှာမူ မျက်လုံး
အစုံမှ မျက်ရည်ပူများ ယိုစီးကျဆင်းလျက် အမြင်စွမ်းအား
လုံးဝပျောက်ကွယ်သွားရှာသည်ကိုသာ တွေ့ဆုံကြရလေတော့
သည်။

'အို သခင်မလေး၊ ဖြစ်မှဖြစ်ရလေ'

အိမ်သားအချို့ကသူမအားဝမ်းနည်းပက်လက်ဝင်ရောက်
ပွေ့ဖက်စဉ် သူမ၏နှုတ်မှ တတွတ်တွတ်နှင့် ရေရွတ်နေသံကို
ကြားကြရ၏။

'ခါးနက်ဝန်းလီဆိုတဲ့ လူယုတ်မာ၊ ဖေဖေ့ကို သတ်သွား
ပြီး ငါ့ကို မျက်လုံးကန်းအောင်လုပ်သွားတယ်'

( ၁၆ )

## နဂါးနက်ဂိုဏ်းချုပ် ဇော်ငြမ်း

တောင်ထွတ်မှ အောက်ဘက်သို့ ငုံ့ကြည့်လိုက်လျှင် တောင်အား ပတ်ခွေ၍ဆင်းသွားသည့် နဂါးပတ်လမ်းကြောင်းလေးကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။

တစ်စုံတစ်ယောက်သည် တောင်ထိပ်သို့ တက်ရောက်လာခဲ့သော် အပေါ်မှ စီးမြင်နိုင်ပေသည်။

အရပ် လေးမျက်နှာသို့လည်း သည်နေရာမှ လှမ်းမျှော်ကြည့်ရှုလျှင် အထင်းသား မြင်တွေ့နေနိုင်၏။

ထိုတောင်ထွတ်အား နဂါးပတ်တောင်ထွတ်ဟု ခေါ်သို့သည့် အန္တရာယ်များပြွမ်းတီးသော နေရာတစ်ခုသာ ဖြစ်လေသည်။

နဂါးနက်ဂိုဏ်းချုပ်ကြီး ဇော်ရမ်းသည် အပေါ်ပိုင်း ဗလာကျင်းလျက် သိုင်းလေ့ကျင့်မှုတစ်ခုအား ပြုလုပ်လျက်ရှိလေသည်။

အသက်အရွယ်အားဖြင့် ငါးဆယ်ကျော် ခြောက်ဆယ်အရွယ်သို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်သော်လည်း သူ၏ကိုယ်ခန္ဓာ ကြံ့ခိုင် တောင့်တင်းမှုမှာ လူရွယ် တစ်ဦးကဲ့သို့ ကျန်းမာသန်စွမ်းဆဲ ရှိသေးသည်။ ခန္ဓာကိုယ်ရှိ ကြွက်သားများမှာ အမြောင်းလိုက်အထစ်လိုက် ကြောက်ရွံ့ရှုံ့ရွာဖွယ်ရာ ရှိနေ၏။

သူက တဟူးဟူးနှင့်တိုက်ခတ်နေသည့် တောင်ပေါ်လေချွင်းအား တဝကြီး ရှူရှိုက်လျက် အတွင်းအားများကို စုစည်းနေခြင်းဖြစ်သည်။

လက်နှစ်ဖက်ကို ဆန့်တန်းလျက် လက်ဝါးနှစ်ဖက်ကို ဖြန့်ထားကာ သူ၏ခန္ဓာကိုယ်ဆီသို့တဖြည်းဖြည်းချင်းဆွဲယူလာပြီး ရုတ်တရက် ဆန့်ထုတ်လိုက်ရာ ဝုန်းခနဲ လေတိုးသံ မြည်ဟည်းသွား၏။ သူ၏ အတွင်းအားဖြင့် လေထုတို့ကို သိမ်းကျုံးဆွဲယူလာပြီး ရိုက်ပုတ်ထုတ်လိုက်ခြင်း ဖြစ်သည်။

တစ်ဖန် ဘေးသို့ လက်ဝါးထိုးရိုက်ချလိုက်ပြန်ရာ ဝုန်းခနဲ မြည်ညံသွားပြန်၏။ ယိုနည်းနှင့် သူ၏လက် သူ၏ခြေ သူ၏



ခန္ဓာကိုယ် လှုပ်ရှားလိုက်တိုင်း လေထုနှင့်အရှိန်ပြင်းစွာ ထိခိုက်မိပြီး အသံတို့ မြည်သွားသည်ချည်း ဖြစ်သည်။

သူက ခန္ဓာကိုယ် လေထဲ၌ကျွမ်းထိုးလိုက်သည်။ ရွှယ်နှင့်မလိုက်အောင် ပေါ့ပါးသွက်လက်လှသည့် လှုပ်ရှားမှုမှာ အံ့ဩစရာ ကောင်းလှသည်။ သူ၏ခန္ဓာမှာ ရဟတ်တစ်စင်းနှယ် လေ၌ ပတ်ချာလည်လှည့်ပြီး ဝေး... သော တစ်နေရာဝယ် ခြေထောက်နှင့် ပြန်ကျရောက်သည်။

ထို့နောက် မြေအောက်၌ရှိသည့် ကျောက်မြေမာအား ဖနောင့်နှင့် ဆောင့်ချလိုက်ရာ ကျောက်သားမှာ ကြေမွသွားခဲ့သည်။ နဂါးပတ်တောင်ထွတ်၌ကား မည်သည့်သီးပင် သစ်ပင်မျှမရှိ။ ကျောက်သားအတိရှိသော တောင်ထိပ်ကတုံးတစ်ခုသာ ဖြစ်သည်။ ကြည့်လေရာဝယ် ကျောက်တောင်များနှင့် မိုးသားပြာ ပြာပြာကိုသာ တွေ့ရှိရမည် ဖြစ်၏။ တစ်ခါတစ်ရံ မြူခိုးများနှင့် လွှမ်းခြုံထားသဖြင့် အချ် လေးမျက်နှာမတ်ဝန်းကျင်အား မတွေ့ရှိနိုင်။ ယခုအချိန်၌ နေ့လယ်မွန်းတည့်အခါသမယဖြစ်၍ နေရောင်အလင်းဖြင့် အစူရှိန်က တောက်ပနေခဲ့သည်။

နဂါးနက်ဂိုဏ်းချုပ်ကြီး ဇော်ရမ်းမှာ ခန္ဓာကိုယ်ကြီးကို လှုပ်ရှား လေ့ကျင့်နေသဖြင့် ချွေးများက ရေချိုးထားသည့်နှယ် ရွှဲနစ်နေလေသည်။

ထို့ကြောင့် ကြောက်ရွံ့စရာ ကြွက်သားအဖုအထစ်များကလည်း ချွေးများနှင့် ပိုမို၍ ကြံ့မား ဖွံ့ထွားနေသယောင်ထင်ရ၏။

'ဖြောင်း'

သူက လှုပ်ရှားမှုကို ရပ်တန့်လျက် လက်ခုပ်တစ်ချက် တီး လိုက်သည်။ တစ်ဖန် မျက်မှောင်ကြီးကိုကြုတ်လျက် နှုတ်ခမ်း မွေးများနှင့် ဖုံးအုပ်ထားသော ပါးစပ်ကြီးကိုမဲ့ကာ တစ်ခုနေရာ သို့ စိုက်ကြည့်နေ၏။ ထိုနေရာကား ကျောက်တုံးတစ်တုံးသာ လျှင် ဖြစ်သည်။ ထိုကျောက်တုံးများ တဖြည်းဖြည်း ကြွတက် လာသည်ကို တွေ့ရ၏။ ကျောက်တုံးအောက်၌ အပေါက် တစ်ခု ပေါ်လာလေသည်။

ယင်းအပေါက်မှ လူတစ်ဦး လှံတံရှည် တစ်ချောင်းကို ကိုင်စွဲလျက် ထွက်လာသည်။

လူကောင်ထွားထွား မျက်လုံးပြူးပြူး ဦးပြည်းပြောင် ပြောင် ဗလာကိုယ်ကျွတ်နှင့် ဖြစ်သည်။

သူက မပြောမဆို ဇောင်ရမ်းအား လှံတံရှည်နှင့် တစ်ရှိန် ထိုး တိုက်ခိုက်လာသည်။ ဇောင်ရမ်းက ထိုလှံသွားအား လက်ဝါးနှင့် ဆတ်ခနဲ ဆုပ်ဖယ်လျက် ထိုလက်တစ်ဖက်နှင့်ပင် လှံသွားကို ပင့်ထောင်လိုက်ရာ လှံသွားနှင့်အတူ လူထွားကြီး ပါ တန်းလန်းကြီး လိုက်ပါသွားခဲ့လေသည်။

ဇောင်ရမ်းက ထိုလှံသွားအား ပဲ့တ်ချလည် ဓော့ ယမ်း လိုက်လေရာ လှံသမား လူထွားကြီးမှာလည်း လှံနှင့်အတူ ရဟတ်တစ်ခုနှယ် ပတ်ချာလည်နေခဲ့တော့သည်။

ထို့နောက် လှံသွားကို ကျောက်တုံးတစ်တုံးအား ချိန် ရွယ်လျက် ပစ်ခတ်လိုက်ပြန်ပါသည်။

'ဒုတ်'



'အင့်....အင့်'

လှံတံမှာ လှံသမားကိုင်လျက်တန်းလန်းနှင့် ကျောက်တုံး အား သွားရောက်စိုက်ဝင်၏။

လှံသမား လူရွယ်မှာမူ ကျောက်တုံးတစ်တုံးနှင့် ဝင် ဆောင့် မိ၏။

'ဖြောင်း....ဖြောင်း'

ဇောင်ရမ်းက လက်ခုပ်နှစ်ချက်တီးကာ တစ်နေရာသို့ စိုက် ကြည့်ပြန်သည်။ ကျောက်တုံးတစ်တုံးက ကြွတက်လှုပ်ရှားလာ ခဲ့ပြန်၏။

ထိုကျောက်တုံးအောက်မှ လူတစ်ဦး ထွက်ပေါ်လာ သည်။ လက်ထဲတွင် ဓားတစ်လက် ကိုင်စွဲ၍ ဖြစ်သည်။ သူက မျက်ခုံးမွေးထူထူ ဆံပင်က ကျစ်ဆံမြီးကျစ်ထား၏။ ပါးမြိုင်း မွေးက ဗရပျစ်နှင့် လက်တံခြေတံရှည်ရှည်နှင့် ဖြစ်သည်။

'ဝှစ်...ဝှစ်'

'ဝှစ်....ဝှစ်'

'ဟိတ်'

ဓားသမားမှာဖ က်သိုင်းပြီး ဓားပြားကြီးကိုလွှဲကာ ဇောင် ရမ်းအား လျှပ်တစ်ပြက် ဝင်ပိုင်းချ၏။

'ဝှီး'

ဇောင်ရမ်းကလည်း လျင်မြန်စွာ ဓားသွားအား လက်မ

ဂ နှစ်ဖက်နှင့် ညှပ်ဖယ်လိုက်၏။

'ရှပ်'

ခေါ်သမားက ခေါ်ကို ပြန်လည် ရှုနိုးနိုင်တော့၏။ သို့သော် ခေါ်မှာ စိုးစဉ်းမျှ မရွေ့လျား။

'အီး အီး အီး'

သူက အတွင်းအားသုံးပြီး ရုန်းပြန်သည်။ ခေါ်မှာမလွှပ်၊ ဇောင်ရမ်းက အံကိုကြိတ်ကာ လက်ဝါးနှစ်ဖက်ထဲ အတွင်းအားများကို ပို့လွှတ်လိုက်သည်။

လက်မောင်းကြောကြီးများအား ထောင်ထ လာသည်ကို တွေ့ရ၏။

'ဖြောင်း'

'ဟာ'

ခေါ်မှာ ထက်ပိုင်းကျိုးသွားလေသည်။ ခေါ်ဖျားက ဇောင်ရမ်း၏ လက်ဝါးနှစ်ဖက်ကြား၌ ညှပ်မိလျက်သားရှိသည်။

ခေါ်ရင်းက ခေါ်သမား၏လက်ဝယ် ပြန်လည်လွတ်မြောက်ပါသွား၏။

'ဝှစ် ဝှစ် ဝှစ်'

ထိုခေါ်ထက်ပိုင်းကျိုးအား ခေါ်သမားက ဘယ်ညာဝှေ့ယမ်းသည်။

'ဝှစ် ဝှစ်'

'ထန် ထန်'

ခေါ်ကျိုးဖြင့် ခေါ်သမားက ဝင်တိုက်ပြန်လေသည်။ နဂါးနက် ဂိုဏ်းချုပ်ကလည်း သူ့လက်ထဲရှိ ခေါ်ဖျားပိုင်းနှင့် ပြန်လည် ခုခံသည်။ ခေါ်သမားအား ဇောင်ရမ်းက လုံးဝပြန်လည်



တိုက်ခိုက်ခြင်း မရှိသေး၊ တိုက်ခိုက်မှုအားသာ ပြန်လည်ခုခံလျက်ရှိခြင်း ဖြစ်သည်။

တစ်ကြိမ်ဝယ် ခေါ်သမားက ခေါ်ကျိုးဖြင့် အုပ်မိုးခုတ်ချပြန်သည်။ ဇောင်ရမ်း၏ခေါင်း ငယ်ထိပ်ဘည့်ဘည့်သို့ ဖြစ်သည်။

'ဝှစ်'

'ရှပ်'

သည်တစ်ကြိမ်၌လည်း ဇောင်ရမ်းက လက်ညှိုးနှင့် လက်ခလယ်ဖြင့် ခေါ်သွားကို ညှပ်ဖမ်းသွားနိုင်ပြန်သည်။

ခေါ်သွားမှာ လက်ချောင်းများကြား၌ မလှုပ်နိုင် မရှားနိုင် မိသွား၏။ ခေါ်သွားကို ခေါ်သမားက အားကုန်ဖိနှိပ်ချ၏။ ခေါ်က လက်နှစ်ချောင်းအားကို မလွန်ဆန်နိုင်။

'ဟိတ်'

ဇောင်ရမ်း လက်ကို ဝှေ့ယမ်းချလိုက်ရာ ခေါ်သမားမှာ လွင့်စဉ်ပြီး ထွက်သွား၏။

သို့သော် ခေါ်ကျိုးကမူ ဇောင်ရမ်း၏လက်ချောင်း နှစ်ချောင်းကြား၌ ကျန်ရစ် ညှပ်မိနေဆဲပင်။

ခေါ်သမားခမျာ ကျောက်သားနံရံနှင့် ရိုက်မိပြီး မြှမထနိုင်ရှာတော့။

'ဖြောင်း ဖြောင်း ဖြောင်း'

ဇောင်ရမ်းက လက်ခုပ်သုံးချက် တီးလိုက်ပြန်သည်။ ထိုအခါ တစ်ခုသော ကျောက်တုံးတစ်တုံးကား ရွေ့သွားသည်။

ကျောက်တုံးအောက်အပေါက်မှ လူတစ်ဦး တက်လာပြန်၏။ ၎င်း၏ လက်၌ မျက်နှာသုတ်ပဝါကြီး တစ်ထည်နှင့် ဝတ်ရုံနီကြီးတစ်ထည်ကို ပွေ့ယူလာ၏။

သူကား ဇောင်ရမ်း၏ ခန္ဓာချွေးများကို မျက်နှာသုတ်ပဝါကြီးဖြင့် သုတ်ပေး၏။ အသေအချာ ကျနစွာသုတ်သင်ပြီးမှ ဝတ်ရုံနီကြီးကို လွှမ်းခြုံပေးလိုက်၏။

ထိုဝတ်ရုံနီကြီးပေါ်၌ အနက်ရောင် နဂါးကြီး၏ ရုပ်ပုံများ ကြောက်ရွံ့ထိတ်လန့်စရာ ကောင်းလှအောင် မာန်ဖီနေလေသည်။

'သိုင်းဂိုဏ်းပေါင်းစုံ စွမ်းရည်ပြပွဲအား နီးလာပြီလား သခင်ကြီးခင်ဗျာ'

'အိမ်း....နီးကပ်လွန်းလို့ ငါ နေ့စဉ် ခုလို အပြင်းအထန် လေ့ကျင့်နေရတာပေါ့ကွ'

'သခင်ကြီးအစား ပင်ပန်းလှပါတယ် ခင်ဗျာ'

'ဖြောင်း'

ထိုသိုင်းသမားမှာ ဇောင်ရမ်း၏ လက်ဝါးစောင်းစာမိပြီး နောက်ဘက်သို့ ယိမ်းယိုင်လဲကျသွား၏။

'ပင်ပန်းတယ်ဆိုတဲ့စကား ဘယ်တော့မှ မကြားချင်ဘူး။ ငါ့အတွက် အချိန်ဆိုတာ အင်မတန်နည်းလှတယ်'

သိုင်းဂိုဏ်းပေါင်းစုံ စွမ်းရည်ပြပွဲမှာ သိုင်းလောကတစ်ခုလုံးက ငါ့ကိုမယှဉ်နိုင်အောင် ငါလျှို့ဝှက်လေ့ကျင့်နေခဲ့ကွ၊ တစ်နေ့ သိုင်းလောကကို ငါ့လက်နှစ်ဖက်မှာ ထည့်ပြီး ချေပစ်မယ်ဟေ့။



'အဲဒီ စွမ်းအားတွေရအောင် ငါ့အဖို့ အချိန်တိုင်းဟာ ပင်ပန်းတယ်၊ မဖြစ်နိုင်ဘူးဆိုတဲ့စကားနောက်ဘယ်တော့မျှ မှ ငါ့ရှေ့လာမပြောနဲ့ မှတ်ထား'

တပည့်ဖြစ်သူ နဂါးနက် ဂိုဏ်းသား သိုင်းသမားအား ဇောင်ရမ်းက ကြိမ်းဝါးနေခဲ့လေသည်။

ဂိုဏ်းသားခများ မြေပြင်ထက်လဲနေရာမှ သူ၏သခင်ကြီး ဇောင်ရမ်းအား အံ့သြထိတ်လန့်စွာ မော့ကြည့်နေရှာမိလေသည်။

'ဟို စ်ကောင် အဆိပ်လက်ဝါးနဲ့ ဓားမုန်တိုင်းတို့ရော ကျင်းထဲ ရှိကြရဲလား'

'မရှိကြပါဘူး သခင်ကြီး၊ တောင်အောက်ဆင်းသွားကြပါတယ်'

'ဟင်... ဒီနှစ်ယောက်ဟာ ငါ့လက်ရုံးတွေလုပ်နေပြီး ငါ နားမှာမနေဘူး၊ တောက်'

'သခင်ကြီးလေ့ကျင့်နေစဉ်က ရှိကြပါတယ်၊ တောင်ခြေမှာ လူရိပ်မြင်လို့ဆိုပြီး ဆင်းလိုက်သွားကြတာပေါ့'

'အေး... ဒါဆို မသာတစ်လောင်း ဖြစ်ဦးမှာပေါ့ကွာ၊ အဆိပ် လက်ဝါးဓားလား၊ ဓားမုန်တိုင်း လက်ချက်လား ဟား ဟား ဟား'

* * *

ဓားနက် ဝန်းလ°သည် နဂါးနက်ဂိုဏ်းချုပ် တည်ရှိရာ နဂါးပတ်တောင်ခြေသို့ ရောက်ရှိလာခဲ့လေသည်။

သည် နဂါးပတ်တောင်ထိပ်ဝယ် နဂါးနက်ဂိုဏ်းချုပ်ကြီး ဇောင်ရှမ်းဆိုသူနှင့် သူ့ရင်ဆိုင်ဖို့ဖြစ်သည်။

ရွှေကင်းမြီးကောက် ဖူကွမ်ပေါင်၏ ပြောပြချက် အရ မြေပုံစာညွှန်းထည့်ထားသည့် သေတ္တာနီလေးမှာ ဤနဂါးနက် ဂိုဏ်းချုပ်ကြီးထံဝယ် ရှိနေရမည် ဖြစ်၏။

ထို သေတ္တာနီလေးအား ပြန်လည်တောင်းဆိုရန် ရောက်ရှိလာခြင်းဖြစ်၏။ သည်နဂါးနက်ဂိုဏ်းချုပ်ကြီး ဇောင်ရှမ်းက ငြင်းဆိုခဲ့ပါက တိုက်ခိုက်ဖို့ သူဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ ဖြစ်သည့်နည်းဖြင့်သည်း သေတ္တာနီလေးအား ရယူရန်သန္နိဋ္ဌာန် ချ၍ လာခဲ့၏။

မြင်းပေါ်မှ နဂါးပတ်တောင်ထိပ်သို့ လှမ်းမျှော် ကြည့်မိသည်။

သူ၏ဦးခေါင်းမှာ တောင်ထိပ်ကို မြင်နိုင်ရန် အဆုံးစွန် မော့ထားရသည်။

ကျောက်သားတို့ဖြင့်ပြီးသော နဂါးပတ်တောင်ထိပ်ကား ပျပျရေးရေးသာ ဖြစ်ရလေသည်။

'ဟင်း....ဒီနဂါးနက်ဂိုဏ်းချုပ်ကလဲ ကြံကြံဖန်ဖန် ဒီလို တောင်ကတုံးပေါ်မှာမှ လာနေရသလား ထွီ'

သူက စိတ်ပျက်လက်ပျက်နှင့် ညည်းညူလိုက်မိ၏။



ဓားနက်ဝန်းလ° ပြောမည်ဆိုလျှင် ပြောစရာ ဖြစ်သည်။ နဂါးပတ်တောင်ဆိုသည်ကား မည်သို့မှသာယာနေပျော်ဖွယ် မရှိသည့် ဒေသတစ်ခုဖြစ်သည်။

သစ်ပင်သီးပင်ဟူ၍ မရှိ။ အရိပ်အာဝါသဟူ၍မရှိ၊ နေပူလျှင် ခြစ်ခြစ်တောက်ပူ၍ ချမ်းအေးပြန်လျှင်လည်း ခိုက်ခိုက် တုန်အောင် အေးလှသောအရပ်သာဖြစ်သည်။

ခုလည်း သူက သတင်းကြားနှင့်လာရောက်ခဲ့ရခြင်း ဖြစ်သည်။

နဂါးနက်ဂိုဏ်းက ဌာနချုပ်တည်ရှိရာဒေသဟုသာ ပြော သည်။ မည်သည့်အစောင့်အကြပ်မျှ မတွေ့ရတဲ့ ဂိုဏ်းအဖွဲ့ အစည်းဝေး၍ လူသူအရိပ်အယောင်ပင် မမြင်ရ။

ညွှန်ပြလိုက်သူတိုင်းကမူ နဂါးပတ်တောင်သည် အန္တရာယ် များ ပြမ်းတီးရာဒေသဖြစ်၍ သတိဝီရိယထား၍သွားပါရန် သတိပေးလိုက်ကြလေသည်။

'ဟား ဟား ဟား အန္တရာယ်ကျရောက်ဖို့နေနေသာသာ အန္တရာယ်ကို လိုချင်ပါတယ်လို့ ငိုပြီး တောင်းဆိုတာတော င် အန္တရာယ်နဲ့တူတာဆိုလို့ကျောက်တုံးတွေပဲရှိတယ်၊ ဒီကျောက် တုံးတွေ အသက်ဝင်ပြီး အန္တရာယ်ပေးမှသာ အန္တရာယ်ဆိုတဲ့ တောင်ကို မြင်ဖူးမှာထင်တယ်'

သူက မှာကြားသူများ၏စကားကို တစ်ကိုယ်တည်း ပြက် ရယ်ပြု ဟားတိုက်နေခဲ့လေသည်။

'ဟော ဟော ဟော'

သူ့စကားဆုံးတော့ ရယ်မောသံအချို့ကို သူကြားလိုက်ရ၏။ သူတစ်ဦးတည်းရှိသောအချပ်မှ သူကအရယ်ရပ်သွားခဲ့ပြီး ဖြစ်သည်။ ရယ်မောသံကမူ ကြားနေဆဲ။ မည်သည့်နေရာမှ မည်သူ့တွေရယ်နေသနည်း။

မြင်ကွင်း၌မူ မည်သို့သောလူသူမျှမတွေ့။ သူ့အား တောချောက်နေသည်များလား။ တောချောက်ရအောင်ကလည်း ခုဟာက တောမဟုတ်၊ တောင်သာ ဖြစ်သည်။ တောင်မှ ကျောက်တောင်ကတုံး၊ ကျောက်တုံးများသာရှိသည်။

'ဟော... ဟော ...ဟော....ဟော'

အသံများက ထပ်မံကြားနေရပြန်သည်။ ဓာ နှစ်လက်ဝန်းလ ည်း မခံနိုင်ပါလေတော့။

'ဟေ့....ဘယ်သူတွေ ရယ်နေတာလဲ၊ သတ္တိရှိရင် အပြင်ထွက်ရယ်ကွ၊ မိန်းမကျောင့်မိန်းမကြံနဲ့ လျှို့ဝှက်ရယ်မနေနဲ့'

ထိုသို့သူက စိတ်ပေါက်ပေါက်နှင့် အော်ပြောလိုက်သောအခါ ရယ်သံများမှာ တဒင် တိတ်ဆိတ်သွားတော့၏။

သို့ရာတွင် သူနှင့်မလှမ်းမကမ်းမှ ကျောက်တုံးကြီးတစ်တုံး လှုပ်ခနဲဖြစ်သွားသည်။

'ဟင်'

သူ မျက်စိများမှားသလားဟု ထင်ပြီး ပွတ်သပ်ကြည့်သည်။

ထိုကျောက်တုံးကြီးက ငြိမ်သက်နေပြန်၏။ သို့သော် အခြားကျောက်တုံးတစ်တုံးက လှုပ်ခါသွားပြန်သည်ကို တွေ့သည်။



'ဟ'

သူ မျက်လုံးအစုံကို ပွတ်ချပြန်၏။ ယင်းကျောက်တုံးက ငြိမ်သက်နေလေသည်။

'ငါလိုတော့လဲ မလှုပ်ပါလား၊ ငါ့မျက်စိကိုက ခရီးပန်းလာလို့ ကယောင်ချောက်ချား ဖြစ်တာထင်တယ်'

ဓားနက်ဝန်းလ ထိုသို့ စိတ်ထဲထင်မိနေစဉ် ထိုကျောက်တုံးက ဖြုန်းခနဲ မြောက်တက်လာကာ သူ့ထံ အရှိန်နှင့်ပြေးဝင်လာ၏။

သူက သတိရှိသူပီပီ နှန်ပျံကာ နောက်သို့ ဆုတ်လိုက်နိုင်သဖြင့် ထိုကျောက်တုံးကြီးက သူ့အား လာရောက်မထိမှန်ခြင်း ဖြစ်သည်။ ကျောက်တုံးနောက်ပါးမှ လူတစ်ယောက်ခုန်ထွက်လာသည်ကို တွေ့ရ၏။ အဖြူရောင်ဝတ်စုံနှင့် ကျစ်ဆံမြီးနှစ်ချောင်းနှင့် လက်ဝါးနှစ်ဖက်ကို ထောင်လျက် သူ့အား ရင်ဆိုင်လာသည်ကို တွေ့ရသည်။

'ဟေ့....ခင်ဗျားဘယ်သူလဲ.... မြေဖုတ်သရလား'

မြေကျင်းထဲမှ ခုန်ထွက်လာသူဖြစ်၍ သူက မေးမြန်းလိုက်သဖြင့်....

'ငါ့နာမည် သံဆူးအဆိပ်လက်ဝါး ကျင့်စွမ်းတောက်'

သည်တော့မှ ထိုသူ၏ လက်ဝါးနှစ်ဖက်ကို ကြည့်မိသည်။ သံဆူးများကိုစွပ်ထားသည့် သံလက်အိတ်နှင့်လူကိုး။ ထိုစဉ်ခပ်လှမ်း လှမ်းမှ ကျောက်တုံးတစ်တုံးက လှစ်ခနဲဖြစ်သွားပြန်သည်။

'ဝုန်း'

သူ့အဘားမှ ကျောက်တုံးကြီးမှာ ဦးခနဲ အောင်မြည်၍ ဖြတ်သန်းသွားပြန်သည်။

ထိုကျောက်တုံးနောက်ပါးမှ လူတစ်ဦး ခုန်ထွက်လာပြန်သည်၊ သူကမူ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ကာ လက်တွင် ဓားတစ်ချောင်း ကိုင်ဆောင်ထားပြန်သည်။

'လာပြန်ပြီ မြေဖုတ်ဘီလူးတစ်ယောက်'

'ငါ့နာမည်ရှိတယ်ကွ၊ ဓားမုန်တိုင်း လူစုန်း'

ဓားမုန်တိုင်းမကလို့ သဲမုန်တိုင်းဖြစ်ဖြစ် ကျုပ်အလုပ် မဟုတ်ဘူး၊ ကျုပ်အလုပ်က နဂါးနက်ဂိုဏ်းချုပ် ဇောင်ရမ်းကိုတွေ့ဖို့'

'ဘာ နဂါးနက်ဂိုဏ်းချုပ် ဇောင်ရမ်းကိုတွေ့ဖို့ ဟုတ်လား၊ တာကိစ္စနဲ့ တွေ့မှာလဲ'

ဓားမုန်တိုင်းလူစုန်းက အံ့သြပြီး ပြန်၍မေးပြန်၏။

'ခိုးရာပါပစ္စည်း လက်ခံထားလို့ ကျုပ်လာလိုက်တာ'

'ဘာကွ...ခိုးရာပါပစ္စည်း ဟုတ်လား'

သံဆူးအဆိပ်လက်ဝါးက မခံမရပ်နိုင်စွာဖြင့် မေးပြန်၏၊

'ဟုတ်တယ်၊ ရှန်ယန်မြို့က ရွှေကင်းမြီးကောက် ဖူကွမ်ပေါင်ဆာ အဲဒီပစ္စည်းကို ခိုးတယ်၊ သူက ပစ္စည်းကိုလက်ခံတယ်၊ ဒါကြောင့် ခိုးရာပါပစ္စည်းကို လက်ခံတယ်လို့ ကျုပ်ပြောတာမှားသလား'

ဓားမုန်တိုင်းရော သံဆူးအဆိပ်လက်ဝါးပါ တစ်ဦးကိုတစ်ဦး နားလည်မှုဖြင့် ကြည့်လိုက်မိကြသည်။

'ကျုပ်တို့က ပေးမတွေ့နိုင်ဘူးဆိုရင်ကော'



'ဒါဆိုရင် ကျုပ်ရဲ့ဓားစာ မိသွားမှာပေါ့ဗျာ'

'ဟား...ဟား...ဟား ...ဟား'

'ဟေး....ဟေး....ဟေး....ဟေး'

သူတို့နှစ်ဦးက ဟားတိုက်ရယ်မောနေကြသဖြင့် ဓားနက်ဝန်းလ ကျဲမြီးတိုသွားသည်၊

'ဟေ့...ခင်ဗျားတို့ ရယ်တာလဲ ကျုပ်ပြောတာ ရယ်စရာပါလို့လား'

'ပါတာပေါ့ကွ၊ မင်းလို မနလောက်လေးမလောက်တဲ့ ကောင်တွေများ တို့ကို ဓားစာမိမယ်လေး၊ ဘာလေး ပြောဆိုကြိမ်းဝါးနေတာကိုး'

မျက်ခုံးမွေးဖြူ မုတ်ဆိတ်မွေးဖြူနှင့် ခေါင်းတုံးဦးပြည်းပြောင်နေသော ဓားမုန်တိုင်း လူစုန်းက သူ့အား လှောင်ပြောင် ပြောဆို၏၊

'မယုံရင် စမ်းကြည့်ကြပေါ့ဗျာ၊ ဟဲ...ဟဲ....ဓားနက် ဝန်းလ ဆိုတာ ကျုပ်ပဲ'

ဘို့စကားကြောင့် နဂါးပတ်တောင် သိုင်းသမားနှစ်ဦး ဒုတိယအကြိမ် တစ်ဦးကိုတစ်ဦး ရှုမိကြပြန်သည်၊

( ၁၅ )

သည်နားမည်ကို သိုင်းလောအေ၌ ကြားဖူးသလိုရှိ၏ ထင်၍ ဖြစ်သည်။

'မားနက်မကသို့ မားဖြူဖြစ်ဖြစ်ကွာ၊ သခင်ကြီး ဇောင်ရမ်းဆီကို မင်းရဲ့ဝိညာဏ်တောင် တွေ့ခွင့်မရှိဘူး၊ နား၊ လည်ရဲ့လား'

သံဆူးအဆိပ်လက်ဝါး ကျင့်စွမ်းတောက်က ဝန်းလီအား ထပ်မံ ခြိမ်းခြောက်လိုက်ပြန်သည်။

'ကောင်းပြီလေ...ဒါဆိုရင်လဲ မြေကျင်းထဲအထွက်လာတဲ့ မြေဖုတ်ဘီလူးနှစ်ကောင်ကို ကျုပ် တိုက်ရမှာပေါ့'

ဓားနက်ကို ရွှေသို့ဆန့်ထုတ်ကာ ဝန်းလဲကက ယှိုက်ရန်ပြင်သည်။

'တို့က နှစ်ယောက်ကွ၊ မင်းက ဘယ်သူနဲ့ အရင်ဆုံး တိုက်မှာလဲ'

'နှစ်ယောက်စလုံးနဲ့ တိုက်မယ်'

'ဟား....ဟား....ဟား....မလုပ်ပါနဲ့ကွာ၊ တို့နိုင်ရင်တောင် နှစ်ယောက်မို့ နိုင်ရတယ်လို့ အပြောခံရဦးမယ်၊ တစ်ယောက်ချင်းပဲ လုပ်ပါကွာ၊ တို့ မျှတပါတယ်'

'ဒါဆိုလဲ ခင်ဗျားတို့ထဲက ကြိုက်တဲ့လူထွက်ပေါ့ဗျာ'

သို့ဖြင့် သံဆူးအဆိပ်လက်ဝါး ကျွင့်စွမ်းတောက် ရှေ့ကို တိုးထွက်လာသည်။

သူက သံဆူးကပ် အဆိပ်လက်အိတ်စွပ်ထားသည့် လက်ဝါးနှစ်ဖက်ကို တိုက်ခိုက်ရန်ပြင်လိုက်သည်။

'ဒီကောင်ကို ကျုပ်ရှင်းလိုက်ပါရစေ ဓားမှန်တိုင်းရယ်၊ အပြောကြီးလွန်းတဲ့ ကောင်ကို မှတ်လောက် သားလောက် ကျုပ်လက်ဝါးအကြောင်း ပြချင်လို့ပါ'

'ဒါဖြင့် ကျုပ် ခဏလောက် မေ့းလိုက်ဦးမယ်၊ မြန်မြန်ကြီးလဲ ပွဲမသိမ်းလိုက်နဲ့ဦး၊ အဆိပ်ရသေးခင် ပွဲပြီးနေပါဦးမယ် ဟဲ....ဟဲ'

ဓားမှန်တိုင်းက သူတို့နှင့်မလှမ်းမကမ်းရှိ ကျောက်တုံးကြီးတစ်တုံးကိုမှီလျက် သူ၏ဓားကို ကျောက်သားထက် ထိုးစိုက်ထောင်ကာ ခြေပစ်လက်ပစ် နားနေလိုက်လေသည်။

'ကဲ....စမယ် ဓားပြူကုယ်တော်ရေ'



'ကောင်းပြီလေ....မြေဖုတ်အီလူး လက်ဝါး'

'ဟိတ်'

'ဟော'

နှစ်ဦးစလုံး လေထက် ခုန်ပျံတက်သွားကာ အော်ဟစ်ရင်ဆိုင်လိုက်ကြ၏။

'ထန်'

'ထန်'

သံဆူး အဆိပ်လက်ဝါးနှင့် ဓားနက်တို့သိတွေ့သံက ကျယ်လောင်စွာ ပေါ်ထွက်သွားခဲ့သည်။

'ဝှစ်....ဝှစ်'

'ဝုန်း'

ဝန်းလဲ၏ဓားချက်က သံဆူးလက်ဝါးတစ်ဖက်နှင့် ထိတွေ့လိုက်စဉ်မှာပင် အခြားလက်ဝါးတစ်ဖက်က ဝန်းလဲလည်မျိုကို ဖြတ်ရိုက်ချလိုက်ခြင်း ခံရလေသည်။

ဓားနက် ဝန်းလဲက လျင်မြန်စွာ ကမန်းကတန်း ရှောင်တိမ်း လိုက်နိုင်၍သာ သူ၏လည်မျိုကို သံဆူးက ဝင်မသွားခြင်းဖြစ်၏။

သံဆူးအဆိပ်လက်ဝါး၏ ရိုက်ချက်မှာ ပွတ်ကာသီကာလွတ်သွားခဲ့သော်လည်း မြေသားပေါ်သို့ ပြန်ကျရောက်ရာဝယ် ဟန်ချက်ပျက်သွားသဖြင့် ဒယီးဒယိုင် ဖြစ်သွားရလေသည်။

'ဟဲ....ဟဲ....တစ်ကွက်ပဲ ရှိပါသေးတယ်၊

'အရှုံးမပေးဖို့ ကြိုးစားစမ်းပါဦး'

ဝန်းလ၏မျက်နှာမှာ ရှက်၍ ရဲခနဲ ဖြစ်သွား၏။ သူ ပြောလိုက်မှလည်း မှန်သင့်သလောက် မှန်ပါသည်။

သူ့အဖို့ သေရေးရှင်ရေး တိုက်ချက်တစ်ချက် ဖြစ်သွားသည် မဟုတ်ပါလား။ သတိလေးလျော့ခဲ့၍ နောက်ထပ် ခုနှယ် တိုက်ခွင့်ရသွားတာ ဖြစ်သည်။

သို့မဟုတ်လျှင် ဘစ်ကွက်သည်းနှင့် လည်မျိုမှာ သံသွား၍ အရှုံးပေးရလျှင်ဖြင့် [illegible] အသေဆိုး အခံရဆိုးပြီး သေသွားရမှာဖြစ်သည်။

ဓားနက်မာန်ကို ပြန်သွင်းလိုက်သည်။ ပေါ့၍မဖြစ်။ ပြိုင်ဘက် သိုင်းသမားက အဆင့်မြင့် သိုင်းသမားတစ်ဦးဖြစ်သည်။ ဓားကွက်ကိုင်း ထိရောက်ဖို့လိုပြီ။

လင်းယုန်တောင်ပံ ဓားကွက်ကို သူ ထုတ်လိုက်မိသည်။

'ဟိတ်'

လင်းယုန်ငှက်တစ်ကောင်နှယ် ခုန်ပျံဝဲလိုက်သည်။ အဆိပ်လက်ဝါး၏အပေါ်မှ ပြန်လည်ဝဲပြီး ဓားနက်အား ဝှေ့ယမ်းကာ ခုတ်ထစ်သွား၏။

'ဝှစ်....ဝှစ်'

'ဝှစ်....ဝှစ်'

'ရှပ်....ရှပ်'

ဓ: အဆိပ်လက်ဝါးကလည်း လျင်မြန်ပါးနပ်လှ၏။ အပေါ် တစ်ငုံ စီးကျလာသော ဓားချက်များကို လျှပ်တစ်ပြက် ခုန်၍ ရှောင်တိမ်းသွားနိုင်သည့်ပြင် လက်ဝါးရိုက်ချက် သုံးချက်ကို 'ည်း တုံ့ပြန် ရိုက်ချသွားခဲ့၏။



ဓားနက် ဝန်းလမှာ သူ၏ဓားချက်ကို အချည်းအနှီး ဖြစ်သွားသည့်ပြင် ရန်သူ၏ ရိုက်ချက်များကိုပင် လေထဲအရိုက်ခံလိုက်ရ၍ ရှောင်ရှားခဲ့ရသည့်အတွက် မကျေမနပ် ဖြစ်သွားခဲ့မိသည်။

'တောက်'

သူသည် လင်းယုန်တောင်ပံ ဓားကွက်ကို ဖျက်ရပြန်လေသည်။

'ဟဲ....ဟဲ....ကြည့်လုပ်နော်....ဓားမည်းကြီး၊ မသေသင့်ဘဲနဲ့ သေနေဦးမယ်ဗျို့'

ဝန်းလ၏မျက်နှာမှာ ရဲရဲတွတ် နီမြန်းနေလေပြီ။ မခံချင်စိတ်က သူ့ရင်ထဲ၌ တဖွားဖွား ဖြစ်ပေါ်နေ၏။ သို့ဖြင့် ကျားလက်သည်းကို သူ နင်းရပြန်တော့သည်။

အဆိပ်လက်ဝါးအား ကျားတစ်ကောင်ကဲ့သို့ စူးစိုက်ပြီး သူ ချောင်း၏။

ဓားနက်ကြီးကိုလည်း တဆဆနှင့် ခေါင်းကိုချုပ်ထိန်းရင်း စောင့်သည်။ အဆိပ်လက်ဝါးကမူ လက်ဝါးနှစ်ဖက်ကို မြွေ၏ ပါးပျဉ်းများကဲ့သို့ ထောင်ကာ ယိမ်းကာယိုင်ကာဖြင့် သူ့အား ကျီစယ်နေသလို ရှိသည်။ ထိုလက်ဝါးများမှ သံဆူး အဆိပ်များက သူ့ကို ခြိမ်းခြောက်နေသည်နှင့်တူ၏။ ဝန်းလ မခံချင်တော့။

'ဟေ့'

သူက ကျားနှာတစ်ကောင်နှယ် ခုန်အုပ်လျက် ဓားနက်ကြီး ဖြင့် လွှဲခုတ်လိုက်သည်။

'ဝုင်'

'ဒုတ်'

သူက ဒေါသနှင့်ပိုင်းချလိုက်သော ဓားချက်မှာ အဆိပ်လက်ဝါး၏ ခန္ဓာကိုယ်ထက်ပိုင်း ပြတ်သွားစေနိုင်၏။ သို့သော် အဆိပ်လက်ဝါးက အလယ်တကူခုန်ရှောင်ထွက်လိုက်နိုင်သဖြင့် သူ့အစား ကျောက်တုံးကြီးတစ်တုံးက ခံလိုက်ရရှာ၏။ ထိုကျောက်တုံးမှာ ဓားနက်ကြီး၏ အရှိန်ပြင်းစွာသော ဓားချက်ကြောင့် ထက်ပိုင်း ပြတ်ထွက်သွားခဲ့သည်။

ထို့နောက် အဆိပ်လက်ဝါးတစ်ဖက်က ဓားပြားပေါ်သို့ ရုပ်ကျသွားလေသည်။ ဓားနက်ကြီး ပြန်၍ မယူမရလေသော့၊ အခြားလက်တစ်ဖက်က သူ၏ဦးခေါင်းအား ပြင်းထန်စွာ လှဲရိုက်ချလိုက်ပြန်ပါ၏။

'ဝုန်း'

သူက ခေါင်းငုံ့ကာ ရှောင်လိုက်မိ၍သာ ခေါင်းပြုတ်ထွက်သွားခြင်း ဖြစ်သည်။

သို့သော် အဆိပ်လက်ဝါး၏ ကန်ချက်တစ်ချက်က သူ၏ မေးရိုးသို့ ပြင်းထန်စွာ လာရောက်ထိမှန်သဖြင့် သူ့ခန္ဓာမှာ လွင့်စဉ်ထွက်သွားလေသည်။

'မောင်း'

'အား'

'ဟင်'

ကျောက်တုံးတစ်တုံးကိုမှီပြီး အနားယူနေမှုစက်နေသည့် ဓားမှုန်တိုင်းပေါ်သို့ သူ ကျရောက်သွားခြင်း ဖြစ်သည်။



ဓားမှုန်တိုင်းကလည်း ပြန်ဆန့်လှသည်။ သူ့အနီးမှ ကျောက်တုံးပေါ်ဝယ် စိုက်ထားသည့်ဓားကို ဆက်ခနဲဆွဲထုတ်ပြီး သူ့အား ခုတ်ချလိုက်ပြန်သည်။

'ဝှစ်'

'ထန်'

သူက လိမ့်ပေါ်နပ်စွာ ဓားနှင့် ခုခံလိုက်ရ၏။

'ဝှစ်...ဝှစ်...ဝှစ်'

'ထန်...ထန်ထန်'

ဓားမှုန်တိုင်းလူစုန်းက ဒေါသကြီးစွာဖြင့် အဆက်မပြတ် ဓားချက်များကို ပို့လွှတ်၍ တိုက်ခိုက်လေသည်။

ဓားမှုန်တိုင်း၏ ဓားချက်များမှာ လျှင်မြန်သွက်လက်လွန်းလှသဖြင့် သူ့မှာ အသေအလဲ ခုခံနေရသည်။

ဓားမှုန်တိုင်းက သူ့အား လာရောက်တိုက်ခိုက်သည်ထင်ပြီး စိတ်ဆိုးလျက် ဓားနက်ဝန်းလဲအား တိုက်ခိုက်နေခြင်း ဖြစ်သည်။ ဓားနက်ဝန်းလဲမှာမူ သံဆွဲအဆိပ်လက်ဝါး၏ ကန်ချက်ထိမှန်ခံထားရ၍ ဒဏ်ရာရရှိထားခဲ့သည်။

သူက နောက်ကိုဆုတ်ပေးနေရ၏။ ဓားမှုန်တိုင်းက တရကြမ်း ဖိတိုက်နေခြင်း ဖြစ်သည်။

ထိုစဉ် သူ့နောက်ကျောရိုး ပြင်းထန်စွာ ခြေကန်ချက်တစ်ချက် လာရောက်ထိမှန်ပြန်သည်။ အဆိပ်လက်ဝါး၏ နောက်ဘက်မှ တိုက်ခိုက်မှု ဖြစ်လေသည်။ သူ့ရှေ့ကို ဟပ်ထိုးလဲကျသွား၏။

'ရှပ်'

ဓားမုန့်တိုင်းက လဲပြိုကျသွားသော သူ့အား ဓားနှင့် ထိုးချ၏။ သူက ကပ်လိမ့်ပြီး ရှောင်ထွက် သွားခဲ့သဖြင့် ကျောက်သားအားသာ ထိုးစိုက်မိသွားသည်။

အဆိပ်လက်ဝါးကလည်း ခုန်သွားကာ ရိုက်ချ၏။

သူ နောက်ဘက် လိမ့်ရှောင်လိုက်ရပြန်ပါသည်။

'ဝုန်း'

အဆိပ်လက်ဝါး ရိုက်ချက်က ကျောက်သားများကို ကြေမွ လွင့်စဉ်သွားစေခဲ့လေသည်။

ဓားနက်ဝန်းလဲမှာ ကျောက်သားပြင်ဝယ် လူးလှိမ့် ရှောင်တိမ်း ခုခံနေရပါသည်။

သူ၏ ဓားနက်မှာလည်း ရန်သူနှစ်ဦးအား မည်သို့မျှ ထိရောက်စွာ မတိုက်ခိုက်နိုင်ခဲ့ပေ။ ရန်သူများ၏ ထိုးနှက် တိုက်ခိုက်ခြင်းကိုသာ သူ အလူးအလဲ ခံနေရသည်။

သည်အတိုင်းသာဆိုလျှင် မကြာမီ ရန်သူများ၏ လက်ချက် နှင့် သူကျဆုံးသွားနိုင်လေသည်။

ခုတော့ သူ စဉ်းစားရလေပြီ။ ရန်သူအား တုံ့ပြန်မတိုက် ခိုက်နိုင်တော့ဘဲ ခုခံကာကွယ်ရင်း အသေခံမည်လား၊ သို့မဟုတ် အားမတန်၍ မာန်လျှော့ကာ လွတ်မြောက်ရာ လွတ်မြောက် ကြောင်း အသက်ဘေးမှ ထွက်ပြေးရမည်လား။

အသေခံ၍ မဖြစ်သေးပေ။ သူ့၌ လုပ်စရာ ဆောင်ရွက် စရာ တစ်ခုရှိသေးသည်။ သည်နဂါးပတ်တောင်သို့ သူ လာ ခြင်းကိစ္စက နဂါးနက်ဂိုဏ်းချုပ်ဘောင်းရှမ်းထံမှ မြေပုံ[illegible] သတ္တာနီလေးအား ပြန်လည်ရယူဖို့ ဖြစ်သည်။ ထိုသတ္တာ



နီလေး ပြန်ရပါမှ အင်ဝှံ့ရွာသူရွာသားတို့၏ အသက်ဘေး ကို ကယ်တင်နိုင်မည် ဖြစ်၏။

ခုတော့လည်း ခုလယ်တွင်ပင် မြေဖုတ်ဘီလူးနှစ်ကောင်နှင့် သူ တွေ့ကာ တိုက်ခိုက်ခြင်း ခံနေရပြီ။

သည်ရန်သူနှစ်ဦးကိုတော့ သူ မည်သို့မျှမယှဉ်နိုင်ကြောင်း ကို နားလည်ရိပ်မိလိုက်ရပြီ။ သူတို့နှစ်ဦးလက်ချက်နှင့် သူ အသက်ဆုံးသွားနိုင်လေသည်။

ထို့ကြောင့် ဓားနက်ဝန်းလဲ ရန်သူ့လက်မှ ထွက်ပြေး လွတ်မြောက်ရန် အခွင့်အရေးကို စောင့်နေလိုက်၏။

ရန်သူနှစ်ဦးက သူ့အား သဲသဲမဲမဲ တိုက်ခိုက်နေကြလေ သည်။

တစ်ကြိမ်ဝယ် ကျောက်တုံးကြီး တစ်တုံးဘေးသို့ သူတို့ ရောက်ရှိသွားကြသည်။ ဝန်းလဲ၏ မျက်လုံးတို့က သူစီးလာ သည့် မြင်းကိုလည်း တွေ့လိုက်၏။ ကျောက်တုံးအားလည်း သတိထားမိ၏။ ၎င်းက စွန့်စားမှုတစ်ခုကို လျင်မြန်စွာ ပြုလုပ် လိုက်သည်။ ထိုကျောက်တုံးကြီးအား အရှိန်ပြင်းစွာ ခုတ်ချ လိုက်လေသည်။ ကျောက်တုံးကြီးမှာ ထက်ပိုင်းကွဲကျသွားပြီး အနီးရှိ မုန်တိုင်းဓားပေါ်သို့ ပြိုဆင်းကျသွား၏။

'ဝုန်း'

ကျန်တစ်ပိုင်းအား ဝန်းလဲကအဆိပ်လက်ဝါးထံသို့ တွန်း ချွေ ပစ်ပေါက်လိုက်ရပြန်သည်။

'ဝုန်း'

သူတို့နှစ်ဦးစလုံးက ကျောက်တုံးကြီးထိမှန်မည့် အန္တရာယ်မှ ရှောင်တိမ်းလိုက်ကြစဉ် ဝန်းလ မှာ သူ၏ မြင်းကျောပေါ်သို့ လွှားခနဲ ခုန်တက်ကာ ထိုနေရာမှ ဒုန်းစိုင်းနှင်ခြီးသွားလေတော့သည်။

ထိုအခါ ပတ်ဝန်းကျင်ရှိ ကျောက်တုံးများမှ လှုပ်လှုပ်ရှရှ ဖြစ်ကာ ကျောက်တုံး အောက်အပေါက်များမှ နဂါးနတ် ဂိုဏ်းသားများက ထွက်ပေါ်လာကြသည်။

သူတို့သား မြေချင်းများနှင့် နေသိုက်ကြ သောသူများပင် စားမုန့်တိုင်းနှင့် သံဆူးအဆိပ်လက်ဝါးတို့ထံ၌ဝန်းဝိုင်းစုရုံးလာကြပြီး မေးမြန်းကြ၏။

'ဟား....ဟား....ဟား....သူ့ကိုယ်သူ ဓားနက် ဝန်းလဲလို့ ပြောတယ်၊ ဂိုဏ်းချုပ်ကြီးကို တိုက်ခိုက်ရင်ဆိုင်မယ့် ကောင်က တောင်ပေါ်မရောက်ဘဲ ထွက်ပြေးလိုက်တာ တန်းနေတာပဲကွ ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ရယ်မောသံ ဗိုက်ကား နဂါးပတ်တောင်ခြေဝယ် ပွဲဘင်ထပ် သွားလေ၏။

( ၁၁ )

ချစ်သူနှစ်ဦး

ရှန်ယန်မြို့သို့ ဓားသမားတစ်ဦး ရောက်ရှိလာလေသည်၊ မြင်းဖြူကြီးကို စီးနင်းလျက် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် ထိုလူရွယ်မှာ ပြေပြစ်ချောမောလှသူတစ်ဦး ဖြစ်လေသည်။

အဝတ်အစားများကိုသေသေသပ်သပ်ဝတ်စား၍ မုတ်ဆိတ်ကျင်စွယ်တို့ကိုလည်း သုတ်သင် ရှင်းလင်းထားသည်ဖြစ်ရာ သူ့အသွင်မှာ မင်းသားလေးတစ်ပါးနှယ် မြင်သူတိုင်း ငေးစောင်းငေးကြည့်မိကြသည်ချည်း ဖြစ်သည်။

သူကမူ မည်သူ့အားမှ ဂရုမစိုက်တဲ့ မြင်းဖြူကြီးကိုသာ အသားကျ စီးနှင်သွားခဲ့လေသည်။ သူ၏ခါး၌ အလွန်ရှည်လျားသော ဓားတစ်ချောင်းအား ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

မြို့လယ်ကောင် လမ်းမမှ သူ၏မြင်းဖြူကြီး ဖြတ်သန်းသွားသည်နှင့် လူအချို့က ပြောဆိုကျန်ရစ်လေသည်။

'ဟာ….တရားမား ဝ.စ်ကိုယ်တော် ချန်လင်ဟိုးကွ'

'အေးဟေ့….တရားခံထိမ်း ယောကျ်ားချင်းတောင် ဒေးရတယ်နော်၊ မြင်းဖြူကြီးရယ်, ဝတ်စုံဖြူရယ်, စီးနင်းသွားလိုက်တာ အင်မတန် ကျက်သရေရှိတာပဲကွ'

မြို့သူမြို့သားများ ချီးကျူးကြမည်ဆိုလည်း ချီးကျူးစရာပင်။ ချန်လင်ဟိုး မြင်းဖြူကြီးကို ခြေလှမ်းမှန်မှန်နှင့် အသားကျ စီးသွားခဲ့သည်မှာ အလွန်မှပင် ကြည့်၍ကောင်းသည်။ မြင်းဖြူကြီး၏ အဖြူရောင် လည်ဆံမွေးများနှင့် မြင်းမြီးမှာ လေဝယ်လွင့်သွားလျက် လှုပ်ရှားနေသကဲ့သို့ မြင်းသခင် တရားခံ၏ နက်မှောင်သော ဆံပင်ရှည်လျားသည်လည်း လေဝယ် လွင့်ဝဲနေသည်မှာ လှပ လိုက်ဖက်လှသည်။

အဖြူရောင် တစ်ကိုယ်တော် ချန်လင်ဟိုးကမူ သူ၏မြင်းကို ရှေ့တူရှုသို့သာ စီးနှင်လျက်ရှိလေသည်။

မကြာမီ ရွှေလင်းမြို့ကောက် အာမခံလုပ်ငန်း ဆိုင်းဘုတ်ကပ်ထားသော ခြံဝင်းဝသို့ ရောက်ရှိသွား၏၊ သူက ထိုခြံဝမှာ တံ့ဆိုင်းခြင်းမရှိဘဲ ဝင်းထဲက လမ်းနီလေးအတိုင်း စံအိမ်နီကြီးထံသို့ ဦးတည် စီးနင်းသွားပြန်လေသည်။



စံအိမ်နီကြီး၏ အိမ်ရှေ့ ဝင်ပေါက်ဝသို့ရောက်၍ မြင်းကို ရပ်တန့်လိုက်သည်နှင့် အိမ်သားများထံမှ အသံများက ထွက်ပေါ် လာလေသည်။

'ဟော့….တရားခံသခင်လေး ချန်လင်ဟိုး လာတယ်'

'လာပါ….လာပါ….သခင်လေး၊ သခင်လေးကို သခင်မ စောင့်မျှော်နေပါတယ်'

ပျာပျာသလဲဖြင့် အိမ်သားတစ်ဦးက ချန်လင်ဟိုးအား သူတို့၏သခင်မလေး ဖူယန်ထံသို့ ခေါ်ဆောင်သွားကြတော့သည်။

'အဲဒီအခန်းထဲမှာ သခင်မလေးဖူယန် ရှိပါတယ်'

ဖူယန်၏ အခန်းရှေ့သို့ရောက်လျှင် အိမ်သားတစ်ဦးက ချန်လင်ဟိုးအား ပြောဆိုပြီး ပြန်လှည့်ထွက်သွားလေသည်။

ချန်လင်ဟိုးက အခန်းတံခါးကို ညင်သာစွာ တွန်းဖွင့်လိုက်သည်။

တံခါးက ကျွီခနဲမြည်ကာ ပွင့်ဟသွားလေ၏၊ ထို့ကြောင့် ပြတင်းပေါက်ဝယ်ရပ်ငေးနေရှာသည့် ဖူယန်က တံခါးဝဘက်သို့ လှည့်ကြည့်ကာ မေးမြန်းလိုက်သည်။

'ဘယ်သူလဲ'

ဖူယန်၏အမေးကြောင့် ချန်လင်ဟိုးမှာ ကြောင်သွားမိလေသည်။ သူ့ထံလည်း လှည့်ပါလျက် ဘယ်သူလဲဟု မေးမြန်းသော ဖူယန်အား သူ နားမလည်၍ မျက်မှောင်ကိုသာ ကြုတ်၍ စိုက်ကြည့်ဖြစ်သည်။

ဖူယန်မှာ အနည်းငယ် ချောင်ကျသွားပြီး နွမ်းနယ်နေသည့် အမူအရာကို တွေ့ရှိရလေသည်။

သူ နေမျှားမကောင်း၍ သွားဟု ချန်လင်ဟိုး တွေးမိ၏။ ဖူယန်က သူ့အား စိန်းစိန်းစူးစူး ကြည့်ရှုနေသည်ကို တွေ့သည်။ မိမိအား သူ စိတ်ဆိုးနေ၍များ လော။ စိတ်ဆိုးနေလျှင်တော့ ချော့မော့ရမည်မှာ မိမိ၏တာဝန်ပင် ဖြစ်၏။

'တရားဝေး ချန်လင်ဟိုးပါ ဖူယန်'

'ရှင်'

သူမက အံ့အားသင့်သော အမူအရာ ပြောင်းလဲသွားပြီး သူ့ထံ ပြေးဝင်လာသဖြင့် ချန်လင်ဟိုးက ဆီးကြိုပွေ့ဖက်လိုက်ရ၏။ ဖူယန်က သူ၏ရင်ခွင်ထဲ တိုးဝင်ကာ သည်းထန်စွာရှိုက်ငိုသည်။ သူက ချစ်သူ၏ပခုံးကို ပွတ်သပ်ချော့၏။ နက်မှောင်ရှည်လျားသည့် ကေသာကို တိုးဖွ၍နှစ်သိမ့်၏။ နှုတ်မှလည်း ကြင်နာစွာ တိုးတိုးလေးမေးသည်။

'ဖူယန်....ဘာဖြစ်လို့ ငိုတာလဲဟင်၊ ချန့်ကို ပြောပြပါလား ကွယ်'

သူမက ချစ်သူ၏အမေးကို ရုတ်တရက် မဖြေနိုင်၊ တသိမ့်သိမ့်နှင့် ငိုကြွေးနေခဲ့ရှာလေသည်။ ထို့ကြောင့် ချန်လင်ဟိုးကလည်း သူမအား တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

'ချန် ရောက်လာမှပဲ ဖူယန်ရယ် ဘာအားငယ်စရာရှိတော့လဲ၊ ဘယ်လို ဝမ်းနည်းစရာအကြောင်းများ ရှိလို့လဲ၊ ပြောစမ်းပါဦးကွယ်'

သူက ဖျောင်းဖျစကားဆိုကာ မေးပြန်၏။



'ဖေဖေ....ဖေဖေမရှိတော့ဘူး ချန်'

ချန်လင်ဟိုးက ချစ်သူ၏ဖေဖေ မရှိတော့ဘူးဆိုသည့်စကားအား ဖခင် တစ်နယ်တကျေးထွက်သွား၍ စိတ်ကောက်ပြီး ငိုကြွေးနေသည်ဟုထင်ကာ....

'ဘယ်များသွားလို့လဲ ဖူယန်ရယ်၊ ပြန်လာမှာပေါ့ကွာ'

ထိုသို့ သူက ချော့မော့လိုက်မိသေးသည်။

'ဟင့်အင်း... ဟင့်အင်း....ဖေဖေ လူ့ဘဝမှာကို မရှိတော့တာပါ ချန်ရယ် အင့်....အင့်'

သူမက ပြောရင်း ရှိုက်ကြီးတငင် ငိုကြွေးလျက် ချန်လင်ဟိုး ရင်ခွင်ထဲသို့ တိုးဝင်ရှာသည်။

လင်စာပေ
အမှတ် ၁၅/၀၃၈၊ ဖြ ဝေး
တော်၀ ၄ ဖြ
ရက် ၂၁၃၄၇

## ( ၁၉ )

ချန်လင်ဟိုးရင်ထဲ လှစ်ခနဲ ဖြစ်သွားမိသည်။

'ဘာ....ဖူယန်ရဲ့ဖေဖေ မရှိတော့ဘူး ဟုတ်လား'

သူမက ရင်ခွင်ထဲမှ ဖြည်းညင်းတိုးသက်စွာ ပြေကြားလေသည်။

'ဟုတ်တယ်'

ချန်လင်ဟိုးလည်း ခေါင်းငိုက်စိုက် ကျသွားတော့သည်။

'ဘယ်လိုဖြစ်ရတာလဲ ဖူယန်ရယ်'

'ဓားသမားတစ်ယောက် ရောက်လာပြီး ဖေဖေ့ကို သတ်ဖြတ် သွားခဲ့တာပါ'

ဖူယန်က ဝမ်းနည်းပက်လက်နှင့် ပြောပြလိုက်သဖြင့်....

'ဘာ....လူသတ်ခံရတယ် ဟုတ်လား၊ ရှင်းလှဘယ်ကွာ၊ ဘယ်....ဘယ်လဲ ပြောစမ်း၊ ဖူယန် သိလား ဟင်'

'ခွားနက် ဝန်းလ ဆိုတဲ့လူ'

'တောက်'

ချွန်လင်ဟိုးက ဒေါသဖြစ်စွာ တက်ခေါက်လိုက်မိ၏။

ထို့နောက် ချစ်သူအား ရင်ခွင်ထဲမှာ နှစ်သိမ့်ချော့မော့နေခဲ့သည်။

'ချွန်တစ်ယောက်လုံး ရှိပါသေးတယ် ဖူယန်ရယ်၊ ဖူယန့်ကို ချွန်တစ်ယောက်လုံး စောင့်ရှောက်ပါ့မယ်၊ ဖူယန် ချွန့်ကို ယုံတယ်မဟုတ်လား ဟင်....ပြောစမ်း၊ မော့ပါဦး....ယုံတယ်လို့ နှုတ်က ပြောပါဦးကွယ်'

ချွန်လင်ဟိုးက ချစ်သူ့ ခေါင်းဖျားအား အသာကိုင်ကာ မော့စေ၏၊

သူမက သူ့အားမော့ကြည့်ပြီး နက်မှောင်သော မျက်လုံးဝိုင်းဝိုင်းလေးများမှ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျဆင်းလာလေသည်။

သူ့ရင်ထဲ နင့်ခနဲအောင် ခံစားလိုက်ရသည်။

'ပြောပါဦးကွယ်....ချွန့်ကို မယုံလို့လားဟင်၊ မငိုနဲ့နော်'

သူက ချစ်သူ၏ မျက်ရည်ပုလဲပွင့်များကို ယုယစွာ သုတ်ပေး၏။ ချစ်သူအား နှစ်သိမ့်ချော့မော့သော အပြုံးများနှင့်လည်း ပြုံးပြမိသည်။ သို့သော်....



ချစ်သူ၏မျက်လုံးများက တောကြောင်စွာ သူ့အား မော့ကြည့်နေမြဲ။

'ဘာဖြစ်လို့လဲ ဖူယန်၊ ချွန် ပြုံးပြတာကို ဖူယန် မယုံလို့လား'

'ချွန်....ချွန် ပြုံးနေတယ် ဟုတ်လား'

'အင်းလေ....ချွန် ပြုံးနေတာ ဖူယန် မတွေ့ဘူးလား'

'ဟင့်အင်း....ဟင့်အင်း....မ....မမြင်ရပါဘူးရှင်'

'ဘာ... ချွန် ပြုံးတာကို ဖူယန် မမြင်ရဘူး ဟုတ်သား'

သူက တုန်လှုပ်ချောက်ချားစွာ ချစ်သူ၏ခုံးအား ဆုပ်ကိုင်ပြီး မေးမြန်းသည်။

'ဟုတ်....ဟုတ်တယ် ချွန်၊ ဖူယန် မျက်လုံးကန်းတဲ့ ဒုက္ခတွေ ရောက်နေပြီ သိလားဟင်'

'အို'

တရားခွား ချွန်လင်ဟိုးမှာ ချစ်သူအတွက် ကြေကွဲဝမ်းနည်းလှန်းသဖြင့် အံ့သြထိတ်လန့်ပြီး တိတ်ဆိတ်သွားရှာလေသည်။ အတန်ကြာမှ သူ့ထံမှ ကလေးတစ်ချောင်း ထွက်ပေါ်လာလေသည်။

'ဘယ်....ဘယ်လို ဖြစ်သွားရတာလဲ ဖူယန် အချစ်ရယ်'

တုန်လှိုင်းသော သူ့စကားများက ကြေကွဲသံပါနေ၏။

'အဆိပ်ငွေ့မိပြီး ကန်းသွားတယ်'

'ဘယ်သူ လက်ချက်လဲ'

'ဖေဖေ့ကိုသတ်သွားတဲ့ သူပဲပေါ့'

'ခွားနက် ဝန်းလ....ခွားနက် ဝန်းလ'

ချန်လင်ဟိုးနှုတ်မှ တဖွဖွ ရွတ်ဆိုနေမိလေသည်၊ သူ့ရင်ထဲ၌ သူအလွန်ချစ်မြတ်နိုးသော ချစ်သူ ဖူယန်အား ဒုက္ခတဘ၀ ရောက်စေသည်။

ထိုဝန်းလီဆိုသော ခါးသမားအား လက်စားချေချင်သည့် ဆန္ဒများက တဖွားဖွား ဖြစ်ပေါ်နေလေ၏၊ မေးခကြောကြီးများကို ထောင်နေအောင် အံကိုကြိတ်မိ၏။

မျက်မမြင်ချစ်သူ ဖူယန်အား ပခုံးကိုကိုင်လှုပ်ကာ....

'ချန့်ကို ခွင့်လွှတ်ပါ ဖူယန်၊ ချန့်ရင်ထဲမှာ အဲဒီ လူသတ်သမား, ဖူယန်ကို မျက်စိကွယ်စေခဲ့တဲ့ ဒီခါးနက် ဝန်းလီဆိုတဲ့ကောင်ကို လက်စားချေချင်စိတ်တွေ ပေါက်ကွဲနေခဲ့တယ်၊ သူ့ကို ချန့်လိုက်ရှာပြီး တိုက်မယ်၊ သူ့ကိုသတ်ပြီးမှ ချန် ဖူယန်အပါးမှာ ပြုစုစောင့်ရှောက်ပါ့မယ်နော်၊ ချန့်ကို နားလည်ပေးပါကွယ်'

တရားခါးချန်လင်ဟိုး၏ စကားများကြောင့် ဖူယန်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရှာသည်။

'ဟင့်အင်း....ဟင့်အင်း မသွားပါနဲ့ချန်ရယ်၊ အဲဒီခါးနက်ဝန်းလီဆိုတဲ့ ခါးသမားဟာ အင်မတန်ကြမ်းကြုတ်ရက်စက်တဲ့ လူတစ်ဦးပါ၊ ချန့်အတွက် အန္တရာယ်ကြီးပါတယ်၊ ဖူယန်တို့ သားအဖ ကံဆိုးလို့ ခုလိုဖြစ်ရတာပဲ မှတ်ယူပါတယ်နော်၊ ချန်မသွားပါနဲ့'

'မဟုတ်ပါဘူး ဖူယန်၊ တရားခါးဟာ ချန့်ရဲ့လက်ဆွဲခါးတစ်လက်ပါ၊မတရားမှုမှန်သမျှကိုဆန့်ကျင်တိုက်ခိုက်ခဲ့တာချန့်ရဲ့ ဘဝတစ်လျှောက်တိုင်အောင်ပဲ၊ တရားတဲ့ဘက်ကတိုက်ခိုက်



ခဲ့တာမို့ အစဉ်အမြဲလဲအနိုင်ရခဲ့ပါတယ်၊ မစိုးရိမ်ပါနဲ့နော်၊ ခုလိုဖြစ်ရတာက မတရားမှုတစ်ခုပဲဆိုတာ ချန် နားလည်တယ်၊ မတရားအနိုင်ကျင့်သူ လူဆိုးသူခိုးတွေကို အပြစ်ပေးဖို့လဲ ချန့်မှာ တာဝန်ရှိတယ်လို့ယူဆတယ်၊ ခုသွားမှာ ချန့် တာဝန်အရ သွားခြင်းပါ။ ဖူယန်ရယ် ချန့်ကိုချစ်တယ်ဆိုရင် မတားပါနဲ့ကွယ်'

ထိုသို့ ပြောဆိုရှင်းပြပြီး ဖူယန်၏နဖူးလေးအား မြတ်နိုးစွာ သူနမ်းမွှေးလိုက်သည်။ ထိုနောက်ချာခနဲလှည့်ကာ ဖူယန့်အခန်းလေးမှ သူလျင်မြန်စွာ ထွက်ခွာသွားလေသည်။

ဖူယန်ကား ငိုရှိုက်လျက် အခန်းထဲကျန်ရစ်၏။

( ၂၀ )

### အင်ဝိုးရှာနှင့် ဓားနက်ဝန်းထိ

ဓားနက်ဝန်းလိသည် နဂါးပတ်တောင်ထိပ်မှ နဂါးနက်ဂိုဏ်းချုပ်ကြီး ဇောင်ရှမ်းအား သွားရောက်တွေ့ဆုံရန် ကြိုးစားသော်လည်း နဂါးနက်ဂိုဏ်းသား ဇောင်ရှမ်း၏ လက်ရုံးနှင့်ဦးဖြစ်သည့် သဲဆူးအဆိပ်လက်ဝါး ကျွင့်စွမ်တောက်နှင့် ဓားမုန်တိုင်း လူစုန်းတို့၏ တိုက်ခိုက် နှောင့်ယှက်မှုကြောင့် နဂါးပတ်တောင်ခြေမှာ အတင်းလှုပြီးပြန်ပြေးခဲ့ရလေသည်။

အကယ်၍ နဂါးနက်ဂိုဏ်းချုပ်ကြီး ဇောင်ရှမ်းနှင့်ညှိနှိုင်း၍ ရမည်ဖြစ်စေ၊ တိုက်ခိုက် အနိုင်ရသည်ဖြစ်စေ သေတ္တာစနီ

လေး ပြန်လည်ရရှိခဲ့သော် အာချက်ကျနှီး သခင်ကြီးအား ပြန်လည်တွေ့ဆုံရာ မှုသအစီအစဉ်မပျက်အောင် သေတ္တာနှင့်ငွေခြေးလှယ်ကာ အင်ဝိုး ရွာသားတို့၏ ငတ်မွတ်မှုအား ကယ်ဆင်လိုက်မည်ဟု စဉ်းစားတွေးခေါ သွား၏။

သို့သော် ထကယ်ထမ်းကျလော့ အထင်နှင့်အမြင် ပါစင်အောင်လွဲခဲ့ပြီး သေတ္တာနှိခလေးအနီးသို့ မရောက်မှီ နဂါးနက်ဂိုဏ်းချုပ်ကြီးဇော်ရမ်းထံသို့ပင် မရောက်မှီတွဲသမ်တစ်ခုက်မှ သိုင်းပညာရှင်နှစ်ဦး၏ တိုက်ခိုက်ခြင်းကိုခံရကာ သွက်ခြုံခဲ့ရ၏။

မည်သို့ဖြစ်စေ အင်ဝိုးရွာသားများ၏ ငတ်မွတ်ခေါင်းပါးမှုကို သိရှိထားသော ဝန်းလ ီသည် ရွှေကောင်းမြီးကောက်ဖူကွမ်ပေါင်၏လက်မှ ပတ္တမြားလက်စွပ်အား ပြန်လည်ရောင်းချ၍ ရရှိသမျှငွေစများနှင့် စားရေရိက္ခာများဝယ်ယူကာ အင်ဝိုးရွာသို့ ရောက်ရှိလာခဲ့လေသည်။

စားရေရိက္ခာများကို လားငါးကောင်နှင့်ဆင်ဆောင်ကာ မြင်းကိုစီးနှင်လျက် ရောက်ရှိလာသောလူစိမ်းဖြစ်သည့် ဝန်းလ ီအား ရွာသားများမှာ အံ့ဩဝမ်းသာစွာ ဆီးကြိုကြကုန်သည်။

‘ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲခင်ဗျာ’

‘သိုင်းဆရာကြီး ဟန်ယူ’

‘ဪ...ဟုတ်ကဲ့ ဟုတ်ကဲ့၊ ပို့ပေးပါ့မယ်ခင်ဗျာ’

ရွာသားတစ်ဦး၏ ဦးဆောင် ခေါ်ငင်သွားမှုဖြင့် သိုင်းဆရာကြီး ဟန်ယူ၏အိမ်ထဲသို့ဝန်းလ ီရောက်ရှိသွားလေသည်။



သူ၏နောက်မှ ဆင်းရဲနွမ်းပါးလျက် အစာရေစာ ငတ်မွတ်နေသော ကလေးများနှင့်ရွာသားတို့မှာ အုပ်စု ဖွဲ့လျက်လိုက်ပါလာကြကုန်၏။ သိုင်းဆရာကြီး ဟန်ယူက သူ့အားလာရောက်တွေ့ဆုံသည့် ဝန်းလ ီအား သေချာစွာ စူးစိုက်ကြည့်၏။

ထို့ပြင် လားငါးကောင်နှင့် ဆင်ဆောင်လာသည့် စားရေရိက္ခာများကို တွေ့မြင်ရသောကြောင့်လည်း နားမလည်နိုင်အောင် ဖြစ်ရသည်။ အနက်ရောင်ဝတ်စုံနှင့် အနက်ရောင်ခေါင်းကို ကိုင်ဆောင်သော ခေါင်းနက်ဝန်းလ ီအား ထူးခြားစွာ ငိုင်ငိုင်ကြည့်ရှုကြလေသည်။

ဝန်းလ ီကမူ ဖော်ရွေရွှင်နှိုးသော အပြုံးကို ဆောင်လျက်....

‘ကျွန်တော့်ကို ဆရာကြီးနဲ့တကွ ဇီရွာသားတွေက မသိကြပေမယ့် ကျွန်တော်ကတော့ ဆရာကြီးနဲ့အတူ ဇီရွာသားတွေရဲ့ ဒုက္ခကို သိရှိထားသူဖြစ်ပါတယ် ခင်ဗျာ’

သူ၏စကားကြောင့် ဆရာကြီးဟန်ယူနှင့် ရွာသားများမှာ သူ့အား စိတ်ဝင်စားသွားကြသည်။

‘မီလိုပါ၊ ကျွန်တော်ဟာ ရေရီးသွားဟန်လွဲ ဆရာကြီး သားတပည့်များနဲ့ ဆုံရပါတယ်၊ ဒါကြောင့်လဲ ဇီရွာကို ရောက်လာရခြင်းဖြစ်ပါတယ်’

‘ဟော...သူတို့ ဘာဖြစ်ကြသို့လဲကွယ်’

ဆရာကြီးဟန်ယူက ပထမဦးဆုံးသော စကားကို စတင်ပြောခြင်း ဖြစ်လေသည်။ ထိုစကားသည်လည်း စိုးရိမ်ပူပန်သော အမေးစကားမျှသာ ဖြစ်၏။

'ကျွန်တော်နဲ့တွေ့တော့ ဓားသမားတွေက သူတို့ကို ဝိုင်းဝန်းတိုက်ခိုက်နေကြပါပြီ။ ကျွန်တော်လဲ အဲဒီအနိုင်ကျင့် ဗိုလ်ကျတဲ့ ဓားသမားတွေကို လက်ပိုက် ကြည့်မနေတတ်တော့ ဝင်တိုက်လိုက်တာ နောက်ဆုံးတစ်ဦး ကို အသက်ရှင်လျက် ဖမ်းဆီးမိခဲ့တယ်၊ သူ့ရဲ့ ဝန်ခံစကားကြောင့် အဲဒီလိုတိုက်ခိုက်လုယက်တဲ့ သူကို သိရပြန်တယ်၊ သူဟာ ရွှေကင်းမြီးကောက် ဖူကွမ်ပေါင်ပဲ ဖြစ်ပါတယ်ခင်ဗျာ'

'ဟာ'

'တောက်'

အာမေဋိတ်သံများနှင့်အတူ ဒေါသထွက်သံ တက်ခေါက်သံများလည်း ပေါ်လာပြန်သည်။

'နောက်ပြီး ဆရာကြီးရဲ့သား မသေမီ ကျွန်တော့်ကို မိုးအောက်မြေပြင် သိုင်းဘုရင်ချင်ပိုးရဲ့ သိုင်းကျမ်းရှိတဲ့အရပ်ကို ညွှန်ပြနိုင်တဲ့ မြေပုံအကြောင်းကို ပြောပြသွားပါတယ်၊ အဲဒါနဲ့အတူ အင်ဝိုးရွာသားများရဲ့ ဒုက္ခများကိုလဲ သိရှိခဲ့ရပါတယ်'၊

'ဟေ....ငါ့သား သေပြီ ဟုတ်လား'

'မှန်ပါတယ်ခင်ဗျာ စိတ်မကောင်းစရာပါပဲ၊ သူတင်မက ပါဘူး၊ သူနဲ့ ပါသွားတဲ့ဆရာတပည့်နှစ်ဦးစလုံးလဲ သေဆုံးကုန်ကြပါပြီ'



ပရိသတ်ထဲမှ သေသူ၏ ညီအစ်ကိုမောင်နှမများ၏ ရှိုက်ငိုကြွေးသံများကို ထိုသူ စိတ်မချမ်းသာစွာ ကြားလိုက်ရလေသည်။

'ရွှေကင်းမြီးကောက် လုပ်ငန်းက ဓားသမားတွေ သတ်တာလား'

'မှန်ပါတယ်ခင်ဗျာ၊ တစ်ဖက်က ပစ္စည်းပို့ပေးတဲ့ လုပ်ငန်းကို လက်ခံပြီး တစ်ဖက်က သူ့လူတွေကို ပြန်လည်လုယက်ခိုင်းတဲ့ သဘောပါပဲ'

'ဒီရွှေကင်းမြီးကောက် ဖူကွမ်ပေါင်ကို သွားသတ်ဖို့ ကောင်းတယ်'

သိုင်းဆရာကြီး ဟန်ယူက နာကြည်းစွာ မြည်တမ်းလိုက်၏။ ဝန်းလည်က ခပ်ယဲ့ယဲ့ ပြုံးပြီး....

'ကျွန်တော် သတ်ခဲ့ပြီးပါပြီ ဆရာကြီး'

'ဟေ....မင်း သတ်ခဲ့ပြီးပြီ ဟုတ်လား'

'ဟုတ်ကဲ့၊ သူ့ဆီက သေတ္တာနီမရလို့ သူပို့လိုက်တဲ့ နဂါးနက် ဂိုဏ်းချုပ်ရှိတဲ့ နဂါးပတ်တောင်ထိပ်ကို ကျွန်တော် လိုက်သွားခဲ့ပါတယ်၊ ဒါပေမယ့် ဒီဂိုဏ်းချုပ် ဇောင်ရမ်းရဲ့ လက်ရုံးနှစ်ဦးဖြစ်တဲ့ ဓားမုန်တိုင်း လူစုန်းနဲ့ သံဆူး အဆိပ်လက်ဝါး ကျင့်စွမ်တောက်တို့က ဝိုင်းဝန်းတိုက်ခိုက်ကြလို့ ကျွန်တော် ရှုံးပြီး ထွက်ပြေးခဲ့ရပါတယ်'

'အင်း....မင်းမှာလဲ ဒုက္ခရောက်လှပါလားကွယ်'

'တရားတဲ့ဘက်က ဆောင်ရွက်ကူညီရတဲ့အတွက် ဒုက္ခလို့ မခံယူပါဘူးခင်ဗျာ'

ဆရာကြီး ဟန်ယူမှာ ဝန်းလ ဓါအား လေးစားသွားသော အမူအရာတို့ ဖြစ်ပေါ်သွားခဲ့လေသည်။

'ကဲ... ထမင်းရေ လာစမ်းပါဦးကွယ်၊ ဧည့်သည်ပန်းလာတဲ့ ဧည့်သည်ကို အစားအစာ ပွဲကလေးများ ယူလာပါဦး'

'ဟုတ်ကဲ့ပါ ဖေဖေ'

မိန်းမပျိုလေးတစ်ဦးက ငိုရှိုက်နေရာမှ နောက်ဖေးဘက်သို့ ထွက်ခွာသွားလေသည်။

'ဆရာကြီးတို့ရွာအတွက် ကျွန်တော် ရိက္ခာတွေ ဝယ်ခြမ်းသယ်ဆောင်လာပါတယ်၊ ရွာသားတွေကို ဝေမျှနိုင်ပါတယ် ခင်ဗျာ'

'အေး... အင်မတန် လိုအပ်တဲ့ ရိက္ခာတွေပဲကွယ့်၊ သူငယ်အကတော့ တို့များရွာရဲ့ အသက်သခင် ကျေးဇူးရှင်တစ်ဦးပါပဲကွယ်'

ဆရာကြီးဟန်ယူက ဝန်းလ ဓါအား အလွန်ကျေးဇူးတင်ရှိသော အကြည့်ဖြင့် ကြည့်ရှု၍ ဆို၏။

'စားသုံးပါဦး အစ်ကို'

ဆရာကြီး၏ သမီးငယ်လေးက အစားအသောက်အချို့ကို လာချပေးပြီး ပြောသည်။

ဝန်းလ ဓါက ရိက္ခာအစာ ရှားပါးလှသော ရွာထဲမှ မစားရက်။

'ရေတစ်ခွက်ပဲ တိုက်ပါလား ညီမရယ်'

သူက ရေကိုသာ တောင်းသောက်သိုက်၏။ မိန်းကလေးက ရေတစ်ခွက် သွားရောက်ခပ်ပေးသည်။



သိုင်းဆရာကြီး ဟန်ယူက ဝန်းလ ဓါ ယူဆောင်လာသော စားနေရိက္ခာများအား ရွာလူကြီးများနှင့် တိုင်ပင်ကာ ရွာသားများထံ ခွဲဝေပေးနေလေသည်။

ရွာသားများမှာ ဝန်းလ ဓါအား ကျေးဇူးတင်မဆုံးသော အမူအရာများနှင့် ကြည့်ရှုနေမောနေကြရှာ၏။

သူကမူ ပီတိဖြစ်မှု ကြည်နူးမှုတို့ဖြင့် စိတ်ချမ်းသာနေသည်။

'စားလေ အစ်ကို၊ ဘာဖြစ်လို့ မစားတာလဲ၊ ရှက်လို့လား ဟင်'

မိန်းမပျိုက မျက်လုံးလေးဝေ့ကာ ပြောင့်ကပ်ကာ သူ့အား မခံမရဲ ဆိုလိုက်ခြင်းဖြင့် သူ အားနာသွားမိသည်။

'မဟုတ်ပါဘူးကွယ်၊ ညီမတို့ရွာမှာက ဆရာကြီးတို့ သူ လေးသက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေအတွက် စားနေရိက္ခာတွေက လိုအပ်နေတယ်မဟုတ်လား၊ အစ်ကိုတို့လို လူငယ်လူရွယ်တွေအတွက် သိပ်မလိုအပ်ပါဘူးကွယ်၊ ဒါကြောင့်မို့ပါနော်'

သူ မိန်းကလေး နားလည်အောင်ရှင်းပြလိုက်ရသည်။ မိန်းကလေးကမူ သူ၏ရှင်းပြချက်အား လက်ခံချင်ပုံသိပ်မရ။

'အို... အစ်ကိုယူလာတဲ့ ဂျုံဆန်ရိက္ခာတွေက အများကြီး၊ အစ်ကိုကျတော့ ညီမတို့ရွာက အစာကို တစ်လုတ်တောင် ပြန်မစားဘူးဆိုတော့ ညီမတို့ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ'

သူမက ကလေးတစ်ဦးနှယ် မျက်နှာကြီးကိုစူပုပ်ကာပြောဆိုနေသဖြင့် ခေါ်နက်ဝန်းလ ဓါ သူကလေးအား သနားသွားမိသည်။

'ကဲ....ကဲ....ညီမကြိုက်တာရွေးပေးပါ အစ်ကိုစားပါမယ်၊ ဒါပေမယ့် တစ်ခုတည်းစားမှာနော်၊ ဒါတောင် ညီမကို အင်မတန် အားနာလို့ စိတ်ကောက်နေလို့ ချော့တဲ့အနေနဲ့ စားတာ၊ မစားသင့်ဘူးဆိုတာသိနေတယ်ကွယ်'

ညီမလေးတစ်ဦးအား အစ်ကိုတစ်ဦး၏ အလိုလိုက်သည့် နှယ် အပြုအမူမျိုးသာ ဖြစ်သည်။ သူမက တီကွေးတစ်ခုအား ရွေးကာပေး၏။

'အဲဒါ ညီမကိုယ်တိုင်လုပ်ထားတဲ့မုန့်'

သူက ထိုမုန့်အားလှမ်းယူလိုက်ရသည်။ ထို့နောက် အသာ တစ်ကိုက်ကိုက်လိုက်၏။

'အင်း.... ကောင်းသားပဲ ဘယ်ဆိုးလို့လဲကွယ့်၊ ညီမက မုန့်တွေဘာတွေတောင်ဖုတ်တတ်နေပြီပဲ၊ အစ်ကိုက ကလေး တစ်ဦးလို့ထင်နေတာ ဖဲဟဲ'

'ဘာ....သူများ ကလေးလို့ထင်တယ်ဟုတ်လား၊ သူများ က သေးသေးလေးမို့လို့လား ပြောစမ်းပါဦး'

ခေါ်နက်ဝန်းလ က သူ စကားမှားသွားပြီဖြစ်ကြောင်း သိလိုက်၏။ ထို့ကြောင့် ကမန်းကတန်း ပြန်လည်ဖြေကြား ရ၏။

'မ....မဟုတ်ဘူးလေ ညီမမျက်နှာက နုနယ်ငယ်သေးတာ ကို အစ်ကိုပြောတာပါ၊ လူကောင်ကြီးက တကယ့်အပျိုကြီး တစ်ဦးပဲဟာ ဟုတ်ဘူးလား'

မိန့်ကလေးက သည့်တော့မှ သူ့အား မျက်စောင်းထိုး ကြည့်သည်။



'ဟင်း....တော်ပါသေးရဲ့'

စိတ်ထဲဝယ် ကျိတ်ပြီးသက်ပြင်းချမိလေသည်။ ထို့နောက် တီကွေ တစ်ခုအား မိန်းကလေးကျေနပ်စေရန် ကုန်အောင် စားပေးမိလေသည်။

သို့ဖြင့် ထိုနေ့က ဆရာကြီးဟန်ယူ၏ သမီးလေးကသာ သူ့အား မပျင်းအောင် ဧည့်ဝတ်ပြုနေရှာခဲ့သည်။

ဆရာကြီးဟန်ယူကား စားရေရိက္ခာဝေခြမ်းရေး လိုက်ပါ ဆောင်ရွက်ရင်း အချိန်ကုန်မှပြန်လည်ရောက်ရှိသာ၏။

ထိုကာလအချိန်ကလေး၌ ခေါ်နက်ဝန်းလ နှင့် မိန်းကလေး မှာ လျင်မြန်စွာ ခင်မင်ရင်းနှီးသွားကြလေသည်။

မိန်းကလေး၏နာမည်မှာ ဟန်ဝေဖြစ်ကြောင်းလည်း သူ သိရှိလိုက်ရ၏။ သူ၏နာမည် ဝန်းလ ကိုလည်း မိန်းကလေး က တဖွဖွခေါ်ဆိုကြည့်လေသည်။

'ဝန်းလ....ဝန်းလ ခေါ်ရတာတစ်မျိုးပဲနော် အစ်ကို'

'တစ်မျိုးကြီးဖြစ်နေရင်လဲ မခေါ်နဲ့ပေါ့ကွာ'

'ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ'

'ခေါ်ချင်သလို ခေါ်ပေါ့'

'အစ်ကိုလ လို့ ခေါ်မယ်လေ....နော်'

'ကြိုက်သလိုသာခေါ်ပါ ညီမရယ်'

သို့ဖြင့် နောက်တစ်နေ့မကူးမီပင် ဟန်ဝေနှင့် ခေါ်နက် ဝန်းလ တို့ နှစ်ဦးမှာ နှစ်ပေါင်းများစွာက ခင်မင်ရင်းနှီး ခဲ့ကြသောသူများနှယ် ဖြစ်ခဲ့လေသည်။

'အေး...နောက်တုန်းကတော့ ခဏတစ်ဖြုတ်နေသွားဦးပေါ့ ဝန်းလီ၊ ဒါမှလဲ ရွာသားတွေက စိတ်ကောင်းနိုင်ကြမှာ၊ မင်းကို သူတို့က နတ်ကောင်းနတ်မြတ်တွေက လွှတ်လိုက်တဲ့ မိုးကျရွှေကိုယ်လို့တောင် သတ်မှတ်နေကြတာကွယ့်'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် ပျော်သလောက်နေထိုင်ပါမယ် ခင်ဗျာ'

သို့ဖြင့် မောနက်ဝန်းလီမှာ အင်ဝိုးရွာ၌ သောင်တင်နေခဲ့ရလေသည်။ သို့ရာတွင် သူ့မှာ အရက်သေစာကိုသောက်စားတိုင်း အမှားတစ်ရပ်ကို ကျူးလွန်မိလေ့ရှိ၏။

သူနေထိုင်စဥ်အတွင်း အရက်မူးယစ်နေချိန်၌ ရွာသားနှစ်ဦး ရန်ဖြစ်ရာ၌ သူက မှန်သည်ထင်သောဘက်မှ ဝင်ရောက်ကူညီပြီး တိုက်ခိုက်ပေးလိုက်သည့်အတွက် တစ်ဖက်လူမှာ အကြီးအကျယ် ဒဏ်ရာရရှိသွားခဲ့ရှာသည်။ တကယ်တော့ ထိုလူက လူကောင်းဖြစ်၍ ... ကူညီလိုက်မိသောလူက လူဆိုးတစ်ဦးသာ ဖြစ်လေသည်။

'ဝန်းလီ ဒီကောင့်ဘက်က ကူညီလိုက်တာ အင်မတန်မှားတယ်ကွယ့်၊ ဘာဖြစ်လို့လဲဆိုတော့ ဝန်းလီ သတ်ပုတ်လိုက်လို့ ဒဏ်ရာအနာတရဖြစ်သွားရှာတဲ့သူက ရပ်ကျိုးရွာကျိုး အင်မတန်အားကိုးရတဲ့ လူတစ်ယောက်၊ ဟိုတစ်ယောက်က ရပ်ရွာမှာ လူပိုသက်သက် လူရမ်းကားသက်သက်ကွယ့်'

ဆရာကြီးဟန်ယူက သူ၏လုပ်ရပ်အတွက် ဝေဖန်သုံးသပ်ပြ၏။



'ဟုတ်တယ် အစ်ကိုလီ၊ အဲဒီအကောင်က မူးပြီး ပါးစပ်က အင်မတန်ရမ်းတာ သိလား၊ ညီမနဲ့တောင် ခဏခဏ ရန်ဖြစ်ကြသေးတယ်၊ ဒီကပါးဆွဲချဖို့လုပ်တာ လူတွေဝိုင်းဆွဲထားလို့ ဟင်း'

ဟန်ဝေကလည်း သူနှင့်ရန်ဖြစ်ပွားကြောင်း ဝင်ရောက်ပြောပြန်သဖြင့် ဝန်းလီမှာ နေရထိုင်ရ ခက်နေ၏။

'ကျွန်တော်က ဘာရယ် မဟုတ်ပါဘူး ဆရာကြီးရယ် လက်ရှိအမြင်မှာ တစ်ယောက်က အင်အားငယ်တယ်၊ တစ်ယောက်က ခွန်အားကြီးတယ်၊ ရန်ဖြစ်သတ်ပုတ်နေကြတာ အင်အားငယ်တဲ့ဘက်က ဝင်ရောက်ကူညီမိလိုက်တာပဲလေ၊ ဘယ်သူ လူကောင်း၊ ဘယ်သူလူဆိုး ကျွန်တော် မသိဘူး၊ လက်ရှိအမြင် အတိုင်း မြင်ပြီးမူးမူးနဲ့ ပါသွားခဲ့တယ်ခင်ဗျာ၊ အဲဒီလူကို တောင်းပန်လို့ရရင် တောင်းပန်ချင်ပါတယ် ဆရာကြီး'

'အဲဒါ အကောင်းဆုံးပေါ့ ဝန်းလီ၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပဲလို့ ငါမြင်တယ်၊ မင်းကို တစ်ရွာလုံးက ကျေးဇူးရှင် သခင်တစ်ယောက်လို့ အမြင်ထားကြတာ အမြင်မစောင်းသွားစေချင်ဘူးကွယ်'

သည်လိုနှင့် ထိုဒဏ်ရာရ ရွာသားအား ဝန်းလီတောင်းပန်လိုက်ရ၏။ တောင်းပန်လိုက်သဖြင့်လည်း နားလည်ကျေနပ်သွားကြသည်။

သို့ရာတွင် နောက်တစ်ကြိမ် မောနက်ဝန်းလီတစ်ယောက် မူးပြီး ကျူးလွန်သောအပြစ်ကိုကား တောင်းပန်၍မရအောင် မှားယွင်းစွာ ပြုမူမိခဲ့လေသည်။

## ( ၂၁ )

ထိုနေ့က မားနက် ဝန်းလ° အိမ်ပြန်လာသောအခါအလွန်ပင် မူးယစ်နေခဲ့လေသည်။ ဒယီးဒယိုင်နှင့် အိမ်သို့ရောက်လာသောအခါ၌ ဆရာကြီး ဟန်ယူလည်း အိမ်တွင် မရှိပေ၊ ရွာလူကြီးများနှင့်ရပ်ရေးရွာရေး တိုင်ပင်ဆွေးနွေးရန်အစည်းအဝေးသို့ ထွက်ခွာသွားခဲ့၏။

'ဆ ဆရာကြီး....ကျွန် ကျွန်တော် ပြန် ပြန်လာပြီ၊ ကျွန် ကျွန်တော် နည်းနည်း နည်းမူးလာတယ် ဆဆရာကြီးရယ်၊ ခွင့် ခွင့်ခွင့်လွှတ်ပါ....ဆ ဆရာကြီးကို ကျွန် ကျွန်တော် မရှိသေ သေလို့ မ မဟုတ်ပါဘူး၊ အ အရက်ကို ကြိုက် ကြိုက်လို့

သောက် သောက်လာမိတယ် ရှိ ရှိခိုးပါတယ် ဆ ဆရာကြီး ရယ်'

ထိုသို့ ခပါက်ပတ်ကရ ပြောဆိုပြီး အိမ်ခေါ်သွမ်းတတ်ရာ အမူးလွန်၍နေသဖြင့် ခန္ဓာမှာ ယိမ်းထိုးလဲကျ၏။ ထိုအခါ နောက်နေးခန်းမှထွက်လာသော မိန်းကလေး ဟန်ဝေကတွေ့ရှိပြီး ကမန်းကတန်း ဝင်ရောက်ဖေးမသည်။ လဲလုလဲခင်ဝယ် ဟန်ဝေအား ဖက်မိသွား၍ မလဲကျသော်လည်း နှစ်ဦးသား သေးတိုက် ကျသွားရသည်။ သူ၏ ကိုယ်နှာကြီးအားလည်း မိန်းကလေးက မနိုင်မနင်း ဖြစ်နေရှာသည်။

'ဩော်....ဘယ်သူလဲ ငါ့ကို ဖက်ထားတာ ဘယ်သူလဲဟေ့'

'ဟန် ဟန်ဝေပါ အစ်ကိုလ ညီမ ဟန်ဝေပါ'

'ဩော်... ညီမလေး ဟန်ဝေ၊ အစ်ကိုလ လဲကျမှာကိုစိုးရိမ်ပြီး ဖက်ထားတာလားကွ ဟင်'

'ဟုတ်....ဟုတ်ပါတယ် အစ်ကိုလ၊ အစ်ကို အရမ်းမူးနေတယ်လေ၊ စိတ်ကို ထိန်းမှပေါ့'

'ထိန်းပါတယ်ကွာ ထိန်းပါတယ်၊ ဒါပေမယ့် ငါက မင်းလေးကို ချစ်နေမိတာပဲ ဘယ်တတ်နိုင်ပါမလဲ၊ ညီမကအစ်ကိုလကိုရော မချစ်ဘူးလားကွဟေ....ပြောစမ်း'

သူ ပြောပြောဆိုဆို ဟန်ဝေ၏ ဖောင်းမို့သော ပါးပြင်အား နမ်းကြုံလိုက်လေသည်။

'အို...အို အဲလိုမလုပ်နဲ့လေ ညီမ မကြိုက်ဘူး'

မိန်းကလေးက အတင်းရုန်းကန်၏။ သေးနက် ဝန်းလကမလွှတ်။

၁၁



'တကယ်ပါ ညီမလေး....အေ့၊ အစ်ကိုလ ညီမကို ချစ်နေမိတာပါ....အေ'

သူက ချစ်ကြောင်းကိုသာ တဖွဖွပြောဆိုပြီး ဖက်ထားသဖြင့် မိန်းကလေးမှာ အကျပ်ရိုက်နေလေသည်။

မူးနေသောသူအားလည်း သူက အကြမ်းပတမ်းလုပ်ကာ မရုန်းကန်ချင်။ တကယ်တော့ သူမကိုယ်တိုင်ကလည်း ဝန်းလအား စိတ်က ညွတ်မိနေမိသည်။

မူးနေသူဖြစ်၍ ကြောက်ရွံ့နေမိသည် မှန်သော်လည်း သာယာကြည်နူးမိသည်ကတော့ ဝန်ခံချင်၏။ ထို့ကြောင့် သူမကလည်း ကြောက်ကြောက်နှင့်သာ ရုန်းရ၏။ စိတ်မတောင်း။

'အစ်ကိုလ လွှတ်ပါဦး၊ ညီမ မွန်းနေပြီ ရှင့်'

'ချစ်တယ်ပြောမှ လွှတ်မယ်၊ မပြောရင် ဟောဒီပါးဖောင်းဖောင်းလေးကို ဒုတိယအကြိမ် နမ်းပစ်မှာ၊ ပြော.... ချစ်တယ်ပြောမလား အနမ်းခံမလား'

အစ်ကိုလက သူမအား မေးမြန်းနေသဖြင့် ခေတ္တငြိမ်သက်သွားမိသည်။ တကယ်တမ်း မရှက်မကြောက် ရင်ထဲရှိရာ ပြောကြေးဆိုလျှင်ဖြင့် ချစ်တယ်ဟုလည်း ပြောချင်သည်။ အစ်ကို့အနမ်းလဲ ခံချင်၏။ ဒါက ရင်ထဲက ဆန္ဒသာ၊ သို့ရာတွင် အပြင်၌မူ သည်လိုပြော၍ မပြန်။

သူမကမိန်းကလေးသာ၊ တန်ဖိုးသိက္ခာကိုတော့ ထိန်းရမည်လေ။

'လွှတ်...လွှတ် အစ်ကိုလ လွှတ်ရင် ပြောမယ်လေ'

သူမက ချိုသာစွာ ပြန်လည်ပြောလိုက်ရာ ဝန်းလက...

'ဟင့်အင်း....ဟင့်အင်း အရင်ပြောမှ လွှတ်မယ်၊ လွှတ်လိုက်ရင် ထွက်ပြေးသွားမှာပေါ့၊ မပြောဘဲ ထွက်ပြေးသွားရင် အစ်ကို ရင်ကျိုးကျန့်မှာပေါ့၊ အရင်ပြော ညီမ အရင်ပြော'

မူးသာမူးသည်၊ သူက အမူးပါ။ မလွှတ်ဘဲ ဖက်ထားဆဲ ရှိ၏၊

'ကဲပါ...အစ်ကိုလ ကို ချစ်ပါသတဲ့ရှင်၊ လွှတ်....လွှတ်တော့ ကျေနပ်ပြီလား'

နောက်ဆုံးတော့ ဟန်ဝေက နှုတ်မှ ခပ်ရှုရှုပင် ပြောချလိုက်ရတော့သည်။ ရင်ထဲတော့ အခုန်သားပင်။

'ဟဲ....ဟဲ ဒီလိုမှပေါ့ ညီမရဲ့၊ အစ်ကိုသေပျော်ပြီ....အစ်ကို သေပျော်ပြီ....ရှတ်'

သူက သေပျော်ပြီတဲ့ ပါးစပ်ကပြောပြီး နှာခေါင်းက ထွမ ပါးဖောင်းဖောင်းအား အားပါးတရ ဖက်ယမ်းနမ်းရှုပ်ပြီး လွှတ်ပေးလိုက်တော့သည်။

'ဟား ဟား ဟား'

သူက ကျေနပ်အားရစွာ အော်ဟစ်ရယ်နေသည်။ မိန်းကလေးက ပါးလေးကို ပွတ်သပ်ကာ ရင်ခုန်ရင်း...

'အစ်ကို မကောင်းဘူး၊ အစ်ကို လူဆိုး'

'ဟာ....ငါလူဆိုး ငါ မကောင်းဘူး ဟုတ်လား၊ တစ်ရွာလုံးကို လိုက်မေးစမ်း၊ ငါဟာ လူဆိုးလား လူကောင်းလား ဆိုတာ....ဟင်း'



'ရွာအတွက်တော့ ကောင်းတာပေါ့၊ မကောင်းတာက ညီမအပေါ်မှာပဲ၊ ဆိုးတာက ဟောဒီ မိဟန်ဝေအပေါ်မှာပဲ....ဟင်း'

'အစ်ကိုက ညီမအပေါ် ဘာဆိုးလို့တုံး၊ ပြောစမ်း'

'အို....ခုလိုလုပ်တာ မဆိုးဘူးလားလို့ ဟင့်....ဟင့်'

'ဪ....ဒါက ချစ်တာကိုး ညီမရယ်၊ ဘာလဲ နောက်တစ်ကြိမ် ထပ်နမ်းပစ်လိုက်ရဦးမှာလား၊ ဒီတစ်ခါဆို သုံးကြိမ်ရှိသွားပြီနော်'

'အို....အို....တော်ပြီ....တော်ပြီ၊ ညီမကို ဒုက္ခမပေးပါနဲ့'

'ချစ်တာပဲ ညီမရယ်၊ ဒုက္ခမဟုတ်ပါဘူး သုခရယ်ပါ၊ ပျော်စရာရယ်ပါ၊ လာစမ်းပါကွယ်'

'ဟင့်အင်း....ဟင့်အင်း၊ သူများ ကြောက်တယ်....ကြောက်တယ်'

ဒယီးဒယိုင်နှင့် ဝန်းလ က လိုက်ရာ မိန်းကလေးစာ ရှေ့မှ ထွက်ပြေးလေ၏။ ဆရာကြီးမရှိသော အိမ်ကြီးဝယ် စုန်းစုန်းနိုင်းဒိုင်းနှင့် ဆူညံနေတော့သည်။

ဝန်းလ ၏ ရယ်မောသံကြီးကလည်း တစ်အိမ်လုံး ဟိန်းနေလေသည်။ နောက်ဆုံးတော့ ဝန်းလ ၏ အမိဖမ်းခြင်းကို ဟန်ဝေ ခံလိုက်ရရှာသည်။ သို့သော် ဝန်းလ ခမျာ သူမအား မိတော့ အိပ်ပျော်သွားခဲ့လေပြီဖြစ်သည်။ အရုပ်ကြိုးပြတ်လဲကျသွားရှာတော့၏။

'ဟော....သူငယ်နိုးလာပြီသား'

အိပ်ရာမှထပြီး အိမ်ရှေ့ခန်းသို့ ထွက်လာသော ဝန်းလ အား ဆရာကြီးက လှမ်းနှုတ်ဆက်၏။

'ဟုတ်ကဲ့ ဆရာကြီး'

ဝန်းလ မှာ ဆရာကြီးအား မျက်နှာပွင့်နေသဖြင့် ပြုံးပြီး မနေ့ဖြင့်၊ ညဘက်က အရက်မူး၍ ဖြစ်ပျက်ခဲ့သော အဖြစ်များ က သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်သေးဘဲ ရှိ၏။

ရေချိုးသို့ သွားရောက် မျက်နှာသစ်ပြီး ဆရာကြီးရှေ့သို့ ဝင်ရောက်ထိုင်သည်။

မိန်းကလေးဟန်ဝေက သူ့အား မျက်လုံးဝိုင်းကြီးကို ပြုံ့ လှန်ကာ ကြည့်၏။

သူသေးအား သူ မျက်နှာချင်းမဆိုင်ဝံ့၊ မျက်လွှာကို ချထား လိုက်ဖြစ်သည်။

'ဆ...ဆရာကြီး ကျွန်တော် စကားနည်း နည်း ပြောပါရ စေ'

ဝန်းလ က ထူးထူးဆန်းဆန်း ခွင့်တောင်းသဖြင့် ဆရာ ကြီး ဟန်ယူက အံ့အားသင့်ကာ မော့ကြည့်၏။ မိန်းကလေး ဟန်ဝေကလည်း စိုက်ကြည့်သည်။

'ပြောလေကွာ၊ မင်းက ခွင့်တောင်းနေရသေးတာ ဘာ စကားမို့လို့လဲကွ'

'ဒီလိုပါ ဆရာကြီး၊ ကျွန်တော် ဒီရွာကိုရောက်တာ နည်း နည်းလဲ ကြာမြင့်သွားပါပြီ၊ ကျွန်တော့်မှာ အခြားလုပ်စရာ



ဆောင်ရွက်စရာလေးတွေကလဲရှိတော့ ကျွန်တော် ပြန်ပါရစေ လို့ ခွင့်တောင်းဖို့ပါခင်ဗျာ'

'ဟေ'

ဆရာကြီး ဟန်ယူသည် အံ့ဩသွားသည်ကဲ့သို့ မိန်းကလေး ဟန်ဝေကလည်း ဦးခေါင်းလေးကို ငုံ့သွားရှာသည်။

'ဘယ်လိုဖြစ်တာလဲ မောင်ရင်ရယ်၊ မြန်းဒိုင်းကြီးကွယ်'

'ပြန်ဖို့ အချိန်သင့်ပြီလို့ ထင်လို့ပါခင်ဗျာ'

'အေးလေ...မင်းမှာ လုပ်စရာဆောင်ရွက်စရာ ရှိတယ်ဆို တော့လဲ ဘယ်တားလို့ ကောင်းမလဲ၊ အင်း....တို့ရွာကတော့ မင်းကို မိုးကျရွှေကိုယ်လိုသဘောထားပြီး လေးစားတာ ချစ် ခင် သံယောဇဉ်တွယ်နေမိကြတယ်ကွယ်'

'ကျွန်တော်လဲ သူတို့လိုပါပဲခင်ဗျာ'

မိန်းကလေးက သူ့အား ဆတ်ခနဲမော့ကြည့်သည်။ သူမ မျက်လုံးအစုံ၌ မျက်ရည်တို့ စို့သီနေကြသည်အား သူ တွေ့ရှိ သည်။

သူက ဆရာကြီးဟန်ယူအား ဂါဝရပြုလျက် နှုတ်ဆက် လိုက်၏။

'ကျွန်တော်သွားတော့မယ် ဆရာကြီး'

'အေး...အေး တို့များကတော့ သူငယ်ကို သတိရနေကြ မယ် ဟ'

တစ်ဖန် မိန်းကလေး ဘက်ငဲ့စောင်းပြီး နှုတ်ဆက်ပြန် သည်။

'ညီမလေးဟန်ဝေ အစ်ကိုသွားတော့မယ်နော်'

'ဟုတ်....ဟုတ်....ဟုတ်ကဲ့'

မိန်းကလေးက ဦးခေါင်းကိုမမော့ဘဲ ငုံ့မြဲငုံ့ထား၍ တုန်ခါသော အသံလေးနှင့် တုံ့ပြန်ရှာသည်။

သူမ မျက်ရည်ကျနေမည်ကို သူသိရှိနိုင်ပါ၏။ သူ့ စိတ်မကောင်းနိုင်ပါလေတော့၊ ချာခနဲလှည့်ထွက်လိုက်၏၊ ခြံဝင်းမြင်းဇောင်းထဲမှ သူ၏မြင်းညိုကြီးကို ကြိုးဖြုတ်ကာ လွှားခနဲ ကျောပေါ်တက်လိုက်သည်။

သူ ရွာလမ်းပေါ်ရောက်တော့ ရွာသားတို့က သူ့အား လှမ်းနှုတ်ဆက်ကြသည်။

'ဘယ်သွားမလို့လဲ ဆရာလေး'

'ပြန်တော့မလို့လေ'

'ခင်ဗျာ... ဆရာလေး ပြန်တော့မယ်ဟုတ်လား'

ထိုရွာသားက အံ့ဩသံကြီးနှင့် ပြန်လည် မေးမြန်းပြီး ရွာဘက်သို့လှည့်အော်ဟစ်တော့သည်။

'ဟေး....ဟေး ဒီမှာ ဆရာလေး မားနက်ဝန်းလီ မြို့ပြန်တော့မလို့တဲ့....ဟေ့'

သူ၏ ကျယ်လောင်သော အသံကြောင့် ရွာသူရွာသားကလေးတစ်သိုက် ပြေးလွှားစုရုံးရောက်ရှိလာကြ၏။

'ကဲ....အားလုံးပဲ ကျုပ်ပြန်ပါရစေ'

သူကနှုတ်ဆက်ပြီး မြင်းဇက်ကြိုးကိုဆွဲလှည့်၏။ ရွာပြင်လမ်းမသို့ မြင်းညိုကို ဦးတည်နှင်သည်။

ကလေးသူငယ်အချို့ သူ့နောက်သို့ပြေးလိုက်၏။

'နေခဲ့ကြကွယ် ကလေးတို့ရယ်'



သူက နောက်ဘက်လှည့်ပြီးတားမြစ်လိုက်မိသည်။ အင်ဝိုး ရွာသူရွာသားတို့က မားနက်ဝန်းလီ ရွာထိပ်မှ ရွာပြင်သို့ ထွက်သွား၍ မြင်ကွင်းမှပျောက်ကွယ်သွားလေမှ လက်ပြနှုတ်ဆက်ခြင်း ရပ်သွားကြလေသည်။

မားနက်ဝန်းလီကမူ အင်ဝိုး ရွာပြင်လမ်းဝယ် မြင်းကို စိုင်းနှင်နေမိလေသည်။ နေရစ်တော့ မိန်းကလေးရေ အစ်ကိုလီကို ခွင့်လွှတ်ရစ်ပေတော့ကွယ်။

တကယ်တော့ သူ့အဖို့ မမှားသင့်မမှားထိုက်သောအမှားမျိုးကို သူကျူးလွန်မိခဲ့သည် မဟုတ်ပါလော။ ဟန်ဝေ နှမလေးကို သူ ညီမအရင်းနှယ် ချစ်ခင်တွယ်တာ သံယော ဇဉ်နှောင်ချည်မိသည်မှာ အမှန်ဖြစ်သည်။

သို့သော် သူမှားခဲ့သည့်အမှားက ထိုသို့မဟုတ်။ ၁၅၀၀ မေတ္တာ တဏှာမျိုးနှင့် ကာယကံမြောက် သူကျူးလွန်မိခဲ့သည်လေ။

အဆုံးစွန်မလွန်ကျူးဖြစ်သည်ကိုပဲ မည်သူ့အားကျေးဇူး တင်ရမှန်းမသိ၊ ကျေးဇူးတင်မိ၏။ တောင်းပန်လို့ရကောင်းသော အမှားယွင်းမျိုးလည်းမဟုတ်ပေ။

လှည့်ဖျားရာရောက်သည့် မိမိထက် ငယ်နုသော မိန်းကလေးအား ဖြားယောင်းရာရောက်သည့် ပြစ်မှုမျိုးပင်မဟုတ်ပါလား။

'အစ်ကိုလီ....အစ်ကိုလီ'

အဝေးမှ သူ့အား ခေါ်သံသဲ့သဲ့ ကြားသလိုရှိသဖြင့် နောက်လှည့်ကြည့်လိုက်ရာ မြင်း တစ်စီးကို ဖုန်တထောင်း

ထောင်း ထသအောင် စီးနှင်လာသည့် မိန်းအလေးကို သူတွေ့ရ၏။

'အို....ညီမလေးဟန်ဝေ'

မြင်းဇက်ကြိုးကိုဆွဲလျက် သူ ရပ်တန့်နေလိုက်ရသည်။ မကြာမီ မိန်းကလေးအနီးသို့ ဆိုက်ရောက်လာ၏။

'အစ်ကိုလ တကယ်သွားတော့မှာ လားဟင်'

သူမက မျက်ရည်လည်ရွဲနှင့် သူ့အားမေးလာ၏။

'သွားရတော့မှာပေါ့ ညီမရယ်၊ မနေ့က အဖြစ်တွေ အားလုံးအတွက် ခွင့်လွှတ်ပါလို့ အစ်ကိုလ မတောင်းပန်ချင်ပါဘူးကွယ်၊ တောင်းပန်လို့ရတဲ့အဖြစ်မျိုး မဟုတ်ဘူးဆိုတာလဲ အစ်ကိုလ နားလည်ပါတယ်၊ အစ်ကိုလ အပြစ်များသာလို့ပဲ မှတ်ယူလိုက်ပါတော့နော်'

ဟန်ဝေက သူ၏စကားများကို သေချာစွာနားစိုက်ထောင်နေ၏၊ ထို့နောက် နှုတ်ခမ်းကို ပြတ်လုနီးပါးကိုက်ထားသည်။

'ဘာလဲ အစ်ကိုလ စကားက နောင်တရနေတဲ့စကားများလား၊ မနေ့က အဖြစ်တွေတွက် ယူကျုံးမရဖြစ်နေတဲ့သဘောမျိုးလား'

သူမမေးခွန်းများအား သူအဖြေရခက်နေလေသည်။ ထို့ကြောင့် သူက မည်သို့မျှတုံ့ပြန်မဖြေဘဲ တိတ်ဆိတ်စွာနေမိလေသည်။



'ပြောလေ အစ်ကိုလ၊ နောင်တရနေလို့ လား မှားယွင်းတဲ့ အပြုအမူတစ်ခုလုပ်မိသလို ခံစားနေရလို့လား၊ အရက်မူးပြီးဖြစ်လို့ မေ့ပစ်ဖို့ကြိုးစားနေတာလား ဟင်....အစ်ကိုလ'

'အစ်ကိုလ ဘယ်လိုပြောရမှန်းကိုမသိတော့ပါဘူး ညီမရယ်'

* * *

သူမက ရှိုက်ကြီးတငင် ငိုကြွေး၏၊ သူ သူမအား ချော့ရမည်လား သည်အတိုင်းကြည့်နေရမည်လား ဝေခွဲမရ၊

'ညီမ အစ်ကိုလ၏ ဖြူစင်တဲ့ သံယောဇဉ်ကို အစွန်းအထင်း ဖြစ်သွားရတဲ့အတွက် အစ်ကိုလ စိတ်မကောင်း ဖြစ်မိတယ်လို့ပဲ ထင်ပါတယ်'

သူက တစ်လုံးချင်း တည်ငြိမ်စွာ ပြောပြလိုက်၏။

'ညီမကတော့ အိပ်မက်ထဲကအရာ တကယ်ဖြစ်လာတယ်ဆိုပြီး ဝမ်းသာပျော်ရွှင်မိနေတာပါ၊ ဒါပေမယ့် ပျော်စရာကလဲ တဒင်္ဂပါပဲ၊ ခံစားရတာကလဲ တစ်ခဏပါပဲ၊ ကျန်မအတွက်တော့ တစ်ဘဝစာ အသည်းနာကျန်ရစ်ခဲ့ရုံပေါ့'

'အပြင်တင်လဲ ခံရတော့မှာပဲလေ'

'သူမျှားလိုက်လာတာ ခွာက အပြီးထွက်လာခဲ့တာပဲ၊ အစ်ကိုလ°နောက်ကို တစ်ခါတည်း လိုက်လာခဲ့ဖို့ပါ၊ ဒါပေမယ့် အစ်ကိုလ°က ရင်ဝကို ခြေနဲ့ကန်တယ်'

သူမကပြောရင်း ရှိုက်ဖာ ငိုၿ၏၊ ရင်ဗေးကို တသိမ့်သိမ့်ဖြစ်အောင် ငိုကြွေးနေရှာသည်။

'တိတ်ပါတော့ ညီမလေးရယ်၊ အစ်ကိုလ° ညီမကို နှမရင်းလေးတစ်ယောက်လို ချစ်ပါရစေနော်'

'တော်ပါတော့ အစ်ကိုလ°၊ ညီမကတော့ အစ်ကိုလ°ကို ချစ်သူတစ်ဦးလို ချစ်တယ်၊ ချစ်သူလို တုံ့ပြန်မချစ်နိုင်ရင် ဘယ်လိုအချစ်မျိုးနဲ့မှ မချစ်နဲ့၊ မလိုချင်ဘူး ဒါပဲ'

သူမက မြင်းဇက်ကြိုးကို ဆွဲလှည့်လိုက်သည်၊ ထိုအခါ သူမ၏ မြင်းက ရွာဘက်သို့ ပြန်လည်ဦးတည်သွား၏။

'မှင်ဟာ ယောကျ်ားမဆန်တဲ့ ယောကျ်ား'

ထိုသို့ပြောပြီး မိန်းကလေးဟာန်ဝေမှာ ရွာဘက်သို့မြင်းကို စိုင်းနှင်သွားလေတော့သည်။

'အို...ညီမလေးရယ်'

ဝန်းလ°၏ ရင်ထဲမှ အသည်းနှလုံးကား နင့်နေအောင် နာကျင်သွားမိတော့သည်။

သူ မိန်းကလေး၏ မြင်းစိုင်းနှင်သွားသည်အား မျက်စိတစ်ဆုံး မျှော်ငေးကြည့်သည်။

တဖြည်းဖြည်း ဖုန်များကြား ပျောက်ကွယ်သွားလေမှ မြင်းဇက်ကြိုးအား ပြန်ဆွဲလှည့်လိုက်သည်။



'မင်းလေး အစ်ကိုလ°ကို မေ့နိုင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲကွယ်'

မြင်းညိုကြီး၏ တင်ပါးကို ဖနောင့်နှင့် ဆတ်လိုက်ရာ မြင်းကဆုန်စိုင်းသွားလေတော့သည်။

( ၂၂ )

## ဓားနက်ဝန်းထွဋ်နှင့် တရားဓားချန်လင်ဟိုး

ဝန်းလဋ်သည် အင်ဂိုးရှားသူလေး ဟန်ဓေ၏ သံယောဇဉ်မှ ရုန်းထွက်လာခဲ့သော်လည်း ရင်ထဲ၌ နာကျင်နေခဲ့ရလေသည်။

မူးယစ်မိခြင်း၏ အမှားတစ်ချပ်ကို ကျူးလွန်ခဲ့သည့်အတွက်လည်း တစ်လမ်းလုံး စိတ်မကောင်း ဖြစ်လာခဲ့လေသည်။ ခင်မင်စရာကောင်းလှသော အင်ဂိုးရှားသူ ရှားသားများ၏ ရိုးသားဖြူစင်မှုကို သူ သတိရနေခဲ့၏။

သူက မြင်းကို ခပ်သော့သော့နှင်လိုက်မိသည်။ ရှေ့၌ ခရီးတစ်ထောက်နားနေရန် ခင်တန်းလေးကို တွေ့လိုက်ရသော

ကြောင့် ဖြစ်သည်။ ဖြတ်သန်းလာခဲ့ရသော ခရီးတစ်လျှောက်လုံးက လွင်တီးခေါင် ကွင်းပြင်များသာ ဖြစ်လေသည်။

'ကဲ...ဖေ့ သားကြီး မြန်မြန်လေး စိုင်းလိုက်စမ်းကွာ'

မြင်းညိုကြီး၏ နားရွက်အနီးသို့ ကပ်ပြီး ပြောလိုက်ကာ လည်ဆံမွေးညိုများကို အသာပွတ်သပ်ပေးလိုက်မိ၏။ မြင်းအား အပြင်းစိုင်းနှင်ရှာလေသည်။

မကြာမီ ခင်တန်းတောစပ်သို့ သူ ရောက်ရှိသွားလေသည်။ သစ်ပင်ကြီးငယ်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိ၏။ အရိပ်အာဝါသလည်း အလွန်ကောင်းသောနေရာ ဖြစ်သည်။ ဝန်းလီ တောစပ်သို့ ဝင်လိုက်သည်နှင့် တစ်စုံတစ်ခုက သစ်ပင်များပေါ်မှ လွှားခနဲ ဝဲပျံကျလာ၏။ အဖြူရောင် အဆင်းနှင့် ဗျိုင်းတစ်ကောင်ကဲ့သို့ ဖြစ်သည်။

ထိုသူက သူ၏ မြင်းရှေ့တည့်တည့်၌ မားမားရပ်ကာ သူ့အား တား၏။

'ဟေ့....ဝန်းလီဆိုတာ မင်းလားကွ'

သူ့အား အမိန့်ပေးသော လေသံမျိုးနှင့် မေးမြန်းလာသည့် မေးခွန်းဖြစ်၍ ကလန်ကဆန် တုံ့ပြန်ရန် သူဆုံးဖြတ်သည်။

'ဟဲ....ဟဲ မိတ်ဆွေက ဆရာပျောက်ရှာတာလား၊ အဖေပျောက်ရှာတာလား၊ တွေ့တဲ့လူကို ဒီလိုပဲ မေးနေလားဗျ'

သူ၏ မဖွယ်မရာ အပြောစကားကြောင့် ဝတ်စုံဖြူနှင့် ဓားသမားမှာ သူ့ခါးမှ ရှည်လျားသောဓားကို ထုတ်လိုက်၏။

'မပြေချင်လဲ နေပေါ့၊ တိုက်ဖို့သာ ပြင်တော့လေ'



ဝတ်စုံဖြူ ဓားသမားက ရှည်လျားစွာ စကားပြော ရှည်မနေတော့၊ သူ့ဓားကိုထုတ်လျက် တိုက်ဖို့ပြင်သည်။

ဓားနက်ဝန်းလီက အံ့အားသင့်သွားပြီး....

'အိုး...ခင်ဗျားလဲ ကျုပ်မသိ ကျုပ်လဲ ခင်ဗျားမသိဘဲနဲ့ လမ်းမှာတွေ့တာနဲ့ ရန်လုပ်တိုက်ခိုက်ရတယ်လို့ဗျာ၊ ခင်ဗျားကြည့်ရတာ အင်မတန်သွေးဆာနေတယ် ထင်ပါရဲ့'

ဓားနက်ဝန်းလီက မတိုက်လိုသောလေသံနှင့် ရှောင်ရန် စကား ကမ်းလိုက်၏။

'ဒီမှာ ဝတ်စုံနက်ကိုဝတ်ပြီး ဓားနက်ကိုကိုင်တာ သိုင်းလောကမှာ ဓားနက်ဝန်းလီဆိုတဲ့ ကောင်ကလွဲလို့ ဘယ်သူမှ မရှိဘူး၊ မင်းကို ငါလိုက်ရှာနေတာ ကြာပြီ ဒီအင်းဝိုး ရွာဘက် လားဝါးကောင်နဲ့ ထွက်သွားတယ်လို့ သတင်းရပြီး ကတည်းက မင်းကို ငါ စောင့်နေတာကွ'

'အို....ဟုတ်လား ဝမ်းနည်းစရာပဲဗျာ ကျုပ်ပြန်မလို့ပဲ၊ ရွာသူ ရွာသားတွေက ဆွဲထားလို့ ကြာသွားရတာပါ၊ ခုဘောင် မိန်းကလေးတစ်ဦးက လမ်းမှာလိုက်လာပြီး ငိုလားရယ်လား လုပ်သေးတယ်၊ ကျုပ် မနည်းကြီးကို သံယောဇဉ်ဖြတ်ပြီး ထွက်လာခဲ့ရတာ ခင်ဗျား ခုလိုတွေ့ရတာ ကံကောင်းတယ်လို့ မှတ်ပါ မိတ်ဆွေ'

ဝတ်စုံဖြူဝတ် လူရွယ်က သူ့အား မုန်းတီးစက်ဆုပ်စွာ စူးစိုက်ကြည့်နေသော်လည်း ဓားနက်ဝန်းလီကမူ မထီမဲ့မြင် အမူအရာနှင့် ပြောဆိုပြုမူနေလိုက်၏။

'ဒါနဲ့ မိတ်ဆွေနာမည်လေးများ မသိရဘူးလားခင်ဗျာ'

ဓားနက် ဝန်းလ ီက တမင်သက်သက် ခမျးမြန်း လိုက်မိပြန် သည်။

'ကျုပ်ခေါ်မည့် တရားဓား ချန်လင်ဟိုး'

'ဩော်....ဩော် မတရားဓား ချန်လင်ဟိုး'

'တရားဓားဗျ'

ဓားနက်ဝန်းလ ီက အခွဲ့ကိုက်၍ သက်သက်မဲ့ သူ့နာ မည်အား တလွဲခေါ်လိုက်သည်အား ဝတ်စုံဖြူက ပြန်လည် အမှန်ကို ပြောပြပြန်သည်။

'ဓေ ဝေးလေ တရားဓားပဲဖြစ်ဖြစ် မတရားဓားပဲဖြစ်ဖြစ် မဟာတရားပဲဖြစ်ဖြစ် ကျုပ်ကိစ္စမှ မဟုတ်ဘဲ၊ ကျုပ် တောင်၊ ပန်းမေတ္တာရပ်ခံချင်တာက ကျုပ်လမ်းကို မနှောင့်ယှက်ဖို့ ပဲ လေ'

'ဟား....ဟား.. ဟား မင်းကို တွေ့ချင်လွန်းလို့ ဒီတော အုပ်မှာ လာစောင့်နေရတာကွ'

'ဘာကိစ္စများပါလိမ့်ဗျာ'

'ကိစ္စကတော့ မင်းဦးခေါင်းကို ငါ့တရားဓားနဲ့ ဖြတ်ယူ သွားဖို့ကိစ္စပဲဟေ့'

'ကောင်းပြီလေ ကျုပ်က ခင်ဗျားကို မသိပေမယ့် ခင် ဗျားက ကျုပ်ကိုသိနေပြီပဲ၊ ဘာကြောင့်ပဲတိုက်တိုက် မေး မရှုလို့တော့ဘူးလေ၊ အဲ....တစ်ခုပဲရှိတယ်၊ ခင်ဗျားတရား ဓားကပဲ ကျုပ်ခေါင်းကို ဖြတ်နိုင်မလား၊ ကျုပ်ရဲ့ ဓားနက် ကပဲ ခင်ဗျားခေါင်းကို ထက်ခြမ်းခွဲမလား စမ်းကြည့်ကြတာ ပေါ့ဗျာ၊ ဟုတ်လား'



ဓားနက်ဝန်းလ ီက မတိုက်ချင်လှသော်သည်း တရားဓား ချန်လင်ဟိုးက လက်မခံသဖြင့် သူ၏ဓားနက်ကို ထုတ်ရလေ တော့သည်။

'ကဲ...တရားဓားကပဲ ထက်မလား၊ ဓားနက်ကပဲ ထက် သလားဆိုတာ လက်တွေ့သေး နှဲကြည့်လိုက်ကြစို့'

'ဝှစ်....ဝှစ်....ဝှစ်'

ဓားနက်က လျှပ်တစ်ပြက် ပြောပြောဆိုဆို ဓားချက်များ ကို တရားဓား ချန်လင်ဟိုးထံ သုံးချက်ဆင့်လိုက်ရာ တရား ဓားက လျင်မြန်စွာခုန်ရှောင် ထွက်သွား၏။

'ဩော်...ဩော် ဒါကြောင့်မို့လဲ ဓားနက်ဆိုပြီး တချို့ ဓားသမားတွေ ကြောက်လန့်နေကြတာကိုး အေးလေ...ဓား နက်ကို ဓားဖြူဖြစ်သွားရပါစေမယ်'

တရားဓားက သူ၏ရှည်လျားသော ဓားကြီးကိုသုပ်ယမ်း ရင်း လှောင်လိုက်၏၊ ထို့နောက် သူ၏အကြိုက် တိုက်ကွင်း တစ်ခုဖြစ်သည့် လေကန်တော့ဓားကွက်ကို ဖန်တီး လေသည်။

သူ့ခန္ဓာအား ဂျင်တ ခုနှယ် ဝေ့ယမ်းလှည့်ပတ်လိုက်၏။ မှတ်နေအောင် လည်သွားသောအခါ ဓားတို့ လက်တို့ ခန္ဓာတို့ ပျောက်ကွယ်သွား၏။

အဖြူရောင်ချည်းကိုသာ မြင်တွေ့ရတော့သည်။

ထို အဖြူရောင် မှတ်နေအောင် လည်နေသည့်အရာမှ လေအက်ဝယ် ရှပ်ခြည်းလည်ပတ်တက်သွား၏။

'ရှပ်....ရှပ်....ရှပ်'

ထိုအဖြူရောင်အရာမှ ဓားချက်တို့ ထွက်ပေါ်လာလျက် လျှပ်တစ်ပြက် တိုက်ခိုက်လာလေသည်။

'ထန်....ထန်....ထန်'

သူကလည်း မြန်ဆန်လှ၏။ သူ၏ဓားနက်ကြီးနှင့် ခုခံသည်။

'ဝှစ်....ဝှစ်....ဝှစ်'

တစ်ပြိုင်နက် လူကလည်း ဓားချက်နှစ်ချက်ကို ပို့လွှတ်လိုက်ပြန်သည်။

'ထန်....ထန်'

ချန်လင်ဟိုး၏ တရားဓားမှာ ရှည်လျားလှသော်လည်း တိုက်ခိုက်လှုပ်ရှားမှုတွင်မူ လျင်မြန် သွက်လက်လွန်းလှသည်။

နောက်ပြီး ဓားနက်၏ဂုဏ်သတင်းအစွမ်းကိုလည်း သိရှိထားဟန်တူ၏။ အထူး သတိထားလျက် မထိခိုက်ရအောင် ရှောင်တိမ်းနေ၏။

ဝန်းလီက တရားဓား၏ လေကန်တော့ ဓားကွက်အား ပြန်လှန်တိုက်ခိုက်ရန် လေနီကြမ်းဓားကွက်အား ပုံဖော်နေသည်။ လေနီကြမ်းဓားကွက်က အဝိန်နှင့်အားနှင့် လျင်မြန်မှုကို အဓိကထားသော ဓားကွက်ဖြစ်သည်။

ရန်သူ၏ ဓားချက်များအား ချက်ချင်းလက်ငင်းတုံ့ပြန်တတ်သော ဓားချက်တို့ရှိသည်။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

သူက တရားဓားထံ လေနီကြမ်းဓားချက်တို့ကို တဖျတ်ဖျတ် ပို့လွှတ်လိုက်ရာ တရားဓားက လေကန်တော့ဓားကွက်



နှင့် လည်မွှတ်နေရာမှ လျင်မြန်စွာ ရွှေ့လျားရှောင်တိမ်းသွားခဲ့၏။

သို့သော် တရားဓားက ရှောင်တိမ်းထွက်သွားရာမှ မထင်မှတ်ဘဲ ရုတ်ခြည်းပြန်လည်လှည့်ပြီး ဓားချက်တစ်ချက်ပက်ပြီး တုံ့ပြန်ပစ်ခဲ့၏။ ထိုဓားချက်က လျှပ်တစ်ပြက် ဖြစ်သောကြောင့် ဓားနက်၏ ရင်ညွန့်အား ပွတ်ကာသီကာ ဓားဖျားနှင့်ခြစ်သွားသည်။

'ဟာ'

သူ့ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိ၍သာ ထိုသို့ ခြစ်သွားရုံ ခြစ်သွားခဲ့၏၊ သူ၏ အင်္ကျီရင်ဖုံးစမှာ ပြတ်ထွက်သွားသဖြင့် ကွာကျသွား၏။

ဓားနှက်၏ ရင်ဘတ်မှာ ဟာလာဟင်းလင်း ဖြစ်သွားလေသည်။ ဝန်းလီမှာ ထိုသို့ဖြစ်သွားရသည်အား ရှက်သည်နှင့် အတူ ဒေါသတို့သာထွက်သွား၏။

'ဟင်'

ထိုအချိန်၌ တရားခေါ်မှာသူ၏လည်ပင်းတွင်ဆွဲထားသော ကျောက်စိမ်းပြား လည်ဆွဲလေးကိုကြည့်ကာ အံ့သြမှင်တက်မိသွားလျက်ရှိ၏။

ခေါ်နက်က ထိုအခွင့်အရေးကို အရယူလိုက်သည်။ လေနီကြမ်း ဓားချက်တစ်ချက်ကို သွက်လက်စွာပို့လွှတ်လိုက်၏။

'ဝှစ်'

'အ...အ'

ဓားချက်မှာ တရားခေါ်က နောက်သို့ဆုတ်ခုန်လိုက်သဖြင့်သာ ပခုံးစွန်းအား ရှပ်၍ထိမှန်သွားရလေသည်။

အကယ်၍ နောက်သို့ ခုန်မဆုတ်လိုက်နိုင်ပါက တရားခေါ်၏ လက်မောင်းတစ်ဖက် ပြတ်ထွက်သွားမည်သာဖြစ်၏။

ချန်လင်ဟိုးမှာ ဒေါသသို့ ယိုင်ကျသွားရှာသည်။

သူကစိတ်ဆိုးဒေါသဖြစ်ရမည့်အစား ဝန်းလီအား ပြုံးလျက် မော့ကြည့်နေသည်။

ဝန်းလီ အံ့သြသွားရသည်။ သူနှင့်စတင်တွေ့ဆုံစဉ်ကတည်းက တရားခေါ်မှာ သူ့အား မုန်းတီးစက်ဆုပ်သော အမူအရာမျိုးနှင့် ကြည့်ရှုခဲ့ခြင်းကို ခံရ၏။

သူ့ပခုံးစွန်းအား ဓားချက်ထိသွားသောကြောင့် မျက်နှာချိုသွေး အချိုသတ်၍ ပြုံးပြနေသည်လား။ သူနားမလည်နိုင်၊

ခေါ်သမားတစ်ဦးအဖို့ သည်မျှလောက်ဒဏ်ရာသည် ပြောပလောက်စရာ မဟုတ်ခဲ့။ မျက်နှာချိုသွားပြီး ပြုံးပြရအောင် သွေးကြောင်စရာမလိုအပ်။ နောက်ပြီး တရားခေါ်မှာ သိုင်း



ပညာအဆင့်မြင့်သည့် သိုင်းသမားတစ်ဦး။ သူ့အားအရှုံးပေး ကျေအေးလို၍မျှားသား။

တရားခေါ်ကမူ သူ၏လည်ပင်အား စူးစိုက်ငေးမောကြည့်ရှုနေဆဲ။

'ဘယ်လိုဖြစ်သွားတာလဲ တရားခေါ်ရဲ့၊ ထိသွားတဲ့နေရာဟာ မင်းရဲ့ နှလုံးသားနေရာတစ်ခု မဟုတ်သေးဘူးလေ၊ ပခုံးစွန်းမှာ ရှပ်ရုံတင်လေး ထင်ပါရဲ့'

ဝန်းလီက ပြက်ရယ် လှောင်ပြောင်လျက် ခနဲ့လိုက်၏။ သူကမူ ပြုံးမြဲပြုံးလျက်။ ဝန်းလီအား မော့၍ ကြည့်နေမြဲရှိသည်။

'ကျုပ်က ခင်ဗျားကို မတိုက်ချင်ခဲ့ပါဘူး၊ ဒါကြောင့် ကျုပ်တတ်နိုင်သမျှ ရှောင်ခဲ့ပါသေးတယ်၊ ဒါပေမယ့်ခင်ဗျားက တိုက်လိုတော့ ခုလိုတိုက်ဖြစ်ခဲ့တာပါပဲ၊တိုက်ပြီဆိုရင်တော့လဲ ဝန်းလီတို့က မြှိုင်ဖက်လဲချင်လဲ၊ မလဲချင်ကိုယ်လဲ ဆိုတဲ့ခေါ်သမားမျိုးပါ၊ ပြောခဲ့ကြသလို ခင်ဗျားက ကျုပ်ခေါင်းမဖြတ်နိုင်ရင် ခင်ဗျားရဲ့ ခေါင်းကို ထက်ခြမ်းခွဲဖို့က ကျုပ်တာဝန်ပဲ ဖြစ်နေမှာပေါ့လေ၊ ကဲ...ဒုတိယပိုင်း ပြန်စတိုက်ကြစို့ရဲ့'

ဝန်းလီက သူ၏ခေါ်နက်အား တိုက်ပွဲဝင်ရန် ပြင်လိုက်ပါသည်။ သို့သော် ချန်လင်ဟိုးကမူ မလှုပ်။

'ဟော့.... တရားခေါ်၊ သွေးကြောင်သွားပြီလား၊ ခေါ်ကိုမြှောက်စမ်းပါဦးလေ'

ဝန်းလိကား အေးစက်သော အမူအရာနှင့် တရားခံကို မခံချင်အောင် လှောင်လိုက်မိသည်။ချန်လင်ဟိုးကမူ ဝန်းလိ၏ လှောင်ပြောင်သရော်မှုအား စိတ်မနာဘဲ ပြုံးမြဲပြုံးနေ လေသည်။

'အို…ခင်ဗျားတိုက်ရင်တိုက် မတိုက်ရင်နေ၊ ကျုပ်ကတော့ ကျုပ်အလုပ် ကျုပ်လုပ် မှာပဲဗျို့ ကဲ…သေပေတော့'

ဝန်းလိက စိတ်မရှည်တဲ့ သူ၏ ဓားနက်ကြီးဖြင့် ခုတ်ပိုင်း ချလိုက်သည်။

'ထန်'

ဓားနက်ကြီး၏ ဓားချက်အား တုတ်ကောက်တစ်ချောင်းက လမ်းမှ ဆီးခံ တိုက်ခိုက်လိုက်သည်။ ဆံပင်ဖြူနေသည့် ရသေ့မ အဘွားအိုတစ်ဦးက လွှားခနဲ ရောက်ရှိလာကာ ခုခံကာကွယ်လိုက်ခြင်း ဖြစ်သည်။

'မင်းက ဘာကြောင့် ပြန်မတိုက်ရတာလဲ တရားခံရဲ့'

ရသေ့မ အဘွားအိုက ချန်လင်ဟိုးအား စိတ်ဆိုးမာန်ဆိုးနှင့် မေးမြန်းသည်။ချန်လင်ဟိုးကမူ ပြုံးလျက်ဖြေ၏။

'သူ့ လည်ပင်းမှာ…အဘွား'

ချန်လင်ဟိုး၏ စကားကြောင့် ရသေ့မကြီးမှာ ဝန်းလိ၏ လည်ပင်း၌ ချိတ်ဆွဲထားသော ကျောက်စိမ်းဆွဲပြားလေး ကို မြင်၍ သွား၏။

'ဟေ…ကျောက်စိမ်းဆွဲပြား၊ ဒါကြောင့် မင်းက ပြန် မထိုက်တာကိုးကွယ့်'



ရသေ့မအဘွားအိုက ဦးခေါင်းဖြူကို တညိတ်ညိတ်လုပ် ကာ နားလည်စွာဆို၏။

ဝန်းလိမှာသာ နားမလည်စွာ ငေးတိငေးကြောင်ဖြင့် သူတို့နှစ်ဦးအား ကြည့်မိသည်။သူ၏ လည်ပင်း၌ ချိတ်ဆွဲထား သော ကျောက်စိမ်းဆွဲပြားကိုလည်း ငုံ့ကြည့်မြင်၏။

'ဘယ်လိုလဲ၊အံ့ဩနေလား တိတ်စောင်ချီ'

အဘွားအိုက ကြင်နာစွာပြုံးလျက်မေးမြန်းလိုက်၍ ဝန်း လိမှာ ပို၍အံ့အားသင့်သွားရပြန်ပါသည်။

'ကျွန်တော့်နာမည် ဓားနက်ဝန်းလိ'

သူက သူ့နာမည်ကို ကြေညာလိုက်မိပြန်သည်။

'ဟား ဟား ဟား ဘာနာမည်ပဲ ဖြစ်နေနေကွာ၊ နာမည်ရင်းက တိတ်စောင်ချီကွယ့်'

'ခင်ဗျာ…ကျွန်တော့်နာမည် တိတ်စောင်ချီ ဟုတ်လ

'အေး…ဟုတ်တယ်၊မင်းနာမည်တိတ်စောင်ချီ၊သူ့နာမည်က တိတ်ချင်ယိတဲ့၊ မင်းတို့နှစ်ယောက်က ညီအစ်ကိုရင်း၊ သူ ဟာ မင်းအစ်ကို'

'ခင်…ခင်ဗျာ'

ဝန်းလိ၏ မျက်လုံးနှစ်လုံးမှာ ပြူးကျယ်သွားတော့ သည်။

'သူ…သူဟာ ကျွန်တော့်အစ်ကို၊ ဟုတ်…ဟုတ်လား အဘွား'

သူ ထစ်ထစ်ငေါ့ငေါ့ အံ့အံ့ဩဩဖြင့် တုန်လှုပ်ချောက် ချားစွာ ရသေ့မကြီးအား မေးမြန်းမိပြန်သည်။

'အေး....ဟုတ်တယ်၊ ပေးစမ်း.... မင်းရဲ့ လည်ပင်းက ကျောက်စိမ်းပြား'။

သူ လည်ပင်းမှဆွဲကြိုးကို ချွတ်ပေးလိုက်၏။ ချန်လင်ဟိုးကလည်း သူ့လည်ပင်း၌ ချိတ်ဆွဲထားသော ထိုကဲ့သို့သော ကျောက်စိမ်းဆွဲပြားကို ချွတ်ပေး၏။

'ဟောဒီမှာ ကြည့်ကြကွယ့်'

အဘွားအိုက ကျောက်စိမ်းဆွဲပြား နှစ်ခြမ်းကို ထိစပ်တာကပ်လိုက်ရာ စာလုံးတစ်လုံးမှာ ထင်ရှားစွာ ပေါ်လာလေသည်။

'တိတ်'

ခေါ်နိုင် 'တိတ်' ဆိုသော စာလုံးက အထင်းသား တွေ့ရှိနေရ၏။

က လမ်းမှာ—ဝေး....အဲဒါ မင်းတို့ရဲ့ မျိုးရိုးနာမည်ပဲကွယ့်၊ ဒါကြောင့် ရသေ့မ ဘွဲ့ရဲ့ နာမည်ရင်းတွေမှာ 'တိတ်' ဆိုတာ ပါတယ်ကွယ့်'

ခုခံအားက' ဒါဖြင့် ကျွန်တော်တို့ မျိုးရိုးက 'တိတ်' မျိုးပေါ့နော်'

ဝန်းလီမှာ အဘွားရသေ့မကြီးအား လေသံတိုးတိုးနှင့် မေး၏။

'အေး ...ဟုတ်တယ်၊ မင်းတို့ ညီအစ်ကိုဟာ တိတ်မျိုးက ဆင်းသက်ခဲ့ကြတာ၊ ဟိုးငယ်စဉ်ကတည်းက ကွဲကွာသွားခဲ့ကြတယ်၊ အမှတ်အသားဆိုလို့ လည်ပင်းမှာဆွဲထားကြတဲ့ ကျောက်စိမ်းဆွဲပြားသာ ရှိထားကြတယ်၊ မင်းတို့ညီအစ်ကိုနှစ်ယောက်ပေါင်းမှ ကျောက်စိမ်းဆွဲပြားတစ်ခုဖြစ်တာ မဟုတ်လား'

ဝန်းလီက သူ၏ဓားချက် ထိထားသော အစ်ကိုဖြစ်သူ၏ ပခုံးစွန်းမှ ဒဏ်ရာအား လှမ်းကြည့်လျက် စိတ်မကောင်း ဖြစ်



သွားလေသည်။ ထိုဒဏ်ရာက သူ့အစ်ကိုရင်းအား အသက်အန္တရာယ် ပေးနိုင်သည်ကို သူ သိရှိထားခဲ့သည် မဟုတ်ပါလား။

'ကျွန်တော်....တောင်းပန်ပါတယ် အစ်ကို'

'ကိစ္စမရှိပါဘူးကွာ'

'ဒါနဲ့ ကျွန်တော်တို့ရဲ့ မိဘများရော အဘွားရယ်'

ဝန်းလီက သူ၏ မိဘများကို သတိရလာသဖြင့် မေးမြန်းသည်။

'အင်း...မင်းတို့ မိဘတွေဆိုတာက ငယ်စဉ်ကတည်းက ဆုံးပါးခဲ့ပြီပဲကွယ်'

'ဘာဖြစ်လို့ ဆုံးသွားကြတာလဲခင်ဗျာ'

'အသတ်ခံရလို့ပေါ့ ကလေးရယ်'

'ဗျာ... အသတ်ခံရတယ် ဟုတ်လား'

ဝန်းလီ၏ မျက်နှာမှာ ချက်ချင်း ခက်ထန်သွားလေတော့သည်။

မိဘများကို သတ်သွားခဲ့သော လူသူများအားလည်း ချက်ချင်းပင် လိုက်လံရှာဖွေ ချေမှုန်းပစ်လိုက်ချင်သည်။

ချန်လင်ဟိုးကမူ ညီဖြစ်သူအားသာ ပြုံးရွှင် ကြည်နူးလျက် တိတ်ဆိတ်နေလေသည်။

သည်အကြောင်း ခြင်းရာတွေကို သူက သိရှိပြီး ဖြစ်သည်။

သူ့၌ ညီ အရင်းတစ်ဦး ရှိကြောင်းကိုလည်း ဆရာသမား ဖြစ်သူ အဘွားဝေယူက ပြောကြားထားသဖြင့် သိရှိထားသည်။

ထို့ကြောင့်လည်း ဆောက်လေရာ အရပ်တိုင်းဝယ် ညိုဖြစ်သူအား ရှာဖွေနေခဲ့သည်။

သူ့ညိုအရင်း၌ သူ့ကဲ့သို့သော လည်ပင်း၌ ဆွဲထားသည့် ကျောက်စိမ်းဆွဲပြားတစ်ခြမ်းပဲ့လေး ရှိသည်ဟု အဘွားဝေယူက ပြောထားခဲ့ဖူးသည်။

သည်တော့ ယောကျ်ားရွယ်တူမြင်တိုင်း လည်ပင်းနေရာကို သာလျှင် သူက ကြည့်ရှုနေလေ့ရှိသည်မှာ သူ၏အကျင့်ဖြစ်နေတော့သည်။

ဝန်းလဲ့နှယ်ပင် သူကိုယ်တိုင်ကလည်း မိဘများကို သတ်ဖြတ်သွားသော အနက်ရောင်သိုင်းလောကမှ သေနတ်လက်ဝါးဆိုသူကို ရှာဖွေနေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ ဖြစ်၏။

ခုတော့ ညိုဖြစ်သူကို ပြန်လည်၍တွေ့ရှိရပြီ ဖြစ်သည်။

သူ၏ရည်ရွယ်ချက်တစ်ခုဖြင့် ပြည့်ဝခဲ့ရသည်ဟုဆိုသို့ရ၏။

သူ ဝမ်းသာပျော်ရွှင်ရလေသည်။ ဗို၍ဝမ်းသာရသည်က သူ့ညိုမှာ သူ့နှယ် အဆင့်မြင့်သိုင်းသမားတစ်ဦး ဖြစ်နေခြင်းပင်။

သို့သော် သူ့ညို၏နာမည်က သိုင်းလောကဝယ် ကောင်းသတင်း နည်းနည်း မကောင်းသတင်းများများ ဖြစ်နေခဲ့သည်အား သူစိတ်မကောင်း။

မတရားတာ မဟုတ်တာ မခံထတ်တာကလွဲလို့ ကျန်သောလောင်းကစား သောက်စား ပျော်ပါးမှုများက သူ၏နာမည်ကို ပျက်စေခဲ့သည်အား သူသိရှိထားခဲ့သည်။



အစ်ကိုတစ်ဦးအနေနှင့် သူ့၌တာဝန်ရှိသည်လေ။

'ကျွန်တော့်မိဘများကို သတ်သွားတဲ့လူကို ဘွားဘွား သိလားဟင်၊ သိရင် ကျွန်တော့်ကို ပြောပြစေချင်ပါတယ် ခင်ဗျာ'

ခေါ်နက်ဝန်းလဲ့က ရသေ့မကြီး ဘွားဘွားခေါင်းဖြူအား တောင်းပန်လိုက်၏။

'အေး....ပြောပြရမှာပေါ့ကွယ်၊ မင်းအစ်ကိုကဒီအကြောင်းတွေ သိပြီးသားပါပဲ၊ ပြောရရင်လဲ မင်းတို့ဘဝအစက ပြန်ပြောမှ ဇာတ်ရည်လည်မှာကွယ်'

'ပြောပြပါ ဘွားဘွားရယ်၊ ကျွန်တော်သိထားတဲ့ ကျွန်တော့် ဘဝကတော့ တစ်ကောင်ကြွက်၊ အထီးကျန်၊ ဆွေမဲ့မျိုးမဲ့၊ အုတ်ကြားမြက်ပေါက်ပါပဲ ခင်ဗျာ'

'ဪ.... ဪ လူလေးက ကိုယ့်ဘဝကို အင်မတန် စိတ်နာနေတဲ့လူဖြစ်နေဟာကိုး၊ ပြောပြမယ် ပြောပြမယ်၊ နားထောင်တော့ လူလေးရယ်'

သို့နှင့် ရသေ့မကြီး ဘွားဘွားဝေယူမှာ ခေါ်နက် ဝန်းလဲ့အား သူတို့ဘဝ၏ နိဒါန်းအစကို ဖွင့်ဟပြောပြလေတော့သည်။

( ၂၄ )

## တိတ်ချင်ယီနှင့်တိတ်စောင်ချို

တရုတ်ပြည် တောင်ပိုင်းရှိ နဂါးမောက် မြို့လေးကား မြို့ငယ်လေးတစ်မြို့ဖြစ်သော်လည်း သိုင်းသမားကောင်းများ ထွက်ပေါ်ရာ မြို့တစ်မြို့ဖြစ်သည်။

သိုင်းပညာရပ်အား ၂ဓိကထားလေးစားသော မြို့ဖြစ်၍လည်း သိုင်းသမားများပျော်မွေ့ရာအရပ်ဖြစ်လေသည်။

ထို့ကြောင့်ပင် အဖြူရောင်သိုင်းသမားများနေထိုင်သကဲ့သို့ အနက်ရောင်သိုင်းသမားတို့လည်း ကျင်လည် ကျက်စားဝင်ထွက်နေခဲ့၏။

ထိုမြို့၌ သိုင်းသမားများစွာအနက် တိတီလျံကွီ ဆိုသည့် အဖြူရောင်သိုင်းသမားလူရွယ်တစ်ဦးမှာ သိုင်းပညာနပ်အား နေ့ညမပြတ် လေ့ကျင့်လိုက်စားနေခဲ့သည်။

အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိသဖြင့် ကြံ့ခိုင်သန်စွမ်းသော ကိုယ်ခန္ဓာနှင့် လေ့ကျင့်မှုအပြည့်အဝ ပြုလုပ်နေနိုင်ခဲ့သူ ဖြစ်လေသည်။

ရုပ်ရည်အားဖြင့်လည်း ယောကျ်ားပီသသော ချောမောပြေပြစ်သူတစ်ဦး ဖြစ်၏။ ထို့ကြောင့် နဂါးမောက်မြို့လေး၌ တိတ်လျံကွီ သိုင်းသမားလေးမှာ မျက်နှာပွင့်လန်း၍ လေးစားသူများလှသည်။

ထို့အတူ အရွယ်အားဖြင့် သုံးဆယ်ခန့်ရှိ၍ မြို့ကို ဝင်ထွက်ကျက်စားနေသည့် အနက်ရောင် သိုင်းသမားတစ်ဦးဖြစ်သော ငှုရောင်မှာ သူ၏ လက်ဝါးရိုက်ချက်တိုက်ကွက်ကြောင့် ထိုမြို့၌ နာမည်ကြီးနေသည်။

သူ၏ရိုက်ချက်ကို ခံရသောသူမှာ သွေးပွက်ပွက်အန်လျက် သေဆုံးသွားရတတ်သောကြောင့် သူ့အား သွေးလက်ဝါး ငှုရောင်ဟု သိုင်းလောကမှ ခေါ်ဝေါ်ကြလေသည်။

သို့ရာတွင် သူက အနက်ရောင်သိုင်းသမားများနှင့်ပူးပေါင်း လှုပ်ရှားနေသဖြင့် အဖြူရောင်သိုင်းသမားတို့က သူနှင့်မတည့်ကြချေ။

သူက မြို့လယ်ကောင်အရက်ဆိုင်ဝယ် သောက်စားပျော်ပါးနေတတ်ပြီး အပေါင်းအသင်းများနှင့် ပျော်မွေ့နေသူ တစ်ဦး ဖြစ်သည်။



မြို့၏ ဆင်ခြေဖုံးအရပ်တစ်ခု၌ မိခင်မုဆိုးမကြီးနှင့် အတူ ပန်းသီး၊ သစ်တော်သီး၊ ငှက်ပျောသီး၊ သြဇာသီး အစရှိသည့် ရာသီပေါ် သစ်သီးဝလံများကို ရောင်း၍ အသက်မွေးဝမ်းကျောင်း ပြုနေရှာသော အိစွမ်းအမည်ရှိ မိန်းမပျိုလေးတစ်ဦးလည်း ရှိသည်။

မိခင်မုဆိုးမကြီးမှာ အသက်အရွယ် ကြီးရင့်လာသည်နှင့် အတူ ပန်းနာရောဂါစွဲကပ်နေရှာသဖြင့် မိန်းမပျိုလေးအိစွမ်းကပင် ထိုသစ်သီးဆိုင်လေးအား ဦးဆောင် ရောင်း၍နေခဲ့ရလေသည်။

ပန်းနာရောဂါသည် မိခင်ကြီးအား ဈေးမရောင်းတော့ဘဲ အိမ်မှာသာအနားယူရန် ပြောဆိုသော်လည်း သမီးဖြစ်သူ မိန်းမပျိုလေးအား စိတ်မချနိုင်သဖြင့် ဈေးဆိုင်သို့သာ လိုက်ပါလာလျက်နေလေသည်။

သစ်သီးဈေးသည်လေး အိစွမ်းနှင့် သိုင်းသမားလေး တိတ်လျံကွီတို့မှာ လူငယ်ဘာဝ မေတ္တာမျှ ရည်ငံနေကြသူများ ဖြစ်လေသည်။ ထို့ကြောင့် ညနေဆိုင်သိမ်းချိန်တိုင်း တိတ်လျံကွီက ချစ်သူ၏ဈေးဆိုင်အား လာရောက်ကူညီ သိမ်းဆည်းပေးလေ့ ရှိသည်။

သို့ဖြင့် နေ့စဉ်လိုပင် ထိုဆိုင်သို့ တိတ်လျံကွီက ရောက်နေလေ့ရှိသည်။ ပန်းနာရောဂါသည် ယောက္ခမလောင်းကြီးအား ဖေးမတွဲခေါ်ကာ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပြီးမှ သူပြန်လေ့ရှိ၏။ တစ်ခါတစ်ရံ ချစ်သူအိစွမ်း၏ အိမ်ဝယ် စကားကောင်းနေလျှင် အိမ်ပြန်မိုးချုပ်တတ်ပြန်သည်။

မည်သို့ဆိုစေ ချစ်သူနှစ်ဦး၏ ဘဝမှာ ကြည်နူးပျော်ရွှင်ဖွယ်ရာ ရှိခဲ့ပါ၏။

မိခင်ကြီး၏ ပန်းနာရောဂါအလာလျှင် စိတ်ညစ်ရသည့်မှအပ ကျန်အချိန်ကာလများဝယ် တစ်ဦးကိုတစ်ဦး နားလည်သဘောပေါက်မှု ရှိသောကြောင့် ပျော်နေကြရလေသည်။

အနီး ပတ်ဝန်းကျင်ဆိုင်များ၊ အိမ်များမှလူများကလည်း သူတို့ချစ်သူနှစ်ဦး၏ ချစ်ခင်မှုကို အားကျလျက် ရှိကြ၏။ နှစ်ဦးစလုံးက ရိုးသားဖြူစင်ကြသူများချည်း ဖြစ်၍ တစ်စုံတစ်ရာ ပြဿနာမရှိဘဲ ဘဝကိုရုန်းကန်နေကြရလေသည်။

ထိုသို့ ပျော်ပိုက်နေကြရှာသော ချစ်သူနှစ်ဦး ဘဝလေးထဲသို့ ကံကြမ္မာဆိုးတစ်ရပ်က မုန်တိုင်းပမာ ဝင်ရောက်တိုက်ခတ်လာခဲ့၏။ ထိုအကြောင်းကား အိစ္စမ်၏ သစ်သီးဆိုင်သို့ တစ်နေ့တွင် သွေးလက်ဝါးဇူရောင် ရောက်ရှိလာခြင်းပင် ဖြစ်လေသည်။

ဇူရောင်က အိစ္စမ်အား တွေ့လျှင်တွေ့ချင်း သဘောကျနှစ်ခြိုက်သွားခဲ့လေသည်။

သူက ထိုနေ့၌ သစ်သီးများ ဝင်ရောက်ဝယ်ယူရာမှ တွေ့ရှိသွားခြင်းဖြစ်၏။ သူ၏ နောက်လိုက်များလည်း ပါလာကြလေသည်။

'အာလား....ဈေးသည်မိန်းကလေးက လှလိုက်တာ၊ မင်းတို့ နောက်ဆုတ်ကြစမ်းကွ'

'အို....ဘယ်လိုဖြစ်တာတုံး သွေးလက်ဝါးရဲ့'



'စကားမရှည်နဲ့၊ မင်းတို့ကြိုက်တဲ့အသီးယူပြီး နောက်ဆုတ်ပါ'

နောက်လိုက်များက သူ့စကားအတိုင်း သစ်သီးများကို ဝင်ယူကြ၏။ ပန်းသီး၊ သြဇာသီး၊ ငှက်ပျောသီးစသည်ဖြင့်။ သူတို့လူစု ဝင်လာကတည်းက ပြဿနာတစ်ခုခုပေါ်တော့မည်ကို သိသဖြင့် အိစ္စမ်က မျက်နှာလေးကိုရှုပ်ထားခဲ့၏။

ဇူရောင်တာ ပန်းသီးခြင်းထဲမှ တစ်တုံးကို နှိုက်ယူလျက် ငပ်ခနဲ ကိုက်ဝါးလိုက်ပြီး....

'အို.... ချိုလိုက်တဲ့အသီးကွာ၊ အရသာကို ရှိသွားတာပဲ၊ အင်း....ပိုင်ရှင်မျက်နှာလေးပါပြုံးလိုက်ရင် ဒီထက် ချိုသွားနိုင်သကွ'

အိစ္စမ် မျက်နှာသုန်မှုန်ထားသောကြောင့် သူက စောင်းမြောင်းပြီး ပြောလိုက်ခြင်းဖြစ်သည်။

'ဒီသစ်သီးရောင်းတာ မင်းတို့မြတ်ရဲ့လားကွယ်'

'အို မြတ်လို့ရောင်းတာပေါ့ရှင်၊ မမြတ်ဘဲ ဘယ်သူက အလကားလာပြီး ထိုင်ခနေပါ့မလဲ'

အိစ္စမ်က ကက်ကက်လန်အောင်ကလန်ကဆန်တုံ့ပြန်လိုက်မိ၏။

'အို....ဘာယ်လိုဖြစ်တာလဲကွ၊ ဒီက အကောင်းမေးတာပါကွာ၊ ရန်တွေ့သလိုမပြောပါနဲ့၊ ရုပ်ကလေးက လှပြီးတော့'

'အပိုတွေ ပြောမနေနဲ့၊ ပစ္စည်းဝယ်ပြီးရင် ငွေစပေး'

မိန်းကလေးကစကားပြတ်အောင် သစ်သီးဖိုးငွေစတောင်း ခံလိုက်၏။

'ပေးမှာပေါ့ကွာ၊ ထွက်ပြေးမှာကျနေတာပဲ၊ ငါက မင်း ဈေးရောင်းနေတာ သနားလို့ ဟဲ ဟဲ'

'ဘာမှ သနားစရာမလိုဘူး၊ ခွက်ဆွဲပြီးတောင်းရမ်း စားသောက်နေတာ မဟုတ်ဘူးရှင့်၊ ဈေးရောင်းနေတာ နားလည်လား'

'ဪ...ဪ ငါက မင်းပင်ပန်းမယ်ထင်ပြီး ပြောတာပါ'

'မလိုပါဘူး၊ ပေး...ငွေစ'

'ဟား...ဟား...ဟား နည်းနည်းစောင့်ပါဦးကွ၊ ငွေပေးပြီးတာနဲ့ ဒီဆိုင်က ပြန်ထွက်သွားရမှာစိုးလို့ မပေးဘဲနေတာလေ၊ စိတ်မဆိုးပါနဲ့'

ဇူဆောင်က အိတ်ထဲမှငွေစ အချို့ကို ချပေးလိုက်သည်။

မိန်းကလေးက လှမ်းကောက်ယူ၏။ ထိုအခါ ဇူဆောင်၏ လက်တစ်ဖက်က အိစွမ်၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲပြီး...

'ပိုတာ ပြန်မအမ်းနဲ့တော့ အကုန်ယူထားလိုက်'

'ရှင် လက်ကိုလွှတ်ပါ၊ ဈေးသည်ဆိုပြီး စော်ကားမယ် မကြံနဲ့ ပါးကွဲသွားမယ်မှတ်'

'ဟား...ဟား...ဟား တယ်ကြမ်းပါလား အမိရယ်၊ ကျုပ်ကလဲ ဒါမျိုးမှ ကြိုက်ပါတယ်'

သူက လက်ကိုလွှတ်ပြီး ထိုသို့ပြောလိုက်မိ၏။

မိန်းကလေးက ငွေစအချို့ ပြန်အမ်းသည်။ အမ်းငွေကို အသာချပေးထားလိုက်သည်။



'အကုန်ယူထားလို့ ပြောသားပဲ ညီမရယ်၊ တို့ ပြန်မယူသွားဘူး ညီမကို သနားတယ်၊ ခုလို ဈေးရောင်းနေရတာကို မကြည့်ရက်ဘူးကွယ်'

'မလိုချင်ဘူး ပြန်ယူထားလိုက်၊ ရှင်မယူရင် လွှတ်ပစ်လိုက်မယ်နော်'

အိစွမ်က ငွေစများကို လွှင့်ပစ်ရန် ကောက်ယူလိုက်၏။

'ဟုတ်သားပဲ ငါ့တူရယ်၊ သမီးကမှ မလိုချင်ဘဲ ပြန်ယူသွားလိုက်ပါ၊ အဒေါ် တောင်းပန်ပါတယ်ကွယ် ဟွတ်... ဟွတ်... ဟွတ်... ဟွတ်'

တစ်ချိန်လုံး ဆိုင်အတွင်းဘက်၌ မောပန်း နွမ်းလျစွာ လဲလျောင်းနေသော အိစွမ်၏မိခင် ရောဂါသည် ဝင်ရောက် တောင်းပန်ရတော့၏။

သည်တော့မှ ဆိုင်အတွင်း၌ အဘွားကြီးတစ်ဦး ရှိသေးသည်ကို သိသွားပြီး သွေးလက်ဝါးမှာ လက်လျှော့လိုက်ပါသည်။

'ဟင်း... ကျုပ်က စေတနာနဲ့ပေးတယ် လက်မခံရင်တော့လဲ မတတ်နိုင်ဘူး ဟော့'

'ကျေးဇူးပါပဲ ငါ့တူရယ် ဟွတ်... ဟွတ်... ဟွတ်'

အိစွမ်မိခင်ကြီးက ကျေးဇူးတင်စကား ပြောကြားရင်း ချောင်း တဟွတ်ဟွတ် ဆိုးနေပြန်၏။

'လာဟေ့ သွားကြမယ်ကွ'

ဇူဆောင်က ထိုသစ်သီးဆိုင်မှ ရှက်ရှက်နှင့် ထွက်ခွာသွားလေသည်။

လမ်း၌ ဇူဆောင့်အား သူ၏ နောက်လိုက်များက ဝေဖန်ကြသည်။

'ဆရာ့ကောင်မလေးက မလွယ်ပါဘူး၊ မာနလေးနဲ့ဗျ'

'ဟင်း....ဟင်း....ဟင်း....ငါ့ရဲ့ စက်ကွင်းက မလွတ်ပါဘူးကွာ၊ ဒါပထမနေ့မို့ပါ နောက်နေ့ကျရင် မင်းတို့ကြည့်ကြစမ်းပါ ဟဲ ဟဲ'

သူကလည်း မခေ၊ နောက်နေ့များဟု အာမခံနေပြန်သည်။

'ဘာလဲ... ပါးကွဲတာကိုမြင်ရအောင်လို့လား ဟား ဟား'

'ဖြောင်း'

'အား'

သွေးလက်ဝါးကြီး စိတ်ဆိုးလျက် သူ့အားလှောင်ပြောင်လိုက်သော နောက်လိုက်တစ်ယောက်အား နားရင်းအုပ်သည့်လိုက်လေသည်။

'နောက် ဘယ်သူမဆို ဒီကောင်မလေးနဲ့ ပတ်သက်လာရင် မလှောင်နဲ့၊ လှောင်တဲ့လူ အဲဒီလိုပဲ နားရင်းအုပ်ခံရမယ်ကွ'

သွေးလက်ဝါးက သူ့လူများကို ထိုသို့ သတိပေးလိုက်လေသည်။ ထိုအချိန်၌ အိစွမ်၏သစ်သီးဆိုင်သို့ တိတ်လျံကွိ ရောက်ရှိလာခဲ့၏။ အိစွမ်က အကျိုးအကြောင်း ပြောပြလိုက်ရာ တိတ်လျံကွိမှာ ချစ်သူအတွက် စိုးရိမ် ပူပန်မိသွားလေသည်။

'မင်းမရှိတာ ကောင်းပါတယ်၊ ရှိရင် တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်ကုန်ကြမှာ၊ အင်း...ခက်တယ် ခက်တယ်'



အိစွမ်၏ ပန်းနာသည့် မိခင်ကြီးက တုန်တုန်ချည့်ချည့် မှတ်ချက်ချရှာလေ၏၊

ထိုနေ့မှစလျက် သွေးလက်ဝါး ဇူဆောင်မှာ အိစွမ်ဆိုင်သို့ မကြာခဏ ရောက်ရှိလာကာ ရိသဲ့သဲ့ လုပ်လေ့ရှိသည်၊

အိစွမ်၏မိခင်ကြီးက တောင်းပန်လိုက် အိစွမ်က ရန်တွေ့လိုက်နှင့် သူလည်း ရင်ဆိုင်နေသည်၊

တစ်ခါတစ်ရံ ဒေါသထွက်သွားလျှင် အိစွမ်အား ကြိမ်းဝါးသွား၏။

'မင်း ဘယ်လောက်မာနကြီးကြီးပါ မိန်းကလေး၊ တစ်နေ့ငါ့အကြောင်း မင်းသိစေရမယ်၊ နာမည်လဲ မှတ်ထားဦး သွေးလက်ဝါး ဇူဆောင်တဲ့ကွ'

ထို့ကြောင့်အိစွမ်မှာ ကြောက်ရွံ့ထိတ်လန့်ပြီး ချစ်သူ တိတ်လျံကွိထံ ဖွင့်ပြောပြလိုက်သည်။

'မစိုးရိမ်ပါနဲ့အိစွမ်၊ အစ်ကိုသူနဲ့တွေ့ပြီး ရှင်းလိုက်ပါ့မယ်'

ချစ်သူအား နှစ်သိမ့်လျက် တိတ်လျံကွိ သွေးလက်ဝါးနှင့် တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် တစ်နေ့ သူတို့ ကျက်စားပျော်မွေ့လေ့ရှိသည့် မြို့လယ်မှ စားသောက်ဆိုင်တစ်ဆိုင်သို့ လိုက်သွားခဲ့လေသည်။

သွေးလက်ဝါးမှာ သူ၏အနက်ရောင် သိုင်းသမားများနှင့် သောက်စားမူးယစ်နေကြလျက် ရှိ၏။

ဆိုင်ထဲရောက်သွားသောအခါ တိတ်လျှံကွိမှာ ဒေသွး လက်ဝါးအား မြင်ဖူးသူမဟုတ်၍ မသိဘဲရှိရာ အနီးမှ လူတစ်ဦးအား မေးမြန်းစုံစမ်းရလေသည်။

'ဒီမှာနောင်ကြီး ဒေသွးလက်ဝါးဆိုတဲ့လူ ဒီဆိုင်မှာရှိသလား ဗျ'

အမေးခံရသူလူက တိတ်လျှံကွိအား အထူးအဆန်း သဖွယ် မြှူးကြည့်လျက်....

'ဟိုမှာလေဗျာ....မူးပြီးအော်နေတာ သူပေါ့'

ထိုလူလက်ညှိုးညွှန်ပြသော စားပွဲဝိုင်းဝယ် ခပ်ထွားထွား ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်တင်းတင်းနှင့်လူတစ်ဦးက မူးပြီးအော်ဟစ်နေ၏။

'ဟေ့ကောင်တွေ....ငါပြောတာ ဖြစ်မလာရင် တစ်နေ့ ဟောဒီလက်ကို ငါကိုယ်တိုင် ဖြတ်ပစ်မယ်ကွ နားလည်လား'

'မလုပ်ပါနဲ့ဆရာရယ်၊ ဆရာလက်ကြီးပြတ်နေတာ မြင်ချင်နေရပါဦးမယ် ဟဲ ဟဲ ဟဲ'

'ဘာကွ၊ မင်း ဘာပြောလိုက်တယ်'

ဒေသွးလက်ဝါးကြီးစိတ်ဆိုးပြီး ထိုသိုင်းသမား၏လည်ပင်းအား ဖမ်းညှစ်ပြီး မေး၏။

'မ...မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်....ကျွန်တော်က ကောင်မလေးကြည့်ရတာ မဟန်လို့ ဆ....ဆရာ အဲဒီလို မ... မလုပ်ဖို့ စေတနာနဲ့ သတိပေးတာပါ'

'ဟေ့ကောင်...ငါ့နာမည် ဒေသွးလက်ဝါးတဲ့၊ ဘာမဆို ငါ့ဆန္ဒအတိုင်း၊ မဖြစ်မနေ ရအောင်လုပ်တဲ့ကောင် သူက



ဘာမို့လို့လဲ၊ ဈေးသည်တစ်ဦးများ စကားထဲ ထည့်ပြောလို့ လက်ပါးထဲမှာ ခြေပစ်လိုက်မယ်၊ ဘာမှတ်သလဲကွ'

'ဒေသွးလက်ဝါးလို့ မှတ်ပါတယ်ဆရာ'

'အေး....အဲဒါမှန်တယ်'

သူက ထိုလူအား ဆောင့်တွန်းပစ်လိုက်ရာ နောက်ပြန် လန်ကျသွားတော့သည်။

လှိုင်စာပေ

( ၂၅ )

တိတ်လျံကွိ မေ့းကို ကျော်တွင်အသင့်ပြင်ထားကာ သူတို့ဝိုင်းထဲသို့ တစ်လှမ်းချင်း ဝင်ရောက်သွားလေသည်။

သူ့ချစ်သူ အိစွမ်အား ပိုင်စိုးပိုင်နင်းဖြင့် စော်ကားရန် သန္နိဋ္ဌာန်ပြုနေသော ငွေးလက်ဝါ၊ဆိုသည့်လူရမ်းကားကို သူရင်ဆိုင်မှ ဖြစ်တော့မည်လေ။

သူတို့ဝိုင်းထဲသို့ တည်ငြိမ်စွာ ရောက်ရှိလာသော လူစိမ်းညှိသည့် တိတ်လျံကွိကို သူတို့ အံ့အားသင့်စွာ မော့ကြည့်ကြ၏။

‘ဟေ့ ကောင်၊ တို့ဝိုင်းထဲ ဘာကိစ္စနဲ့ဝင်လာတာလဲ’

သွေးလက်ဝါးက မျက်မှောင်ကြီးကြုတ်ပြီး မေးလိုက်သည်။

‘သွေးလက်ဝါးဆိုတဲ့ ပုဂ္ဂိုလ်နဲ့ စာရင်းရှင်းချင်လို့’

‘ဘာကွ’

သူတို့ မသိမမြင် မတွေ့ဖူးသေးသော သိုင်းသမားလူရွယ်တစ်ဦးက သူတို့လူအား ထိုသို့ လူပုံအလယ်ဝယ် စိန်ခေါ်ခြင်းခံလိုက်ရသဖြင့် အလွန်ဒေါသထွက်သွားခဲ့လေသည်။

မျက်နှာကြီးက နီမြန်းကာ မျက်လုံးအစုံက ပြူးကျယ်သွား၏။ သောက်ထားသော အရက်များပင် အတန်ဝယ် ပြေပျောက်သွားရသည်။ သည်ကောင် ဘယ်သူလဲ။ ဘယ်အရပ်ကလဲ။

‘ခင်ဗျားလက် ခင်ဗျားဖြတ်ဖို့ ကတိပြုနေစရာမလိုပါဘူး၊ ကျုပ်ကိုယ်တိုင်ဖြတ်ပေးဖို့ ရောက်လာပြီပဲ’

သူ့စကားကြောင့် သွေးလက်ဝါး မျက်ခုံးနှစ်ဖက် မြင့်တက်ကာ အံ့အားသင့်သွားလေသည်။

‘ဟိတ်....ဒါက မင်းနဲ့ဘာဆိုင်လို့လဲ၊ငါ့ကိုယ်ရေးကိုယ်တာကိစ္စကွ’

‘ဆိုင်ပါသော်ကော ဗျာ၊ ခင်ဗျားကြံစည်စိတ်ကူးနေတဲ့ အိပ်မက်ထဲကမိန်းကလေးဟာ ကျုပ်ချစ်သူဗျ’

‘ဘာ’

အရက်ဆိုင်ထဲမှ သွေးလက်ဝါး ခုန်ထွက်လာကာ တိတ်လျံကွီအား ရင်ဆိုင်လိုက်သည်။



‘မင်းက မင်းကိုယ်မင်း ကောင်မလေး ရဲ့ချစ်သူလို့ ပြောတယ်၊ အေး....ဒါကလဲ ငါ့ကိုယ်ငါ ကောင်မလေးရဲ့ လင်ယောကျ်ားလို့ ပြောမယ်ဟေ့၊ တစ်နေ့ ကောင်မလေးကို ငါ ရအောင်ယူမယ်ကွ’

‘တိတ်စမ်းဗျာ’

တိတ်လျံကွီ စိတ်မထိန်းနိုင်တော့ဘဲ ဓားကို ရွှပ် ခနဲ ထုတ်၏။

သွေးလက်ဝါးကလည်း သူ့လူတစ်ဦး၏ ခါးမှ ဓားကို ဆတ်ခနဲဆွဲထုတ်ကာ ရင်ဆိုင်သည်။

‘ဟေး ဟေး ဟေး ဟေး’

သူ့လူများက အော်ဟစ်အားပေးလိုက်ကြသည်။

‘တိတ်လျံကွီ ဟေ့’

တိတ်လျံကွီ၏ ဓားစွမ်းကို သိကြသောလူအချို့က သူ့ဘက်မှ အားပေးကာ အော်ဟစ်သံကြားလိုက်ရသည်။

‘သွေးလက်ဝါးတဲ့ကွ’

အနက်ရောင် သိုင်းသမား တစ်ဦးကလည်း ထအော်ပြန်သည်။

‘တိတ်လျံကွီကို လာခစမ်းနဲ့ ကွ’

အဖြူရောင် သိုင်းသမားတစ်ဦးကလည်း မခံချင်စွာဖြင့် အော်ဟစ်သည်။

‘ဝှစ် ဝှစ် ဝှစ်’

‘ထန် ထန် ထန်’

ဓားချက်သုံးချက်နှင့် သွေးလက်ဝါးက သွေးတိုး စမ်းအာ တိုက်ကြည့်၏၊ တိတ်လျှံကွမ်က ထိုဓားချက်သုံးချက်ကို လွှယ်လွှယ်ကူကူ ဖျက်ဆုတ်လိုက်သဖြင့် တိတ်လျှံကွမ်၏ ဓားစွမ်းကို အနည်းငယ်အကဲခတ်မိသွားသည်။

သူက တိတ်လျှံကွမ်အား လျှော့တွက်၍ မရမှန်း ရိပ်မိသည်။ မြို့အနေအထားတလည်း သူ့နောက်၌ သိုင်းသမားများရှိသည်ကို နားလည်လိုက်သည်။

ခု သည်ဆိုင်အခြေအနေတွင်ပဲ တိတ်လျှံကွမ်ဘက်မှ လူအချို့ ရပ်တည်လျက်ရှိသည်ကို အားပေးသံများနှင့်ပင် သိသာလေပြီ။ ထို့ကြောင့် စိုးရိမ်ထိတ်လန့်မှုတို့ သွေးလက်ဝါးတစ်စထက်တစ်စ ဖြစ်ပေါ်လာ၏။

သိုင်းလည်ပြန်ဓားကွက်ကို စတင်လျက် တိတ်လျှံကွမ်ထံ ဓားချက်အများအပြား ပို့လိုက်၏။

သူ့ဓားချက်များက လမ်းတစ်ဝက်တွင်ပင် အချည်းအနှီး ဖြစ်ကုန်ရသည်။ တိတ်လျှံကွမ်က အလွယ်တကူ ပျက်။အောင် ဖျက်ပစ်နိုင်ခဲ့သောကြောင့် ဖြစ်ခဲ့သည်။

တိတ်လျှံကွမ်က မိုးထက်အာကာဓားကွက်ကို သွေးလက်ဝါးထံ လျှပ်တစ်ပြက်ပို့လိုက်ရာ သူ ကမန်းကတန်း ရှောင်ထွက်သွားရသည်။

မိုးထက်အာကာ ဓားချက်တို့က လျှင်မြန် သွက်လက်ပြီး အဆက်မပြတ် လိုက်ပါတတ်သော ဓားချက်များဖြစ်၏။ ဓားရိပ်တို့က လွှားခနဲ လွှားခနဲဖြင့် လေဝယ် ပြေးလွှားနေ၏။ သွေးလက်ဝါးမှာ အလူးအလဲရှောင်ရှားခုခံနေရ၏။



'ထန် ထန် ထန်'

အပြင်းအထန်နွှေးစဉ် လေ့ကျင့်နေသော သိုင်းသမား ဖြစ်သည့် တိတ်လျှံကွမ်နှင့် သောက်စား မှူးယစ်နေသည့် သွေးလက်ဝါးတို့မှာ တိုက်ပွဲတွင်းဝယ် လက်ရည်ချင်းက များစွာကွာခြားသွားခဲ့လေသည်။

သွေးလက်ဝါးကား အတွင်းအားလက်ဝါး ရိုက်ချက်များသာ ဖြစ်၏၊ ဓားရေးချင်း ယှဉ်တိုက်ရသောအခါ သူ့ဓားက တိတ်လျှံကွမ်၏ ဓားကွက်လောက် မသွက်လက်နိုင်ခဲ့ချေ။

သူ့ကိုယ်သူ အထင်ကြီးလျက် လက်ဝါးရိုက်ချက်နှင့်အနက်ရောင် သိုင်းလောကဝယ် လူစွာလုပ်နေသည့် သွေးလက်ဝါးမှာ အဖြူရောင် သိုင်းသမားငလး လူငယ်လက်ရည်တက်သိုင်းလေ့ကျင့်မှု ပြည့်ဝနေသည့် တိတ်လျှံကွမ်ရှေ့ဝယ် အလူးအလှိမ့် ဖြစ်နေရှာ၏။

သူတို့ဆရာ၏ အနေအထားကို ရိပ်မိသော အနက်ရောင် သိုင်းသမားတချို့က ဝင်တိုက်ခိုက်ရန် ဟန်ပြင်နေကြသော်လည်း တကယ်တမ်းကျ ဝင်မတိုက်ဝံ့ကြပေ။

တိတ်လျှံကွမ်၏ အဖြူရောင် သိုင်းသမားအချို့က သူတို့လူစု၏ အရိပ်အကဲကို စောင့်ကြည့်နေကာ လက်များက ဓားထံ အသင့်ကိုင်ထားကြလေသည်။

အနက်ရောင် သိုင်းသမားများ တိတ်ဆိတ် ငြိမ်သက်သွားသလောက် အဖြူရောင် သိုင်းသမားတို့ဘက်မှ ဆူညံ အော်ဟစ်နေကြ၏။

'တိတ်လျှံကွီတဲ့ဟေ့၊ နဂါးမောက်မှာ တစ်ယောက်တည်း ရှိတယ်ကွ'

'သွေးလက်ဝါး မကလို့ ခွေးလက်ဝါးဖြစ်ဖြစ် အကုန်ဖြတ်ပစ်မယ်ဟေ့'

အသံတို့ မျိုးစုံအော်ဟစ်သံ ကြားရလေ သွေးလက်ဝါးတစ်ယောက်က သွေးပျက်ကာ ချွေးထွက်လေ ဖြစ်နေရှာတော့၏။ ခုအချိန်၌ တိတ်လျှံကွီ၏ဓားရေးအောက်၌သာ အသည်းအသန် ခုခံနေခဲ့ရှာသည်။

တိတ်လျှံကွီကား လေ့ကျင့်ရည် ပြည့်ဝနေသူ ဖြစ်ရာ ဓားရေးလေ့ကျင့်သူတစ်ဦးနှယ် တိတိကျကျ လှလှပပ တိုက်ခိုက်သွားနိုင်ခဲ့လေသည်။

ထို့ကြောင့် သူ၏ ဓားတမန် ဓားကွက်မှ ဓားချက်များဖြင့် သွေးလက်ဝါး၏ မာန်မာနများကို ကျိုးသွားအောင် သူ ချိုးနိုင်ခဲ့လေသည်။

ဓားတမန် ဓားချက်များက လေဝယ်ပျံ့ဝဲကာ ရှေ့မှ နောက်မှ တောင်မှ မြောက်မှ အဘက်ဘက်မှ ခုန်ပျံ ပို့လွှတ်နေသဖြင့် သွေးလက်ဝါးမှာ အလယ်ကောင်ဝယ် စွန့်အထိုးခံရသော ကြက်တစ်ကောင်နှယ် ခုန်ဆွခုန်ဆွဖြင့် ဓားတစ်လက်ကို ဟိုသည် ဝှေ့ယမ်းခုခံနေခြင်းဖြင့်သာ ရှုပ်ပျက်ဆင်းပျက် ဖြစ်နေရှာတော့သည်။

တစ်ကြိမ်ဝယ် သွေးလက်ဝါး၏ နောက်ကျောဘက်မှ တိတ်လျှံကွီ ရောက်ရှိသွားပြီး ခြေကန်ချက် တစ်ချက်ကိုသာ ခပ်ပြင်းပြင်း ကန်ထည့်လိုက်ရာ ရှေ့ကို ဟပ်ထိုးလဲကျသွားတော့



သည်။ ထိုဓားကိုင်လက်ကိုလည်း တိတ်လျှံကွီက နင်းထားနိုင်ပြီး ကျန်သော လက်တစ်ဖက်ကလည်း ဓားနှင့် အရှိန်ပြင်းစွာ ခုတ်ချလိုက်ပါသည်။

'ဝုစ်'

'အား'

သွေးလက်ဝါးမှာ မျက်စိမှိတ်ပြီး နှုတ်မှ အသံပါထွက်သွားအောင် အော်လိုက်မိသည်။

သို့သော် သူထင်သလို သူ၏လက်မှာ ပြတ်ထွက်သွားခြင်း မရှိပေ။ တိတ်လျှံကွီ၏ အရှိန်ပြင်းစွာ ကျရောက်လာသော ဓားသွားမှာ သူ၏ လက်မောင်းအရေခွံပေါ်တွင် ရပ်တန့်သွားနိုင်ခဲ့၏။ သွေးစများက ဓားတစ်ချောင်းနှယ် အနီရောင် အစင်းကြီးသာ ထင်းခနဲ ဖြစ်သွား၏။

သွေးလက်ဝါးမှာ သွေးလက်မောင်းဖြစ်ရန် အရေခွံ တစ်ထောက်သာ လိုတော့၏။

ဇောချွေးများ ပြန်ထွက်ကာ မျက်လုံးအစုံ ဖွင့်ကြည့်လိုက်တော့ သူ့အား အပြုံးနှင့် ငုံ့ကြည့်နေသည့် တိတ်လျှံကွီဆိုသည့် ဓားသမားကို သူတွေ့ရှိနေသည်။

ထိုဓားသမားအား သူမယှဉ်နိုင်ကြောင်း သူ့ကိုယ်သူ သိရှိသွား၏။ သူ အထင်မကြီးခဲ့သော ဓားသမားလူရွယ်မှာ၊ သူ့အား လူပုံအလယ် အနိုင်ယူ အရှက်ခွဲခဲ့လေပြီ ဖြစ်သည်။

'ကျုပ် အနိုင်ရပေမယ့် ခင်ဗျားလို စိတ်ယုတ်မာ မထားဘူးဗျို့၊ စကားအတိုင်း ခင်ဗျားကို လက်ဖြတ်ပစ်သင့်ပေမယ့် ခင်ဗျားရဲ့ သွေးလက်ဝါးဆိုတဲ့ ဂုဏ်ရည်ကို လေးစားပြီး

ကျုပ် မဖြုတ်ဘဲ ထားလိုက်တယ်၊ ဒီနဂါးမောက် ၂၁ ဆက်လက် ခနထိုင်ချင်ရင် ဒီမြို့ရဲ့ စည်းကမ်းနဲ့အညီ နေထိုင်ပါ၊ သူများတကာတွေရဲ့ ကိုယ်ပိုင်အခွင့်အရေးတွေကို နှောင့်ယှက်ဖို့ မကြိုးစားပါနဲ့၊ မစော်ကားပါနဲ့၊ နောက်တစ်ကြိမ်ဆိုရင်တော့ ခင်ဗျားလက်နဲ့အတူ ခေါင်းကိုပါ ဖြတ်ပစ်ရလိမ့်မယ် မှတ်ပါ'

တိတ်လျံကွီ၏ သတိပေးစကားများအား မြေပြင်၌ ပက်လက်လန် မျက်လုံးပြူးပြီး သွေးလက်ဝါးမှာခံနေရရှာသည်။ သူ၏ နောက်လိုက်များမှာလည်း တုတ်တုတ်မျှမလှုပ်ဝံ့ကြ။

ထို့နောက် တိတ်လျံကွီ နင်းထားသော ခြေဖဝါးနှင့် ထောက်ထားသော ဓားသွားတို့ကို ဖယ်ရှားပေးလိုက်သည်နှင့် တစ်ပြိုင်နက် သွေးလက်ဝါးနှင့် သူ၏ နောက်လိုက် သိုင်းသမားတို့မှာ ဆိုင်ပြင်သို့ ကသုတ်ကရက် လျင်မြန်စွာ ထွက်ခွာသွားကြလေတော့သည်။

'ဟေး ဟေး ဟေး'

'ဓားကမန် တိတ်လျံကွီပဲ့ကွ'

စားသောက်ဆိုင် တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကာ တိတ်လျံကွီ၏ ဓားစွမ်းကို ဝိုင်းဝန်း ချီးကျူးကြကုန်သည်။

'ကောင်းတယ်ဗျို့၊ အင်မတန်ကို အားရစရာကောင်းတဲ့ပွဲပဲ၊ အဲဒီ သွေးလက်ဝါး ဆိုတဲ့ကောင်က ဒီမြို့မှာ လက်မ တထောင်ထောင်နဲ့ နောက်လိုက် လေးငါးယောက်နဲ့ ရှုပ်ယှက်



ကို ခတ်နေတာပဲ၊ ဟင်း....ခုတော့ ရှင်းသွားပြီ ဟား ဟား ဟား'

တိတ်လျံကွီကမူ သူ၏ ဓားလေးအား ကျောတွင် ပြန်လွယ်ကာ ချစ်သူ အိစွမ်၏ သစ်သီးဈေးဆိုင်လေးသို့ ဆိုင်သိမ်းအမီ လျင်မြန်စွာ သွားရောက်ရဦးမည် ဖြစ်သည်။

ချစ်သူနှင့်အတူ ပန်းသီး၊ သြဇာသီး၊ သစ်တော်သီး၊ ငှက်ပျောသီး စသည်များအား သယ်ဆောင်လျက် ကြည်နူးပီတိ လေးများအား ရယူရဦးမည် ဖြစ်ပါ၏။

နဂါးမောက်မြို့လေးကား သိုင်းသမားများနှင့် စည်ကား ဖွံ့ဖြိုးနေသော်လည်း သွေးလက်ဝါးငွေရောင်ဆိုသည့်ပုဂ္ဂိုလ်ကိုမူ မည်သူမျှ သတိမရကြတော့။

သူ၏ နဂါးမောက်မြို့ဝယ် တိတ်လျံကွီအား၊ ရှုံးသွားပြီးနောက် အရှက်ရှိသွားကာ ဇာတ်မြုပ် ပျောက်ကွယ်သွားခဲ့သည်မှာ ကြာမြင့်ခဲ့၏။

ကာလအားဖြင့် ငါးနှစ်တာ ကြာမြင့်သွားခဲ့သည်နှင့်အတူ သိုင်းသမားတစ်ဦး ဖြစ်သော မားတမန် တိတ်လျံကွီနှင့်

အိစ္စမ်တိုပင် လက်ထပ်ပေါင်းသင်းခဲ့သည်မှာ ကလေးနှစ်ဦး ရရှိခဲ့ပြီဖြစ်၏။

သားဦးလေးအား တိတ်ချင်ယိဟု အမည် ပေးထားကာ သားငယ်လေးကိုမူ တိတ်စောင်ချီဟု ပေးထားခဲ့ကြ၏။

သားနှစ်ဦးနှင့်အတူ မိသားစုလေးမှာ အလွန်မှုပင် သာယာ ကြည်နူးဖွယ် ရှိ၏။

ပန်းနာသည်မိခင်ကြီး ကွယ်လွန်သွားမှ သူတို့ချစ်သူနှစ်ဦးမှာ လက်ထပ်ကြသည်ဖြစ်၍ ထိုအိမ်ကြီးကိုပွင့်အင်မွမ်းမံကာ သားနှစ်ဦးနှင့် ပျော်ရွှင်စွာ နေထိုင်ကြလေသည်။

သားအကြီးထံ ငါးနှစ်ခန့်ရှိ၍ သားအငယ်ကပင်သုံးနှစ် အရွယ်သို့ ရောက်ရှိခဲ့ကြပြီ။

ယည်နေ့ သူတို့အိမ်သို့ ထမင်းစားဖိတ်ထားသဖြင့် သိုင်းဆရာမကြီး ရသေ့မဘွားဘွားဝေယူ ရောက်ရှိနေခဲ့သည်။

သေ့မကြီး ဘွားဘွားဝေယူက ကလေး နှစ်ဦးအား တ်ရပ်ခိုင်းကာ သိုင်းကွက်များကို ပြသ သင်ကြားပေး၏။

အကြီးကောင်တိတ်ချင်ယိကပြုလုပ်နိုင်သော်လည်း အငယ်ကောင် တိတ်စောင်ချီမှာမူ သူ့ခြေထောက် သူမရပ်နိုင်ဘဲ မကြာခဏ လဲနေသဖြင့် ဝေယူတစ်ယောက်သဘောကျလျက် ရယ်မောနေသည်မှာ မျက်ရည်များပင်ထွက်ရှာ၏။

'ဟား ဟား ဟား'

'လာကြည့်စမ်းပါဦးဟဲ့.... တိတ်လျံကွမ်၊ မင်း သားနှစ်ကောင်ကို'



မီးဖိုချောင်တွင် ဇနီးသည်အား ဝင်ရောက်ကူညီနေသည့် တိတ်လျံကွမ်မှာ မျက်နှာတွင် အိုးမည်းများ ပေကျံလျက် ထွက်လာသောအခါ ဝေယူက ပိုမို၍ရယ်မောနေမိပြန်၏။

'အေး....အေး.... မင်းတို့သားအဖတွေတော့ ဒီအတိုင်းဆို သိုင်းသမားတွေ ဖြစ်လာဖို့ထက် ဆီချက်ခေါက်ဆွဲ ကြော်တဲ့ ခေါက်ဆွဲကြော် တရုတ်ကလေးတွေ ဖြစ်လာဖို့ များတယ်၊ ဟား ဟား ဟား'

ဝေယူက ပက်လက်ကုလားထိုင်တွင်ထိုင်ပြီး တပည့်ဖြစ်သူ တိတ်လျံကွမ်အား နောက်ပြောင်ရယ်မောနေလေသည်။

သည်တပည့်ကို သူကအချစ်သုံး။ လီမှာရေးခြား ရှိသည့် အမြင် သိုင်းပညာရပ်အပေါ်လည်း လေးလေးစားစား ရှိသူ ဖြစ်သောကြောင့်ပင်၊ ထို့ကြောင့် ဆယ်နှစ်သား အရွယ်မှ စတင်ကာ သိုင်းပညာရပ်များကို သင်ကြားပြသပေးခဲ့၏။ တိတ်လျံကွမ်ကလည်း ဆရာသမားများ ကျေနပ် အားရ အောင် သင်ယူလေ့ကျင့်၏။ ထို့ကြောင့် သင်ကြားနှစ်များစွာ မကြာမီ တိတ်လျံကွမ်၏ဂုဏ်သတင်းမှာ မွှေးပျံ့သွားလေသည်။

နဂါးမြောက်တစ်ခွင် ရွယ်တူတန်းတူလျှင် တိတ်လျံကွမ်ကို မယှဉ်နိုင်ကြ။ သူ၏သိုင်းပညာစွမ်းမှာ အရွယ်နှင့် မလိုက်အောင် ထက်မြက်သဖြင့် ဆရာသမားတို့က ကျေနပ်၏။

'ဘာတွေ သဘောကျနေတာတုံး ဘွားဝေယူ'

နှုတ်ခမ်းမွှေးကားလားကြီးနှင့် ဆရာကြီးဓားနက် မှင်းပီက အိမ်ပေါ်သို့တက်လာပြီး မေးမြန်းလိုက်သဖြင့်....

'ဒီမှာလေ ရှင့်ဘပညီ့ရှဲသားနှစ်ယောက် လက်လှုပ် ခြေလှုပ်နိုင်းမလှိုဘာ တတိုင်းတိုင်းနဲ့လဲနေလို့ သူ့အဖ ဖေါ်ပြောတာ၊ သူ့အဖေပုံလဲကြည့်ဦးရှင့်'

တိတ်လျက္ကမှ မျက်နှာဝယ် အို့မည်းများနှင့် သေကျနေသည့်ကား ဆရာကြီးမဘာနက်မင်းပီဘ မြင်ပြီး မြုံးလိုက်မိသည်။

'အင်း....ငါ့ဘပည့်ကြီးကနောာ့ အိစ္စမ်ရဲ့ မီးဖိုသိုင်းကွက်နဲ့ နှစ်ပါ၊ တားနေနရပြီနဲ့ တူတယ်၊ ဟဲ....ထဲ'

တိတ်လျက္ကမှ ဆရာဖြစ်သူအား ဂါရဝပြုလျက်....

'ဟုတ်ပါတယ်ဆရာကြီး၊ ဆရာကြီးတို့နှစ်ဦးကို ဖိတ်ကြားပြီး အိစ္စမ်က ချက်ပြုတ်နေတာ မပြီးသာနဲ့ တပည့်ပါ ဝိုင်းကူပြီး ချက်ပြုတ်နေတာပါ ခင်ဗျာ'

တိတ်လျက္ကမှ ဆရာကြီး နှစ်ဦးအား ဂါရဝပြုသည့်သဘောဖြင့် သူတို့လင်မယားၡ မင်္ဂလာ က် ငါးနှစ်ပြည့်သော အထိမ်းအမှတ်ဖြင့် ဖိတ်ကြားကျွေးမွေးရန် စီစဉ်ထားကြခြင်း ဖြစ်၏။

တနေ့လားနှစ်ဦးနှင့် လုံးလည် ချာလည်လိုက်ကာ အိစ္စမ်ခမျာ ချက်ပြုတ်၍မပြီးနိုင်ခင် ဆရာကြီးများက ရောက်လာကြ၍ တိတ်လျက္ကပါ မီးဖိုဝင်ပြီး ဝိုင်းဝန်း ကူညီနေခြင်းဖြစ်လေသည်။

'ဟေ ....လာစမ်းပါဦးကွယ့် အငယ်ကောင်ရဲ့'

ဆရာကြီး ဓားနက်မင်းပီက အငယ်လေးတိတ်ခေါင်ချီကို ချီပိုးလိုက်၏။



တိတ်ခေါင်ချီမှာ သူ့အားချီလိုက်သည့် ဆရာကြီး ဓားနက်၏ နှုတ်ခမ်းမွေးကားကားကို ဆွဲနုတ်လိုက်သဖြင့်....

'အ...အ....အ....အ'

'မလုပ်ပါနဲ့ ဟကောင်ရာ၊ ငါ့မှာ ဒီနှုတ်ခမ်းမွေးလေးပဲ ဂုဏ်လုပ်နေရတာကွ'

သူက ကလေး၏လက်အား အသာဆွဲလျက် ပြောလိုက်သည်။

## ( ၂၇ )

'လာဟေ့ သားကြီး တိတ်ချင်ယိ၊ ဘွားဘွားဆီ လာစမ်း'

ငါးနှစ်ရွယ် တိတ်ချင်ယိမှာ စကားနားလည်ပြီး ဆရာကြီးများကိုလည်း ရင်းနှီးကျွမ်းဝင်နေပြီ ဖြစ်၍ ဘွားဘွားဝေယူ၏ ပက်လက်ကုလားထိုင်သို့ လျှောက်လာ၏။

'ငါ့သား၊ ဖေဖေကြီးလို သိုင်းကစားမလားကွယ့်'

'ကစားမယ် ဘွားဘွား'

'အေး....ဒါဆို ဘွားဘွားရှေ့မှာ ခြေမုံ့ရပ်စမ်း'

ကလေးက ဘွားဘွားဝေယူအမိန့်ပေးသည့်အတိုင်း ခြေစုံရပ်နေရှာ၏။

'လက်ကို ရှေ့ထုတ်'

ကလေးက သူ၏လက်ကလေးကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

'လက်သီးဆုပ်'

လက်သီးလေးများကို ဆုပ်ပြန်ပါ၏။

'ခြေတစ်ဖက် မြှောက်ထား'

ဘွားဘွားဝေယူပြောသည့်အတိုင်း ခြေတစ်ဖက်ကိုမြှောက်ကြွလိုက်ရှာသည်။

'အေး...ဟုတ်ပြီကွ၊ သားကြီးက သိုင်းသမားဖြစ်မှာ'

ကလေးမှာ ခြေကိုမြှောက်နေဆဲရှိ၏။

'နောက်တစ်ဖက်ပါမြှောက်စမ်း'

ဓားနက်မင်းပီက ဝင်၍အမိန့်ပေးလိုက်ရာ တိတ်ချင်ယလေးက ထောက်ထားသည့်ခြေလေးကိုပါ ကြွ၍မြှောက်လိုက်သဖြင့် တိုင်းခနဲ လဲကျသွားရှာတော့၏။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား....ဟား'

သိုင်းဆရာကြီး နှစ်ဦးမှာ လူမမည် ကလေး နှစ်ဦးနှင့်ကြည်နူးစွာ ဆော့ကစားနေစဉ်၌ နောက်ဖေးမီးဖိုတွင်းဝယ် ဇနီးမောင်နှံ နှစ်ဦးကား ချွေးတလုံးလုံးနှင့် ချက်ပြုတ်နေကြဆဲ။



'ကဲဟေ့.... မင်းတို့လင်မယား ချက်ပြုတ်မပြီးသေးရင်လဲ ထိုပဲ ကလေးထိန်းထားပေးရတာပေါ့ကွယ်၊ ကဲ...ဘွားဝေယူဒီမှာထိုင်ပြီး ဒီလင်မယားရဲ့ ကြော်လှော်တဲ့ အငွေ့နံ့ကို ရှူရှိုက်နေမယ့်အစား ကွင်းပြင်ထွက်ပြီး လေကောင်း လေသန့် ရှူရင်း ကလေးထိန်းကြရအောင်'

'ကောင်းသားပဲရှင့်'

သို့ဖြင့် အငယ်ကောင် တိတ်စောင်ချီကို ဆရာကြီးဓားနက်မင်းပီက ချီသွားသကဲ့သို့ အကြီးကောင် တိတ်ချင်ယီကိုလည်း ဆရာမကြီး ဘွားဘွားဝေယူက လက်ကိုဆွဲကာ အိမ်ပြင်သို့ ထွက်သွားကြပါတော့သည်။

သူတို့အိမ်နှင့်ခပ်လှမ်းလှမ်းဝယ် ကွင်းပြင်ကျယ်ကြီးရှိကာ ဂျုံခင်းများနှင့် လှပသာယာလှပေသည်။

လေပြည်တို့က တသွင်သွင်တိုက်ခတ်နေသဖြင့် ဂျုံခင်းများမှာ လေတွင်ယိမ်းထိုးလှုပ်ယမ်းနေလေသည်။

နှုတ်ခမ်းမွှေးမည်းမည်းကြီးများ တကားကားနှင့် ဆရာကြီး ဓားနက်မင်းပီ၊ ခေါင်းမွေးဆံပင်များ ဖွတ်ဖွတ်ဖြူလျက် ဆရာမကြီးဝေယူတို့ ကလေး တစ်ယောက်တစ်ကောင်နှင့် ထွက်သွားသည်ကို ပီတိဖြစ်ကာ အိမ်ပေါက်ဝမှ လှမ်းကြည့်နေရှာသော တိတ်လျူကွေ့တို့ လင်မယားမှာ သူတို့အိမ်ထဲ၌ ရန်သူတစ်ဦးဝင်ရောက်လာသည်ကား သတိမထားနိုင်ခဲ့ကြချေ။

ထိုရန်သူကား သွေးလက်ဝါးဇူရောင်။

ဇူရောင်က အိမ်ဝန်းကျင်တစ်နေရာ၌ ပုန်းအောင်းလျက် လျှပ်တစ်ပြက် တိတ်လျံကွိ၏ ရင်ဘတ်အား အရှိန်ပြင်းစွာ ရိုက်ချလိုက်ပါသည်။

'ဝုန်း'

မမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်၍ အကာအကွယ်မဲ့ကာ ခံလိုက်ရသော တိတ်လျံကွိမှာ အခန်းထောင့်တစ်နေရာသို့ လွင့်စဉ်ကျရောက်သွားခဲ့၏။

'ဟိတ်'

တိတ်လျံကွိက သွေးလက်ဝါးအား ခုန်လျက်ကန်လိုက်သောအခါ...

'တဲဟာ'

'ဝုန်း'

သွေးလက်ဝါးက ရိုက်ချလိုက်ပြန်၏။

တိတ်လျံကွိက ပြန်လည်ထရန်ကြိုးစားလိုက်သော်လည်း ချက်ထောင်းကို အရှိန်ပြင်းစွာထိသွားသဖြင့် သွေးများက ပါးစပ်မှ ပွက်ခနဲထိုးအန်လေသည်။

'ဟား....ဟား....ဟား'

သွေးလက်ဝါးက ထိုအဖြစ်ကို ငုံ့ကြည့်၍ ကျေနပ်အားရစွာ အော်ဟစ်ရယ်လေသည်။

'ဘာဘတ်နိုင်သေးသလဲကွ တိတ်လျံကွိရဲ့၊ မင်းတို့ ငါ့အကြောင်းသိပြီ မဟုတ်လား၊ ဟဲဟဲ'

'သိုင်းသမားယုတ်'



တိတ်လျံကွိက နှုတ်မှပြန်အော်လိုက်မိသော်လည်း သွေးများက ပွက်ခနဲထွက်လာကြပြန်သည်။

# ( ၂၈ )

'လူယုတ်မာကြီး'

အိစွမ်က သွေးလက်ဝါးအား သားလှီးဓားတစ်လက်နှင့် တိုက်ခိုက်လိုက်ချိန် ပြေးဝင်လာသော်လည်း ။ သွေးလက်ဝါးက အလွယ်တကူပင်ဖမ်းချုပ်ကာ ထိုဓားနှင့်ပင် အိစွမ်၏ရင်ညွန့်အား ထိုးချလိုက်ပါသည်။

'စွပ်'

'အင့်'

အိစွမ်၏ ညည်းညူသံကြားလိုက်၍ တိတ်လျှို့ကွယ်မှ မော့ကြည့်လိုက်ရာ ဇနီးသည်ဖြစ်သူ၏ ဓားတန်းလန်းနှင့်

မြင်ကွင်းကိုတွေ့လိုက်ရသဖြင့် ဝုန်းခနဲအားတင်းပြီး ခုန်လိုက်သော်လည်း သွေးလက်ဝါး၏ ရိုက်ချက်တစ်ချက်က သူ၏ ရင်ဘတ်အား ပြင်းထန်စွာ ရိုက်ချလိုက်ခြင်း ခံရပြန်လေသည်။

'ဝုန်း'

'အား'

သည်တစ်ကြိမ်တော့ တိတ်လျှံကွ၏ ရင်ထဲမှနှလုံးသားတို့က မခံနိုင်လေတော့။ နှလုံးကွဲကြေပြီး ပါးစပ်မှ သွေးတစ်ချက်ထိုးအန်လျက် အသက်ပျောက်သွားလေတော့သည်။

'ဟား...ဟား...ဟား'

'သွေးလက်ဝါးကို အရှက်ခွဲခဲ့တဲ့ လင်မယား ဟား...ဟား ခုတော့ အတူတူသေကြကွ'

သူက အားရအောင် အော်ဟစ်ရယ်မောပြီး အိမ်ထဲမှ လျင်မြန်စွာ ထွက်ခွာ သွားပါလေတော့သည်။

အိစွမ်မှာ ရင်ညွန့်ဝယ် သားလိုးဓားတန်းလန်း စိုက်ဝင်လျက် ဟအင်းအင်းနှင့် ညည်းညူနေရှာလေသည်။

အသက်ပျောက် သေဆုံးသွားသော ခင်ပွန်းသည် တိတ်လျှံကွ၏ အလောင်းအနီးသို့ တိုးကပ်သွားနိုင်ရန် ကြိုးစား ရွေ့လျားနေရှာ၏။

'အစ်...အစ်ကို...တိတ်...တိတ်'

နှုတ်မှလည်း လင်၏နာမည်အား တဖွဖွ ရွတ်ဆိုနေရှာသည်။



ထိုအချိန်၌ ဆရာကြီးနှစ်ဦးမှာ ကလေးနှစ်ဦးနှင့် စကားတပြောပြောနှင့် အိမ်ထဲသို့ဝင်လာရာ တအင်းအင်းနှင့် ညည်းညူနေသော အိစွမ်၏အသံကို အိမ်ပေါက်ဝ၌ ကြားနေရလေသည်။

'ဟင်...ဘာသံပါလိမ့် ခါးနက်ရယ်၊ ကြည့်စမ်းပါဦး ရှင်'

ဘွားဘွားဝေယူက စိုးရိမ်ပူပန်စွာ ပြောလိုက်သဖြင့် ဆရာကြီးဓားနက်မင်းပီကာ လျင်မြန်စွာ အိမ်ထဲသို့ဝင်ကြည့်လိုက်ရာ....

'ဟာ...အဘွားဝေယူ...အဘွားဝေယူ လာစမ်းပါဦး'

အဘွားဝေယူကလည်း လျင်မြန်စွာပင် ရောက်ရှိလာ၏။

'ဖြစ်မှဖြစ်ရလေ တိတ်လျှံကွရယ်'

အဘွားဝေယူမှာ မကြည့်ရက်သဖြင့် တစ်ဖက်သို့ မျက်နှာလွှဲပြီး မျက်ရည်ကျရှာ၏။

'အင်း...အင်း...အင်း'

အိစွမ်၏ ညည်းညူသံကြောင့် ဆရာကြီး နှစ်ဦးစလုံး အိစွမ်ထံသို့ တိုးကပ်သွားကြသည်။

'အိစွမ် မသေသေးဘူး'

အဘွားဝေယူက အိစွမ်အား ပွေ့ယူလိုက်သည်။

'ဘယ်လိုဖြစ်ကြတာလဲ သမီးရယ်'

ရသော မကြီးဟာ ဝမ်းနည်းကြေကွဲစွာ မေးမြန်းလိုက်သဖြင့်....

'သွေး...သွေး...လက်...ဝါး...ဇ...ရောင်'

အိစွမ်က ထိုသို့ပြောပြီး ခေါင်းငိုက်စိုက် ကျသွားလေသည်။

'တောက်'

'သွေးလက်ဝါး အကြံပက်စက်တယ်'

ဓားနက်မင်းပီက တောက်တစ်ချက် ကျယ်စွာခေါက်လိုက်မိသလို အဘွားဝေယျူကသည်း မချိတင်ကဲ ရေရွတ်လိုက်ရှာသည်။

သိုင်းဆရာကြီး နှစ်ဦးစလုံးမှာ ချစ်တပည့်ရင်းကြီး၏ ကြေကွဲစရာ အဖြစ်အား ယူကျုံးမရနိုင်အောင် ဝမ်းနည်းပူဆွေးခြင်း ဖြစ်ကြလေသည်။

မိဘများ၏ ကံကြမ္မာဆိုးအား မသိရှာသည့် လူမမည် ကလေး နှစ်ဦးကား အိမ်ရှေ့ကွက်လပ်တွင် သိုင်းလေ့ကျင့်ကစားနေကြရှာသည်။

သို့ဖြင့် သိုင်းဆရာကြီးနှစ်ဦးမှာ ကံဆိုးလှသော ချစ်တပည့် ဇနီးမောင်နှံအား ကောင်းမွန်စွာသင်္ဂြိုဟ်ပြီး ကလေး တစ်ယောက်တစ်ဦးစီ တာဝန်ယူ ကျွေးမွေးပြုစုရန် ခေါ်ဆောင်သွားကြလေတော့သည်။

ရသေ့မကြီး အဘွားဝေယျူနှင့် ပါသွားရရှာသော အကြီး လေး တိတ်ချင်ယိမှာ ကျားဦးခေါင်းဘောင်ဝယ် ကြီးပြင်း ရသည်သို့၊ ဓားနက်ကြီးမင်းပီနှင့် ပါသွားသော အငယ် ကောင် တိဘိစောင်ချိမှာမူ သေမင်းဖြူလျှိုကြီးထဲ ကြီးပြင်း ရပြန်လေသည်။



သူတို့ ညီအစ်ကိုအား တိတ်လျံကွမ်က မင်္ဂလာသက် ငါးနှစ်မြောက် လက်ဆောင်အဖြစ် ကျောက်စိမ်းပြားသည်ဆွဲကို တစ်ယောက်တစ်ခြမ်းစီ ဆွဲပေးကာ တိတ်ဆိုသော အမျိုး နာမည်အား မရေးပေးလာခဲ့၏။

## ( ၂၉ )

'အဲဒါပါပဲ လူလေးမင်းတို့ ညီအစ်ကိုရဲ့ ဘဝအစဟာ အင်မတန် ဝမ်းနည်းကြေကွဲစရာနဲ့ စခဲ့တာပေါ့ကွယ်'

ရသေ့အဘွားဝေယူက သူတို့၏ အတိတ်ဇာတ်ကြောင်းအား ပြန်ပြောင်းပြောပြခြင်းကို နိဂုံးချုပ်လိုက်ပါသည်။

ဝေးလ၏ မျက်လုံးအိမ်ဝယ် မျက်ရည်တို့ ပြည့်လျှံနေသည်သို့ မေးကြောကြီးများကိုလည်း တင်းနေအောင် ကြိတ်ထားမိလေသည်။

'သွေးလက်ဝါး....သွေးလက်ဝါး'

သူ၏ရင်ထဲ ပဲ့တင်ထပ်ကြားနေသည်က သည်နာမည်ပင် ဖြစ်၏။

'အစ်ကိုက အဘွားနဲ့ ခုလို ကြီးလာတဲ့အထိ နေခဲ့ရပေမယ့် ကျွန်တော်ကတော့ ဆရာကြီးနဲ့ သိပ်ကြာကြာမနေလိုက်ရဘူး လေ၊ ကျွန်တော် အရွယ်မရောက်ခင်မှာဘဲ ဆရာကြီးဟာ ငှက်ဖျားရောဂါပိုးနဲ့ ရုတ်တရက် သေဆုံးသွားတော့ ကျွန်တော် တစ်ဦးတည်း သေမင်းဖြူလျှိုကြီးထဲ ကြီးပြင်းခဲ့ရ တယ်၊ ဒါကြောင့် အစ်ကိုရှိမှန်းလဲ မသိ၊ ကျောက်စိမ်းဆွဲပြား အကြောင်းလဲ မသိဘဲ နေထိုင်ခဲ့ရတာလေ'

သူက သူ့ဘဝ တစ်ကောင်ကြွက်အဖြစ်များကို ပြန်၍မြင် ယောင်၏။

'အစ်ကိုကတော့ ဒီလောကမှာ ညီလေးတစ်ယောက်ရှိ သေးတယ်ကွ၊ နောက်ပြီးအဘွားပြောပြထားလို့လဲ တို့ညီအစ်ကို နှစ်ဦးရဲ့ ကျောက်စိမ်းခြမ်း ဆွဲပြားလေးအကြောင်းကို အမြဲ သတိထားပြီး ကြည့်ရှုနေခဲ့မိတယ်'

ချန်လင်ဟိုးက ညီဖြစ်သူ ဝန်းလီ၏ ပခုံးကို ချစ်ခင်စွာ ဖက်ပြီး ဆက်လက်ပြောကြားပြန်သည်။

'အေး...ခု ညီလေးနဲ့ တိုက်ခိုက်နေစဉ်မှာ အင်္ကျီစုတ်ပြဲ သွားတော့ ပေါ်လာတဲ့ ညီလေးလည်ပင်းက ကျောက်စိမ်း ခြမ်း ဆွဲပြားလေးကို တွေ့ရပြီး ငိုင်သွားမိတယ်၊ အဲဒီမှာတင် ညီလေးရဲ့ ဓားချက်ကို အစ်ကို မရှောင်နိုင်ခဲ့တာပဲ၊ အစ်ကို ဒီ လောကမှာ မနေရတော့ပါဘူး၊ ညီရဲ့ ဓားနက်အစွမ်းကိုလဲ အစ်ကိုသိထားခဲ့ပါတယ်၊ ဓားဆိပ် ဘယ်လောက်ပြင်းတာကိုလဲ



နားလည် သဘောပေါက်ပြီဆိုပါတော့၊ ဒါကြောင့် အစ်ကို ညီလေးကို တစ်ခု တောင်းဆိုချင်ပါတယ်'

ချန်လင်ဟိုးက ရှည်လျားစွာ ပြောဆိုကာ ညီဖြစ်သူအား အကဲခတ် ကြည့်သည်။ ထို့နောက် စကားကို ဆက်ပြန်ပါ သည်။

'အဲဒီတောင်းဆိုမှုကိုလဲ ညီအစ်ကိုနှစ်ယောက် ပြန်လည် ဆုံစည်းမှုအဖြစ် ညီက လက်ဆောင်အဖြစ် ပေးစေချင်ပါတယ် ကွာ'

'ဘာများလဲ အစ်ကိုရယ်၊ အစ်ကို့အတွက် လိုအပ်ရင် ကျွန် တော် အသက်ကိုတောင်ပေးဖို့ အဆင်သင့်ပါပဲ ခင်ဗျာ'

ဝန်းလီမှာ အစ်ကို၏ တောင်းဆိုမှု မည်သည့်အရာမဆို ပေးအပ်ဖို့ ဝန်မလေးကြောင်း တုံ့ပြန် ပြောကြားလိုက်ရာ ချန်လင်ဟိုးက ကျေနပ်အားရစွာ ပြုံးလိုက်သည်။

'တခြားတော့ မဟုတ်ပါဘူးကွယ်၊ ညီလေး ဝန်းလီ အကြောင်း အစ်ကို သိုင်းလောကမှာ ခရေစေ့တွင်းကျ စုံစမ်းမေးမြန်းခဲ့ပြီးပါပြီကွာ၊ ညီလေးဟာ မဟုတ်မခံ အမှန် တရားအတွက် အသက်နဲ့လဲပြီး ကူညီဆောင်ရွက်တတ်တာ မှန်ပေမယ့် ညီရဲ့ အရက်သေစာ သောက်စား မူးယစ်ပြီး လောင်းကစားဝိုင်းတွေထဲ သွားရောက်ပျော်ပါးလို့ အမှား ကျူးလွန် နာမည်ပျက်ခဲ့တဲ့အဖြစ်များက ဝန်းလီဘဝနဲ့ လူ့ ဘဝမှာ ဆက်လက် နေထိုင်ဖို့ မသင့်တော်တော့ဘူးကွယ့်'

'ခင်ဗျာ....ဒါ....ဒါဆို ကျွန်....ကျွန်တော်က သေ....သေ ပေးရမယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်....ဝန်းလီက သေပေးရမယ်၊မင်းက ရှင်နေရမယ်၊လူ့ဘဝမှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်၊မင်းဆက်လက် ဆောင်ရွက်ရမယ်ကွယ့်'

ချွန်လင်ဟိုး၏ စကားကို ဝန်းလီ နားမလည်ချေ။

'ကျွန်တော် အစ်ကို့ပြောတာ နားမလည်ဘူး'

ချွန်လင်ဟိုးက ပြုံးပြန်၏။

'ဒီလိုကွ ငါ့ညီရ၊ငါ့မှာ မျက်စိမမြင်တဲ့ ချစ်သူတစ်ဦးရှိတယ်၊သူ့ကို စောင့်ရှောက်ဖို့ ငါ့မှာ တာဝန်လဲ ရှိတယ်၊ ဒါပေမယ့် ငါက မကြာမီရက်ပိုင်းမှာ သေရမယ့်လူလေ၊အဆိပ်မိနေတဲ့ ချွန်လင်ဟိုးလေ'

ဝန်းလီ သဘောပေါက်သလို ရှိလာ၏၊နားလည်သယောင်ယောင် ဖြစ်လာသည်။

'ဒီတော့ မကောင်းတဲ့မင်းရဲ့ ဝန်းလီဘဝကို မြေမြှုပ်ပစ်ပြီးတော့ ငါ့ရဲ့ ချွန်လင်ဟိုးဘဝကို ဆက်လက် ခံယူစေချင်တယ်၊အဲဒီ ချွန်လင်ဟိုးရဲ့နာမည်ကို စောင့်ထိန်းလို့ ဘဝကို ဆက်လက်ရှင်စေချင်တယ် ငါ့ညီရယ်'

ဘဝချင်း လဲလှယ်နေထိုင်ဖို့ သဘောဖြစ်ကြောင်း ဝန်းလီ နားလည် သဘောပေါက်သွား၏။

'ကျွန်တော် နေနိုင်ပါတယ်အစ်ကို၊ကျွန်တော့်ရဲ့ ဝန်းလီ ဘဝမှာ ဘယ်လိုတွယ်တာစရာမျိုးမှ မရှိထားခဲ့သေးပါဘူး'

သူက အစ်ကိုဖြစ်သူ၏ ဆန္ဒကို ဖြည့်ဆည်းဖို့ ဆုံးဖြတ်လိုက်သည်။



'ဒအး....ဒါဆို အစ်ကို ဝမ်းသာတယ် ငါ့ညီ၊ နောက်ပြီး အစ်ကို့ချစ်သူ မျက်မမြင်မိန်းကလေးကို အစ်ကို့ကိုယ်စား ဂရုစိုက် စောင့်ရှောက်ပေးဖို့ အစ်ကို မေတ္တာရပ်ခံချင်ပါတယ်'

ဝန်းလီမှာ မေတ္တာ ဘွဲ့ဝေငေးငိုင်သွားမိသည်။

*       *       *

'စဉ်းစားမနေနဲ့ လူလေး၊ချွန်လင်ဟိုးနဲ့ ဝန်းလီလဲတဲ့ ကိစ္စမှာ အခွင့်သာတုန်း လဲလှယ်ပြီးသား နေလိုက်ကွာ၊ချွန်လင်ဟိုးဟာ သိုင်းလောကမှာ လူသေးစာရင်းခံရပြီးသားလေ'

အဘွားဝေယူကပါ တိုက်တွန်းနေသဖြင့် ဝန်းလီ သဘောတူ လက်ခံလိုက်ရတော့သည်။

ထို့ကြောင့် ချွန်လင်ဟိုး၏ အဝတ်အစားများကို ဝန်းလီက ဝတ်ဆင်သည်၊ တရားမားကိုလည်း ခါး၌ ပြောင်းချိတ်သည်။

'မင်းရဲ့ အဝတ်နက်နဲ့ ဓားနက်ကို မြေမြှုပ်ပစ်လိုက်တော့'

ချွန်လင်ဟိုးက အကြံပေးသည်။

'ဟုတ်ကဲ့'

အစ်ကိုစိတ်ချမ်းသာစေရန် သူ ဟုတ်ကဲ့လိုက်သည်။

'ကဲ... ဒါဖြင့် တို့များသွားမယ်၊ မင်းကို စိတ်ချပါရစေ၊ ငါချစ်သူကတော့ ရှုန်ယန်မြို့ ရွှေကင်းမြို့ဆောက် ဖူကျန်မ်ပေါင်ရဲ့သမီး ဖူယန်ဆိုတာပဲ'

'ခင်ဗျာ'

သူ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့သည်။

ဆရာမကြီး ရှဲသေ့ အဘွားဝေယူနှင့် သူ့တပည့် ချန်လင်ဟိုးတို့မှာ ထိုတောအုပ်မှ လျင်မြန်စွာ ထွက်ခွာသွားကြတော့သည်။ သူက ကတိပေးခဲ့ပြီးပြီ။

'ရှုန်ယန်မြို့က ရွှေကင်းမြို့ဆောက် ဖူကျန်မ်ပေါင်၏ သမီး ဖူယန်'

သူ့နားထဲ အစ်ကို့စကားများကို ကြားယောင်နေခဲ့မိသည်။

သူတစ်ယောက် မျက်မမြင် ဒုက္ခိတတစ်ဦး ဖြစ်နေရှာပြီ။

ဒါ သူ့အပြစ်မကင်းကြောင်း သူရိပ်မိ၏။ သူ့ပယောဂနှင့် ကွယ်ခဲ့ခြင်းသာဖြစ်မည်။

'ဟင်း'

သူ သက်ပြင်းမောကို ချ၏။ ဝတ်စုံနက်နှင့် ခေါင်းနက်ကို ထွေးရစ်ပတ်လျက် ကိုင်ထားသည်။

မျက်နှာဖုံးတစ်ခုရှာ၍ စွပ်ရဦးမည်ဖြစ်သည်။

တရားခံအား သိရှိသူ တွေ့ဖူးသူဟူ၍ သူ့အားမမှတ်မိရန်ဖြစ်သည်။



သူ၏ မြင်းညိုကြီးကား အစ်ကိုချန်လင်ဟိုးတို့ စီးနှင်သွားခဲ့ပြီ။ မြင်းဖြူကြီးအား ထားရစ်ခဲ့၏။

ထိုမြင်းဖြူကြီးပေါ်သို့ လွှားခနဲ သူ ခုန်တက်လိုက်ပါသည်။

( ၃၀ )

## ဝန်းလီ၊ သို့မဟုတ် တရားခံ

ဝန်းလီသည် ဝတ်စုံဖြူကိုဝတ်ဆင်လျက် ရှည်လျားသော တသားဓားအား ခါးဝယ်ချိတ်ကာ မြင်းဖြူကြီးကိုစီးနင်းပြီး ချုန်လင်ပတိုး အဖြစ် တောအုပ်လေးထဲမှ ထွက်ခွာလာခဲ့၏။

ဝန်းလီ၏ အနအာခင်ဆဲဖယောင်အသွင်အပြင် ဖြစ်သည့် ဝတ်စုံနက်နှင့် ခေါ်နက်ကြီးကို ထုပ်ပိုးလျက်ယူဆောင်လာ၏။ မျက်နှာကိုမူ လူသိမည်စိုး၍ မျက်နှာဖုံးစွပ်ကာ ထားခဲ့သည်။ ရှန်ယန်မြို့မှ စံအိမ်နီကြီးရှိ ရွှေကင်းမြီးကောက် ဖူကွမ်ပေါင်၏ သမီး ဖူယန်အား သူခေါင့်ရှောက်ရန် ထွက်လာခဲ့ခြင်း

ဖြစ်သည်။ မိန်းကလေးမှာ မျက်လုံးများအမြင်ကွယ်ပျောက်သွားသဖြင့် ဒုက္ခိတဘဝနှင့် နေထိုင်ရှာလေသည်။

လမ်းခရီးရှိ မြို့လေးတစ်မြို့မှ စားသောက်ဆိုင် တစ်ဆိုင်သို့ သူ ဝင်ရောက်ခိုနားလေသည်။

ထိုစားသောက်ဆိုင်ထဲ သူဝင်ရောက်လိုက်သည်နှင့် ဆိုင်ထဲရှိ လူများ သူ့မျက်နှာပေါ်မှ မျက်နှာဖုံးကြောင့် ထူးထူးခြားခြား ဝိုင်းဝန်းကြည့်ရှုကြလေသည်။

စားပွဲထိုးတစ်ဦး ရောက်လာသဖြင့် ခေါက်ဆွဲကြော်တစ်ပွဲမှာယူလိုက်လေသည်။

ထိုစဉ် သိုင်းသမား တစ်ဦး ရောက်ရှိလာပြီး သူ့အား နှုတ်ဆက်၏။

'ဟေး.... တရားခံပါလား၊ တစ်ယောက်တည်းလားခင်ဗျ၊ ဘယ်အရပ်က ပြန်လာတာလဲ'

တရားခံအားသိကျွမ်းရင်းနှီးပူးသောသူ ဖြစ်ဟန်တူ၏၊ ဝန်းလဲက စားပွဲပေါ်သို့ ဝတ်စုံနက် နှင့် ခေါင်းနက်ကြီးကိုတမင် မြင်ခံအောင်တင်လိုက်ပြီး ကျယ်လောင်စွာ ပြန်လည်ပြောကြားလိုက်၏။

'ဝန်းလဲဆိုတဲ့လူကို လာရောက်နှိမ်နင်းတာပဲ၊ ဟောဒီမှာလေ သူ့ရဲ့ ခေါင်းနက်ကြီးပေါ့၊ ကျုပ်တောင် မျက်နှာမှာ ဒဏ်ရာရလာလို့ မြင်မကောင်းတာနဲ့ မျက်နှာဖုံး စွပ်လာရတယ်ဗျာ'



သူ့စကားအား ကြားမိသူအချို့က ဝန်းလဲ၏စားပွဲကို လှမ်းကြည့်ကြသည်။ စားပွဲပေါ်ဝယ် ဝတ်စုံနက်နှင့် ခေါင်းနက်ကြီးက အထင်အရှားရှိနေသည် မဟုတ်ပါလား။

'အို... ခေါင်းနက်ဝန်းလဲ သေသွားပြီလား၊ အင်း.... ဒီသိုင်းသမားက စိတ်ခေတ်မဆိုးပါဘူး၊ အကျင့်စာရိတ္တဆိုးနေခဲ့တာ၊ သူ့ရဲ့သိုင်းပညာတွေ နှမြောစရာ နော်'

'ဘာ နှမြောစရာလိုလဲဗျ၊ အရက်မူးပြီး လောင်းကစားနေတဲ့ သိုင်းသမားတစ်ယောက်ကိုများ'

ဝန်းလဲက ထိုသူ၏စိတ်ကို သိချင်သဖြင့် သေးတိုးစမ်းလျက် ပြောလိုက်ရာ....

'ဒါတော့ ဒါပေါ့ တရားခံရယ်၊ ဒါပေမယ့် ဒီလူဟာဖြင့်လိုက်ရင် လူကောင်းတစ်ဦး ဖြစ်လာနိုင်ပါတယ်'

ထိုလူက သူ့အား အတိုက်အခံမပြောဝံ့ဘဲ ထွက်ခွာသွားလေ၏၊ ထိုစဉ် ခေါက်ဆွဲကြော်ပွဲကလည်း လာရောက်ချလေသည်။ ခေါင်းနက်က ခေါက်ဆွဲကြော်အား ဆာဆာနှင့် စားသောက်နေမိ၏။

ထိုသို့ ခေါက်ဆွဲကြော်အား မြိန်ရေရှက်ရေ စားသောက်နေစဉ် လူတစ်ဦးက သူ့စားပွဲသို့ရောက်ရှိလာကာ နှုတ်ဆက်နေပြန်၏။

'ဟေး....ချန်လင်ဟိုး၊ ဘယ်လိုဖြစ်လို့ မျက်နှာကိုမျက်နှာဖုံး စွပ်ထားတာလဲလို့'

သူ့အား ရှင်းရှင်းနှီးနှီး ဖက်လှဲတကင်း မေးမြန်းလာ၊ သဖြင့် တရားခေါ်၏ မိတ်ဆွေအပေါင်းအသင်းတစ်ဦး ဖြစ်ရ မည်ဟု တွေးမိကာ....

'ခေါင်းဆွဲကြောင် စားမလား အရက် သောက်မလား၊ ဟစ်နေခုလု ဗျ'

'ဟာ... ချွန်လင်ဖိုးနှယ် မေးနေရသေးတယ်၊ အရက်ဆို တာ ကိုယ့်ရဲ့ ဖွားဖက်တော်ညီအစ်ကိုရင်းကြီးပဲဗျ ဟဲဟဲ'

သူက အရက်တစ်အိုးမှာကြားလိုက်လေသည်။ မကြာမီ အရက်ရောက်ရှိလာသဖြင့် သူ့ရှေ့ချပေးလိုက်သည်။

'ကျုပ် ဓားနက်ဝန်းလဲ ဆိုတဲ့ကောင်နဲ့ တိုက်လာခဲ့တယ်၊ မျက်နှာဒဏ်ရာရလာလို့ မျက်နှာဖုံးစွပ်ထားတာဗျ၊ ဒီကောင် တော့ တမလွန်ရောက်သွားရှာပြီ၊ ဟောဒီမှာ သူ့ရဲ့ဓားနက် လေ'

ဓားနက်ဝန်းလဲက ပြောဆိုရင်း အရက်တစ်ခွက်ကိုမော့ချ လိုက်၏၊ ထိုအခါ သူ့ရှေ့မှလူမှာ အံ့တသြနှင့် သူ့အား မြူးကြည့်သည်။

'ဘယ်လိုတွေဖြစ်နေတာတုံး တရားခေါ်ရယ်၊ မသောက် စဖူး အရက်ကို ကြည့်စမ်း....ဂွပ်ခနဲမော့ချလိုက်တာ'

ဓားနက်ဝန်းလဲ ထိတ်ခနဲဖြစ်သွားလေသည်။ သူ့ရှေ့၌ အရက်အိုးရှိနေသောကြောင့် မေ့ပြီး သောက်ချလိုက်ခြင်း ဖြစ်သည်။

တရားခေါ်က အရက်သေရည်မသောက်ဖူးသူတစ်ဦး ဖြစ်ခဲ့ သည်ပဲ၊ သူသတိထားရှောင်မှုဖြစ်မည်။



'အေးဗျာ... ခရီးကလဲပန်းလာတာနဲ့၊ နောက်ပြီး လုပ်စရာ ဆောင်ရွက်စရာတွေကလဲ အများကြီးကျန်သေးတယ်၊ စိတ် ညစ်တာနဲ့ ကျုပ်လဲ စိတ်ပေါက်ပေါက်နဲ့သောက်လိုက်တာပဲ၊ အူထဲပူလိုက်တာဗျာ'

'အရှိုင်းပဲဗျာ၊ မသောက်တတ်ရင်မသောက်တာအကောင်း ဆုံးပဲ'

ထိုသူက သူ့အားဆုံးမနေသဖြင့် သူရယ်ချင်မိ၏။ ထိုလူ ကိုယ်တိုင်ကမူ အရက်ကို အရသာရှိစွာ သောက်မျိုနေသည်။

[illegible]

'ဒါနဲ့ သွေးလက်ဝါးဆိုတဲ့လူရှိသတင်း ဘာကြား လိုက်သည် လဲဟင်'

စကားကြုံတာနှင့် သွေးလက်ဝါးအကြောင်း လိုက်မိသည်။

'ဟာ....ခင်ဗျားကလဲဗျာ၊ တစ်နေ့တုံ့ ယမ်းအာ ကျောက်ဘီလူး သူ့အကြောင်းပြောကြသေးတာပဲ၊ တိုက်၏ ခင်ဗျားဆီပြေးလာခဲ့မယ်လို့ ပြော၍ ခုံကာကွယ်သည်။

သည်အတိုင်း ဆိုလျှင် တရားမ- သည်ကိစ္စကို လျှို့ဝှက်စုံစမ်းနေသည်ပဲ။

'အောင်မျာ.... ကျုပ်ကလဲ စိတ်ခေတနေပေ့ မကြာခဏ မေးမိတာပေါ့၊ သောက်ဗျာ'

သူ့စကားထမ်းလွဲရန် အရက်ကိုဖိတိုက်လိုက်၏။

ထိုစဉ် သူတို့စားပွဲသို့ လူတစ်ဦးနှင့် ဘေးမှ လက်ရုံးနှစ်ဦး တို့ လျှောက်လာကြသည်။

'ဟာ....တရားခံ ကျောက်ဘီလူးတို့လာနေကြပြီ'

ရွှေမှလူက အထိတ်တလန့်နှင့် ပြူးပြူးပျာပျာသတိပေး၏၊ ကျောက်ဘီလူးဆိုသောလူမှာ နာမည်နှင့်လိုက်ဖက်အောင် ရုပ်ဆိုးအကျည်းတန်လှ၏။ မျက်နှာအမူအရာမှ လည်း ခက် ထန် တင်းမာနေခဲ့သည်။

သူကမူ သည်လူစုကို မည်သို့ဆက်ဆံရမည်မသိ၊ မီးစဉ် ကြည့်ကရမည်ဖြစ်၏။ ရွှေမှလူက သူ့အား မေ့ကြည့်နေ သည်။

ကျောက်ဘီလူးတို့က စားပွဲနှင့်ခပ်လှမ်းလှမ်းအရောက်တွင် ပ်တန့်သွားကြသည်။

ကျောက်ဘီလူး ဆိုသူက သူ့အား စူးစူးဝါးဝါး စိုက် ၏။

စ့လဲကွ....ဟေ့'

ည်ည်နှင့်မေ မြန်းလိုက်ရာ ကျောက်ဘီလူး

အုံအားသင့်သော မျက်နှာအမူအရာများ

ဲ၊ ခင်ဗျာ တို့ချင်း ချိန်းထားတယ်



သူ့အနားကပ်လျက် တီးတိုးပြောလာသဖြင့် သူရှက်သွား ၏။ ကျောက်ဘီလူးက မျက်မှောင်ကြီးကြုတ်ကာ ...

'ခုမှ ဘာမသိချင်ယောင်ဆောင်နေတာလဲ တရားခံ၊ စားသောက်ဆိုတာ စကားတစ်မျိုးပြောရတယ်'

ဟု အသင်လွဲသည့်စကားကိုဆို၏။

'ကျုပ် ခင်ဗျားကိုမဆိုလိုပါဘူး၊ ခင်ဗျားနောက်ကလူတွေ ကိုမေးတာပါ၊ ခင်ဗျားနဲ့ကျုပ်ချိန်းဆိုထားတာ တစ်ယောက် ချင်းပဲ'

သူက စကားကို အဆင်ချောအောင်လွဲပြောလိုက်ပြီး မှတ် တတ်ရပ်၏၊ ရွှေမှလူလည်း သူ့အတိုင်းလိုက်ရပ်သည်။ သူက ရွှေ့ကိုထွက်လိုက်သည်။

ကျောက်ဘီလူးက သူ့လူနှစ်ယောက်ကို နောက်ဆုတ်ခိုင်း လိုက်၏။ သူနှင့် ကျောက်ဘီလူးဆိုသည့် ရုပ်ဆိုးအကျည်းတန် တို့ မျက်နှာချင်းဆိုင်မိကြ၏။

ကျောက်ဘီလူးက သူ၏ဓားမြှားကြီးကိုထုတ်လိုက်သည် သူက ခါးမှ ငရာဇ်ဓားကိုဆွဲထုတ်လိုက်၏။

'ဝှစ်....ဝှစ်....ဝှစ်'

'ထန်....တန်....တန်'

ရုတ်တရက် ဓားမြှားကြီးကိုဝှေ့ယမ်းကာ ကျောက်ဘီလူး က လျှင်မြန်ဖျတ်လတ်စွာ ဝင်တိုက်၏။

သူက ငရာဇ်ဓားနှင့် ဆီး၍ ခုခံကာကွယ်သည်။

သို့သော် သူ၏ ကိုင်နေကျဓား မဟုတ်သဖြင့် လှုပ်ရှား တိုက်ခိုက်ရသည်မှာ တစ်မျိုးကြီးဖြစ်၏။ အဖျားလေးနေ သည့်သို့ ဖြစ်သည်။

တရုတ်ဓားက သူ့အတွက် ရှည်လျားလွန်းနေသည်။

'ဝိုး...ဝိုး...ဝိုး

ကျောက်ဘီလူးကြီးက သူ၏ဓားကြီးကို ခေါင်းထက် ဝှေ့ယမ်းပြန်လေသည်။

ဓားမှာ ရဟတ်တစ်လက်နှယ် တဝိုးဝိုးနှင့် မြည်နေ၏။

သူကလည်း တရုတ်ဓားကို ကိုင်ဆွဲကာ ဓားရေးပြလိုက်၏။ ဘယ်ညာ ဝှေ့ယမ်းလျက် တရှမ်းရှမ်းနှင့် ခုတ်လိုက်ကြ သည်။ သို့သော် တရုတ်ဓားက သူ့ဓားလောက်မသွက်၊

'ချွင်....ချွင်'

ဓားချင်းခတ်သံမှ မီးပွင့်တို့ လွင့်စဉ် ဖွာထွက်လာကြ၏၊ သူတို့နှစ်ဦးက ဆိုင်အလယ်ကောင်ဝယ် တိုက်ခိုက်နေကြခြင်း ဖြစ်သည်။ ကြည့်ရှုသူ ပရိသတ်များက ဘေးမှ ရပ်ကြည့်နေ ကြ၏။

'ထန်....ထန်....ထန်'

ဓားနက်ဝန်းလီက သူ၏ တိမ်နှစ်လွှာဓားကွက်ကို ဆင့်ပြီး စတင်တိုက်သည်။

ခလထက် ခုန်တက်ပြီး ဓားချက်နှစ်ချက် ဆင့် လွှတ် လိုက်၏၊

ထိုဓားချက်များက ကျောက်ဘီလူး၏လည်မျိုနှင့် ရင်ညွန့် သံသို့ ဦး တည်သွားသည်။ ဓားချက်များက လျင်မြန်လွန်း



လှသဖြင့် ကျောက်ဘီလူးကြီး ပျာယီးပျာယာ ဖြစ်သွား သည်။

(၄၂)

သို့သော် ဓားမှာ သူ၏ လက်စွဲဓား မဟုတ်၍ စိတ်ထင်တိုင်း မပေါက်၊ ဓားချက် လွဲသွားခဲ့သည်။

ကျောက်ဘီလူးက သူ၏ဓားပြားကြီးနှင့် လွဲရိုက်ထုတ်ပစ်လိုက်နိုင်၏၊ တစ်ဖန် ကျောက်ဘီလူးကြီး၏ တန်ပြန်တိုက်ကွက်တို့က သူ့ထံသို့ ရောက်ရှိလာကြသည်။

ကျောက်ဘီလူး၏ကျောက်ကျားစွယ်ဓားကွက်က ဓားနက်အား အကျဉ်းအကျပ်ထဲ ရောက်စေသည်။

ထိုဓားကွက်က ဓားချက်များမှာ တစ်ရှိန်ထိုး ခါးလယ်မှ ဖြတ်ကာ ကန့်လန့်ဖြတ် ဝင်ရောက်လာသော ဓားချက်များသာ ဖြစ်ကြ၏။

ယင်းကျောက်ကျားစွယ် ဓားချက်တို့အား သူ၏ ရှည်လျားသော တရားဓားနှင့် ဓားနက် သွက်လက်စွာ မခုခံနိုင်ခဲ့။ ထို့ကြောင့် ခန္ဓာကို ရွှေ့လျားကာ လှုပ်ရှားနေခဲ့ရသည်။

ကျောက်ဘီလူး ဓားပြားကြီးမှာ တဝှီးဝှီးနှင့် ဓားရိပ်များ လက်ခနဲ လက်ခနဲ ဖြာလျက် ရောက်ရှိလာကြသည်။

တရားဓားမှာ သူအသားကျအောင် ပြန်လည်လေ့ကျင့်ရဦးမည့် ဓားတစ်လက်ပင် ဖြစ်၏။ ကျောက်ဘီလူးအား ပြန်လှန်တိုက်ခိုက်ဖို့ထက် သူ၏ ဓားချက်များမှ လွတ်အောင် မနည်းရှောင်နေရတော့သည်။ နောက်ဆုံး သူ စွန့်စားရမည့် တိုက်ကွက် တစ်ကွက်ကို တိုက်ရန် ဆုံးဖြတ်လိုက်၏။

လက်ထဲမှ တရားဓားနှင့် လေထက်ခုန်ပျံကာ ကျောက်ဘီလူး၏ ရင်ဝသို့ချိန်၍ ပစ်လွှတ်လိုက်လေသည်။

'ဝှစ်'

တရားဓားက ကျောက်ဘီလူး၏ ရင်ဝသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားသော်လည်း ဓားပြားကြီးက လျင်မြန်စွာ လမ်းခုလတ်မှာ ရိုက်ချသွားပြန်သည်။

'ထန်'

ကျယ်လောင်စွာ မြည်ညံသွားပြီး တရားဓားမှာ ဓားသောက်ဆိုင် နံရံသို့ သွားစိုက်ဝင်သည်။



လေထက်မှ ပြန်လည်ကျလာသော ဝန်းလမိမှာ သူ့ခေါက်ဆွဲကြော် စားခဲ့သော စားပွဲထက် ပြန်လည်ကျလာ၏။

စားပွဲပေါ်ဝယ် သူ၏လက်စွဲ ဓားနက်က အဆင်သင့်ရှိနေသည် မဟုတ်ပါလား။

သူ ဓားနက်ကို လျင်မြန်စွာ ကောက်ယူ၏။ ကျောက်ဘီလူးက သူ့ထံ ခုန်ဝင်လာသည်။ ဝန်းလမိ လက်နက်မဲ့နေပြီထင်၍ ကျောက်ဘီလူးက ဆန္ဒစောစွာ ခုန်ဝင်လာခြင်း ဖြစ်သည်။

ထိုအခါ မမျှော်လင့်ဘဲ ဝန်းလမိ၏ လက်၌ ဓားနက်ကို တွေ့ရှိရလိုက်သည်။

* * *

တွေ့ရှိလိုက်ရသော အချိန်၌ သူ့အဖို့ နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

ဓားနက်၏ ဓားချက်က သူ၏ ဓားကိုင်လက်အား ဖြတ်တောက် သွားလေသည်။

'ဝှစ်'

'အား'

'ဘုတ်'

ကျောက်ဘီလူးလက်ကြီးမှာ ဓားနှင့်အတူ ကြမ်းပြင်ထက်သို့ ပြုတ်ကျသွားရှာ၏။ ကျောက်ဘီလူး၏ လက်မောင်းမှာ သွေးတို့က ဒလဟော စီးဆင်းလေသည်။

သူ့လူများက သူ့အား ပြေးပွေ့ကြသည်။ ပြတ်သွားသော လက်မောင်းမှ သွေးတို့ ယိုစီးမကျစေရန် အဝတ်များနှင့် ဆို့ပိတ် စည်းပေးကြပြီး ဆိုင်ပြင်သို့ ခေါ်ဆောင်သွားကြတော့သည်။

ဝန်းလဲက နံရံတွင်စိုက်နေသော ဓားမြှောင်ကို သွား၍ဆွဲနုတ်ယူလိုက်သည်။

သူနှင့် အရက်အတူလာသောက်သော မိတ်ဆွေက သူ့အား လာရောက်နှုတ်ဆက်ကြ၏။

'ခင်ဗျား ဓားကွက်တွေက ပြောင်းလာတယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျား အနိုင်ရလိုက်တဲ့အတွက် ကျုပ် ဂုဏ်ယူပါတယ်၊ ကျောက်ဘီလူးလဲ သူ့စကားအတိုင်း ဒီမြို့က ထွက်ခွာသွားမှာပါ၊ ခုလို ကျုပ်ကို ကူညီတိုက်ခိုက်ပေးတဲ့အတွက် ကျေးဇူးများစွာတင်ပါတယ် ဆရာဓား'

သည်းဘာမှ သည်တိုက်ပွဲသည် တစ်စုံတစ်ယောက်သော သူ့အတွက် ဝင်ရောက်တိုက်ခိုက်ပေးသော တိုက်ပွဲတစ်ပွဲဖြစ်ကြောင်း သိလိုက်ရသည်။

ဝန်းလဲသည် စားပွဲပေါ်မှ ဝတ်စုံနက်ကို ယူလိုက်သည်။ ခေါက်ဆွဲကြော်နှင့် အရက်ဖိုးငွေများ ပေးချေရန်ဖြစ်လေသည်။



'ကျုပ် ပေးလိုက်ပါပြီ ဆရာဓား၊ ခုနေခါ ဆရာဓား အတွက် အသည်းနှလုံးကိုတောင် ကျုပ်က ပေးဖို့အဆင့်သင့်ပါဗျာ'

သူ မြင်းဖြူကြီးပေါ် လွှားခနဲ ခုန်တက်လိုက်လေသည်။

ရုံး ၂၀၇၉၅

( ၉၄ )

### မျက်မမြင်မလေးဖူယန်နှင့် သူ၏ချစ်သူ အတုအယောင်

ဝန်းလ မှာ ရှ ယန်မြို့သို့ ပြန်လည်ရောက်ရှိ လာရပြန်လေသည်။

မြို့လယ်ကောင်ရှိ ရွှေအင်းမြိုးကောက် အာမခံပို့ဆောင်ရေး လုပ်ငန်း ခြံဝင်းကျယ်ကြီးဆီသို့ သူ မြင်းဖြူကြီးကို ဦးတည်လိုက်ပါသည်။

ထိုခြံထဲကို ရွှေအင်းမြိုးကောက် အလ တိုင်အား ဦးတိုက်လိုက်သည်နှင့် စံအိမ်နီကြီးမှ သူ့အား မိတ်ဆွေလိုလို ရန်သူလို
၃ လို ဆီးကြိုနေ၏။

သည့်တစ်ခေါက် သည်နေရာသို့ ပြန်လည်ရောက်ရှိလာခြင်းကား ကောင်းသောလာခြင်းတစ်ရပ်ဖြစ်ပါစေဟု သူဆုတောင်းမိသည်။

ကဖျပ်ဖျပ်လွင့်နေသော အလံတိုင်ကို ဦးတိုက်ကာ မြင်းဖြူကြီးကို တစ်လှမ်းချင်း သူ လှမ်းဝင်လိုက်သည်။ စံအိမ်နီ အပေါက်ဝသို့ ရောက်သည်နှင့် အိမ်သားများက သူ့အား ဆီးကြိုကြသည်။

'တရားခံ ချန်လင်ဟိုး လာတယ်ဟေ့'

အမှုထမ်းတစ်ဦးအသံက ဟိန်းထွက် ပဲ့တင်ထပ်သွားလေသည်။

'သခင်မလေးရေ….တရားခံ ပြန်လာပြီတော့'

အိမ်သား မိန်းကလေး တစ်ဦးကလည်း ဝမ်းသာအားရ သူမ၏ သခင်မအတွက် အော်ဟစ်နေသည်ကို ကြားလိုက်ရပြန်သည်။

'သခင်မလေးက သခင်လေးကို နေ့တိုင်းမျှော်နေတာ'

အိမ်သားတစ်ဦးက အနီးမှ လျှောက်လိုက်လာရင်း ပြောသည်။

'ငါ သိပါတယ်'

သူက ခပ်တည်တည် တုံ့ပြန်လိုက်ရသည်။

'ဒါနဲ့ သခင်လေးမျက်နှာကို ဘာလို့ မျက်နှာဖုံးစွပ်ထားရတာလဲ'

အမှုထမ်းတစ်ဦးက သူ့မျက်နှာကို မော့ကြည့်ပြီး မေးမြန်းသဖြင့်….



'ဒီမှာ မတွေ့ဘူးလား၊ ခါးနက် ဝန်းလဆိုတဲ့ကောင်ကို သွားသတ်တာ၊ ခု ဒီကောင်သေသွားပြီလေ၊ ဟောဒါဟာ သူ့ခါးနက်ပေါ့၊ ဒါလဲ သူ့ဝတ်စုံပဲ'

'အို….ဝမ်းသာလိုက်တာ၊ သခင်ကြီးကို သတ်သွားတဲ့ လူသတ်သမား၊ သခင်မလေးကို မျက်လုံးကွယ်အောင် လုပ်သွားတဲ့ လူယုတ်မာ၊ နောက်ဘဝ ငရဲကျပါစေ….တောက်'

ခါးနက် ဝန်းလက မျက်နှာဖုံးအောက်မှ မျက်နှာမှာ တွန့်ရှုံ့သွားသည်။

သူ့အပေါ် သည့်စံအိမ်နီရှိ လူသားအားလုံးက ရွံရှာ မုန်းတီးနေကြကုန်ပြီလေ။

မကြာမီ သခင်မလေး ဖူယန်၏ အခန်းရှေ့သို့ ရောက်လာကြ၏။

'သခင်လေး….သခင်လေးကို ချော့လိုက်ပါဦးနော်၊ နေ့တိုင်းပဲ သခင်မလေးကိုတမ်းတပြီး ငိုနေရှာတယ်၊ သိပ်သနားဖို့ကောင်းတာပဲ သခင်လေးရယ်၊ ဒီတစ်ခါ အပြင်မသွားပါနဲ့ဦးနော်'

အိမ်သားတစ်ဦးက သူ့အား တောင်းပန်နေသောကြောင့် ခါးနက်ဝန်းလ ရယ်ချင်လာသည်။

'သွားစမ်းကွယ်၊ ကိုယ့်အလုပ်ကိုယ်လုပ်'

သူက အိမ်သားအမျိုးသမီးကို မောင်းထုတ်လိုက်၏။

တံခါးကို အသာ တွန်းဖွင့်လိုက်သည်။ ထုံးစံအတိုင်း တံခါးက ကျွီခနဲ မြည်သွားသည်။

အခန်းထဲတွင် ပြာင်းဝင်ဝေးငိုင်နေသော ဖွယန်က ဆ ဘိ
ခနဲ လှည့်ကြည့်ပြီး....

'အစ်ကို ချွန်လား ဟင်'

'အင်း'

ဖွယန်က အပြုံးကလေးလာသဖြင့် သူ လဲမည်စိုးပြီး ဆီး
ကြို ပွေ့ဖက်ထားမိသည်။

'ချွန်ထွက်သွားရင် အကြာကြီးပဲ၊ ဖွယန် စိတ်ပူလိုက်ရတာ
နေ့တိုင်းပဲ'

သူ့မက သူ၏ ရင်ခွင်ကျယ်ကြီးဝယ် မျက်နှာအပ်လျက်
တိုးသက်ညင်သာစွာ ပြောနေ၏။

'ဘာလို့ စိတ်ပူနေရတာဘဲကွယ်၊ ကိုယ့်ကိုကိုယ် ဒုက္ခ သက်
သက်ပေးတာပဲ၊ ချွန်ထွက်သွားတာ ဖွယန်ကို ဒုက္ခပေးခဲ့တဲ့
ဓားနက်ဆိုတဲ့ကောင်ကို လက်စားချေဖို့ပဲ မဟုတ်သား'

'ဟုတ်ပေါ့ ဟုတ်ပါတယ် ချွန်ရယ်၊ ဒါပေမယ့် အဲဒီ
လူကြီးက သိပ်ရက်စက်တဲ့လူဆိုတော့ ကိုယ့်ချစ်သူကို စိုးရိမ်
တာပေါ့'

ဓားနက်ဝန်းလဲ^^က မဲ့ပြုံးလေး ပြုံးလိုက်မိ၏။

သူ့မအား ရင်ခွင်ထဲ ပွေ့ဖက်ထားရသဖြင့် သူ့၌ အာနရ
ကျပ်လာ၏။ အသက်ရှုရသည်ဆည်း ခမ္မန်ချင်၊ နှုတ်ခမ်းတွ
ခြောက် အာခေါင်တွေ ပူလာနေသည်။

ထို့ကြောင့် သူ့မအား အသာ ပခုံးလေးကိုခွာတာ ခ
လိုက်သည်။

'ခုကော အဲဒီဓားနက်ဆိုတဲ့လူနဲ့ တွေ့ခဲ့လား ဟင်'



'တွေ့ခဲ့တာပေါ့ဖွယန်၊ ချွန်ကို ဘယ်ယှဉ်နိုင်မှာလဲ၊ သူသေ
ကျန်ခဲ့တာပေါ့၊ ဖွယန်ရဲ့ဖေဖေနဲ့ ဖွယန့်အတွက် တာဝန်ကျေ
ပါတယ်နော်၊ သူ့ ဓားနက်ကြီးကို ချွန်ယူလာခဲ့တယ်လေ၊
ဟောဒီမှာ ကိုင်ကြည့်ပါလား'

သူ့မ၏ လက်ကလေးကိုဆွဲကာ ဓားနက်နှင့် ထိတွေ့ရန်
သူက ဆွဲလိုက်စဉ် သူ့မက ဆတ်ခနဲ ပြန်ရုပ်လိုက်၏။

( ၉၇ )

'ဟင့်အင်း....မကိုင်ချင်ဘူးချွန်၊ လူယုတ်မာတစ်ဦးရဲ့ခေါင်းကို ဖူယန်မကိုင်ချင်ပါဘူး၊ ရှဲပါတယ်'

ခေါင်းနက်ဝန်းလီရင်မှာ ဘာရယ်မဟုတ် သူမ၏စကား ကြောင့် နှင့်ခနဲနေအောင် နာကျင်ခံစားလိုက်ရလေသည်။

'အင်း.... ကောင်းပါတယ်၊ သူသေသွားတာ ဖူယန် ဝမ်းမသာဘူးလားဟင်'

'အို....ဝမ်းသာတာမှ အရမ်းဝမ်းသာတာပဲ၊ ချွန်ကိုလဲ ကျေးဇူးတင်ပါတယ်'

သူမက ပြောပြောဆိုဆို ဓားနက်ဝန်းလဲ၏ရင်ညွန့်အား ညင်သာစွာ နမ်းရှုပ်လိုက်ရှာသည်။

ဓားနက်ဝန်းလဲမှာ သူမ၏အပြုအမူကြောင့် တုန်လှုပ်သွားမိ၏။ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်ကာ ကတုန်ကယင် ဖြစ်နေမိလေသည်။

'ချန် ဘာလို့ တိတ်ဆိတ်နေတာလဲ'

သူမက သူ့အား မော့ယှိကြည့်ကာ မေးသည်။ အကယ်၍ ယူမသည်သာ မြင်နိုင်စွမ်းရှိလျှင် ဓားနက်ဝန်းလဲဆိုသော ၏မျက်နှာကိုမြင်တွေ့ပြီး မှုန်းတီးရှုံ့ရှာလို့ သေဆုံးသွားမည်လား မပြောတတ်ချေ။

သူကမူ အခန်းထဲဝယ် သူ့အားတွေ့မည့် သူမရှိနိုင်ဟု ထင်သော မျက်နှာဖုံးစွပ်ကို ဖယ်ရှားထားခဲ့၏။

သူက ပြန်၍မဖြေနိုင်ဘဲ ငိုင်၍ကြည့်နေမိလေသည်။ သူမ၏ အလှများကို ခုမှ သူသတိထားကြည့်ရှုခဲ့မိ၏။

ပါးလျသော နှုတ်ခမ်းလေးမှာ ပန်းရောင်ပြေးနေ၏။ ခိုင်းစက်နက်မှောင်သော မျက်လုံးအစုံမှာလည်း ကြည်လင်ရွှန်းလဲ့နေလေသည်။ မျက်တောင်ကော့များကလည်း တဖျပ်ဖျပ်နှင့် ရင်ခုန်စရာကောင်းလှသည်။

မျက်တောင်ဆိုလျှင်လည်း စင်ရော်တောင်ပံသဖွယ် ကော့ညွှန့်လျက် သွယ်တန်းနေ၏။

နှာတံလှင်လှင်လေးနှင့် ပါးမို့မို့လေးမှာ လိုက်ဖက်ညီစွာ မျက်နှာပေါ်ဝယ် သူ့နေရာနှင့်သူ တိတိရိရိရှိကြ၏။



နက်မှောင်သောကေသာ တစ်ထွေးကြီးကလည်း ဖွေးပျံ့နေလေသည်။ အသားအရေဆိုလျှင် ဝါဝင်းစိုအိနေလေသည်။ မနိမ့်လွန်း မမြင့်လွန်းသော အရပ်အမောင်းနှင့် ခန္ဓာကိုယ် အချိုးအစားတို့က မိန်းမသားတစ်ဦး၏ ပြေပြစ်သော အလှအပကို ဖော်ကျူးနေသလိုပင်။

'ခုတစ်ခါ ချန်လာတာ တစ်မျိုးပဲကွယ်'

သူ၏ အစ်ကိုအား အလွန်ကောင်းသောသူ တစ်ဦးဟု တွေးမိ၍ သူမထံမှ စကားသံအချို့ ထွက်ပေါ်လာပြန်သည်ကို ကြားရသည်။ သူမ၏ အလှများမှ သူ ရုန်းထွက်လိုက်ရသည်။

'ထင်လို့ပါ ဖွယန်၊ အစ်ကို ခရီးပန်းလာလို့ပါ၊ နောက်ပြီး ဓားနက်ဆိုတဲ့ကောင်ကို တိုက်ခဲ့ရသေးတာ မဟုတ်လားကွယ်၊ ဒါကြောင့်ပါ'

သူက အတတ်နိုင်ဆုံး မိန်းကလေးအား နှစ်သိမ့် ဖျောင်းဖျလိုက်ရ၏။

'ဒါဆို ချန် အနားယူပါလားဟင်၊ ဖွယန် အိပ်ရာခင်းပေးမယ်လေ'

'ဟင့်အင်း....နေပါစေ ဖွယန်၊ ချန် မအိပ်ချင်ပါဘူး၊ အေးအေးဆေးဆေးပဲ ထိုင်နေချင်တယ်'

'ဖွယန်ကော အနားမှာ ထိုင်ခွင့်ရှိလားဟင်'

သူ သက်ပြင်းမောကို ချဖြစ်လိုက်သည်။ သူမနှင့် နီးနီးကပ်ကပ် နေထိုင်နေရသဖြင့် အနေရခက်သောကြောင့် လွတ်လွတ်ကင်းကင်း ထိုင်နေရန် ဆိုနေကာမှ သူမက အနီးနားမှာ

ခနခွင့်တောင်းနေခဲ့ပြန်သည်။ သည်တော့လည်း ဘာတတ်နိုင်ပါ မည်နည်း။

'ထိုင်ပေါ့ ဖူယန်ရယ်'

သူ တိုးဖွဖွညင်သာစွာ ပြောလိုက်မိ၏။ သူမ၏ မျက်ဝန်းများက ရွှန်းလက်လျက်။

## ( ၃၅ )

ခါးနက်ဝန်းလီသည် စံအိမ်နီကြီး၌ အိမ်သားများနှင့်အတူ သူ၏ဘဝ အတုအယောင်ကို ကြာရှည်စွာ ဖုံးကွယ်ထားနိုင်စွမ်း ရှိမည်မဟုတ်ချေ။

မျက်မမြင် ဖူယန်တစ်ဦးတည်းဆိုလျှင် သူ့အဖို့ နေရဲထိုင်ရဲ လျှို့ဝှက် ဖုံးကွယ်ရမည့်အရေးမှ လွတ်မြောက်နိုင်မည်ဟုတွေး မိ၏။

ထို့ကြောင့် မျက်မမြင်ဖူယန်လေးအား သူ ဖြားယောင်း သိမ်းသွင်းရလေတော့သည်။

'ဒီမှာ ဖူယန်၊ဒီစံအိမ်နီကြီးမှာ ညီမရဲ့ ဖေဖေလဲ ရှိတော့တာ မဟုတ်ဘူးကွယ်၊ အိမ်သားတွေကလဲ အများကြီး၊ ချွန် မနေတတ်ဘူး'

သူ့ထံမှ ထူးဆန်းသော စကားကို ကြားရသဖြင့် ဖူယန်က ငြိမ်သက်စွာ နားထောင်နေရှာသည်။

'ချွန်ဟာပြောချင်တာလဲဟင်၊ ပြောပါချွန်၊ ပွင့်ပွင့်လင်းလင်း ပြောပါနော်၊ ဖူယန်ဟာ ချွန်ရဲ့ချစ်သူဇနီးလောင်း တစ်ဦး မဟုတ်ဘူးလားဟင်'

'ဟုတ်ပါတယ် ဖူယန်၊ချွန်ကလဲ အဲဒါပြောမလို့ပါဘဲ၊ချွန်က နှစ်ဦးတည်း လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ ဒီမှာက အဆောင်တွေအဆောင်တွေနဲ့ မွန်းကျပ်နေသလိုပဲ'

'အဲဒီတော့ ချွန်က ဘာလုပ်ချင်တာလဲ၊ပြောပါ'

ဖူယန်က ချစ်သူ၏ ဆန္ဒကို သိရှိချင်မည်။ ဒါမှ ချစ်သူဆန္ဒကို သူမ ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ပါလား။

'လိုယန်းမြို့လေးမှာ သွားနေကြရအောင်နော်'

'ဘာဖြစ်လို့ အဲဒီမြို့မှာ သွားနေချင်ရတာလဲဟင်၊ ဖူယန်ကို ပြောပြပါလား'

ချစ်သူတောင်းဆိုသောအချက်မှာ ဘာမှ ခဲယဉ်းမည့်ကိစ္စ မဟုတ်။ စံအိမ်နီကြီးဆိုတာက သူမသာ သခင်၊ သူမသာအရှင်။

လွတ်လွတ်လပ်လပ် နေချင်လို့က အိမ်သားအားလုံးကို ဖြုတ်ပစ် နှင်ပစ်လို့ရသည်။နှစ်ဦးတည်း ဘယ်သူမှမရှိဘဲနေလို့ ရသည်။



ဒါပေမယ့် ချစ်သူက တစ်နယ်တစ်ရွာကို သွားချင်ပုံရသည်။ထို့ကြောင့် သူမက လိုက်လျောရန် မေးမြန်းခြင်းဖြစ်သည်။

'အထူးအကြောင်းမရှိပါဘူး ဖူယန်၊ချွန် တစ်ချိန်က ကြီးပြင်းခဲ့ရတဲ့ မြို့လေးတစ်မြို့မို့ပါ၊သတိတရလဲ ရှိလို့လေ'

ဖူယန်က တစ်ဖန် တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

'ချွန် သွားချင်ရင် သွားလေ၊ဖူယန်ကတော့ ချွန် တစ်ယောက် ဟိုး...ကမ္ဘာ့မြောက်ဝင်ရိုးစွန်းသွားလဲလိုက်ဖို့ အသင့်ပါပဲကွယ်'

သူမ၏ စိတ်ဓာတ်က ကြည်နူးဖွယ်ရှိသည်။သူ့နယ် အတူ အယောင်တစ်ဦး မဟုတ်ပါဘဲ သူ့ကိုယ်သူ တကယ်ပြောခြင်း ခံရပါက မည်မျှ စိတ်ချမ်းသာစရာ ကောင်းလိုက်ပါမည်နည်း။

ခုတော့ သူမ၏ သံယောဇဉ်စကား၊ မေတ္တာစကားများမှာ သူ့နားထဲ၌ အချည်းအနှီး ဖြစ်နေရသလို သူ့နှလုံးသားထဲမှာလည်း တစစ်စစ်နှင့် နာကျင် ခံရခက်နေရလေသည်။

သို့ဖြင့် သူ ဖူယန်အား လိုယန်းမြို့လေးသို့ခေါ်ဆောင်သွားရာ ဇာတ်မြုပ်နေခဲ့လေသည်။

စံအိမ် နီကြီးအား အမှုထမ်း လူယုံများနှင့် အပ်နှံထားခဲ့သည်။

လိုယန်မြို့ရှိ သစ်သားအိမ်လေးတစ်လုံးဝယ် နေထိုင်ကာ ဖူယန်အား ပြုစုစောင့်ရှောက် နေခဲ့မိလေသည်။

ခမ်းနားကျယ်ပြန့်သော စံအိမ်နီကြီးနှင့် နေထိုင်ခဲ့ရသည့် မိန်းကလေးမှာ ပျဉ်ထောင်အိမ် သေးသေးလေး၌ နေရသည့်အခါ မနေတတ်ရှာ ဖြစ်နေသည်ကို ဓားနက်သိ၏၊ သူ့အား သူ သနားနေမိသည်။

'ဖူယာန် မနေတတ်ဘူးဆိုတာ ချန် သိပါတယ်ကွယ်'

တစ်နေ့တော့ သူက သူမအား ဖွင့်ဟမိသည်။ ထိုအခါ သူမက သူ၏မျက်နှာကို စေ့စေ့ကြည့်လျက် ပြန်ဖြေလေ၏။

'မနေတတ်တာတော့ အမှန်ပါပဲ ချန်၊ ဖူယာန် နေထိုင်ခဲ့ရတဲ့ ဘဝကိုလဲ ကြည့်ဦးမလား....လက်မွေးမီးမလောင် ခြေမွေးမီးမလောင် ဘဝချိုး၊ ဒါပေမယ့် ခုလိုနေတာ ရုန်းကန်တာကို ဖူယာန် နေပျော်ပါတယ်၊ ချန် အနားမှာရှိသရွေ့ ဖူယာန် ပျော်နေမှာပါ ချန်ရဲ့'

ဖူယာန်၏ စကားသံလေးက သနားစရာလေးဖြစ်၏။

ဝန်းလံ ထိုစကားကြားရသည်မှာ စိတ်မကောင်းနိုင်။ သည်မြို့မှာ ဇာတ်မြုပ်၍ နေထိုင်ခဲ့သော်လည်း စံအိမ်နီကြီး၌ နေထိုင်ရသည်သို့ အဘယ်မှာ နေပျော်ပါမည်နည်း။

သည်ကြားထဲ သူက မကြာခဏ ခရီးသွားလေ့ရှိနေ၏။ သူ၏ တာဝန်တွေ ဆောင်ရွက်စရာ ကျန်ရှိသေးသည်လေ။ မိဘများကို သတ်ဖြတ်သွားခဲ့သည့် သွေးလက်ဝါးဆိုသည့် လူသတ်ကောင်ကို သွေးကြွေးဆပ်ရဦးမည် ဖြစ်သည်။

သူတို့မိဘ သူတို့ညီအစ်ကို၏ ဘဝများစွာကို ဖျက်ဆီးသွားသည့် ထိုလူယုတ်မာအား သူ သည်ကမ္ဘာမှာ မတွေ့ တွေ့အောင် ရှာပြီး လက်စားချေမှ သေပျော်နိုင်မည်လေ။



နောက်ပြီး ဇောင်ရမ်းဆိုသည့် ပုဂ္ဂိုလ်ကြီးနှင့် သူ ရှင်းလင်းရဦးမှာဖြစ်သည်။

အင်ဝိုး ရွာကလေး၏ အသက်တမျှ အရေးကြီးသော သေတ္တာစနိုလေးကို ထိုနဂါးနက်ဂိုဏ်းမှ သူ ပြန်လည်ယူဆောင်ပေးရဦးမည်။

ယုန္တာလေးကား သူ့အား အလွန် သံယောဇဉ်ကြီးကြောင်း၊ သူ မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်၊

ထိုမြေပုံ သေတ္တာနီလေးကို မယူပေးနိုင်လျှင် သူ အသေဖြောင့်ဦးမှာ မဟုတ်။

နောက်ဆုံးတာဝန်ကာတော့ ညီမလေး ဖူယန်၊ မျက်မမြင်လေး ဖူယန်၏ မျက်စိနှစ်ကွင်း အလင်းပြန်ရဖို့ အဆိပ်ငွေ့မိသွားသော မျက်လုံးအား ပြန်လည်ကုစားဖို့ ဖြစ်သည်၊

သည်မျက်လုံး ကွယ်သွားခြင်းမှာ သူ၏ပယောဂ ကင်းရှင်းသန့်စင်ခဲ့သည်မဟုတ်၊ သူ့လက်ချက်နှင့် မိန်းကလေးခမျာ

တစ်ဘဝလုံး ဒုက္ခိတအဖြစ် နေထက်ခဲ့ရသည်။ တွေးမိတိုင်း သူမအစား မိမိကိုယ်မိမိ ခွင့်မလွှတ်နိုင်အောင် ဖြစ်နေခဲ့လေသည်။

ထို့ကြောင့် ဖူယန်၏ မျက်စိနှစ်ကွင်း အလင်းပြန်လည်ရရှိဖို့ တာဝန်ကလည်း သူ့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးတာပဲ ဖြစ်သည်။

သည်တာဝန်တွေမှာ သူ့အဖို့ မဖြစ်မနေ လုပ်ဆောင်ရမည့် ဘဝပေးတာဝန်များဟု သူ နားလည်သေးသည်။

သို့ဖြင့် သူ ဖူယန်အား မိတ်ဆွေလင်မယားထံ အပ်နှံကာ ခရီးထွက်ဖို့ ကြိုးစားပြန်၏။

ထိုလင်မယားက ဖူယန်၏ မျက်စိ အလင်းမရခြင်းအား ရာနားမိကြသည်။

သူ၏ တာဝန် ဝတ္တရားများကိုလည်း၊ နားလည်နိုင်စွမ်းရှိကြသည်။

'ကောပါပဲ ညီမရယ်၊ ဗီမှာ အစ်ကိုဝမ်တို့လင်မယား ရှိကြတာပဲ၊ အစ်ကိုဝမ့်မိန်းမ ကျင်ကျင်လဲရှိတာပဲကွယ်၊ သူတို့ ညီမကို စောင့်ရှောက်ကြမှာပါ၊ အားမငယ်နဲ့နော်၊ အဲဒီမြို့လေးကို သွားရှာသွားပြီး ပြန်လာခဲ့မှာ မဟုတ်လား'

ဖူယန်ကမူ ငိုကြွေးနေရှာ၏။

'အစ်ကိုဟာ ဖူယန်ကိုမချစ်ဘူး... မညှာဘူး... အစ်ကိုချန်၊ အစ်ကို့မျက်နှာနဲ့ တစ်ရပ်တစ်ရွာမှာ ဖူယန် လိုက်နေတာပါ၊ အစ်ကိုအစ်ကိုချန်ကို အားကိုးပြီး အသက်ရှင်နေတဲ့ ဖူယန်ပါ အစ်ကိုရယ်'



သူမ ရှိုက်ကြီးတငင် ငိုကြွေးကာ ဝမ်းနည်းပန်းနည်း ပြောဆို၏။

( ၄၉ )

'ဪ....ညီမလေးဖူယန်ကလဲ အစ်ကိုချန်က အပျော်သွားတာမှ မဟုတ်ဘဲကွာ၊ တာဝန်တစ်ရပ်အနေနဲ့ သွားတဲ့ဥစ္စာ၊ နောက်ပြီး အကြာကြီးလဲ မဟုတ်ဘူး၊ အဲဒီမြို့မှာ သတင်းအစအနလေး ရထားလို့ သွားစုံစမ်းမှာ၊ တွေ့တွေ့ မတွေ့တွေ့ ချက်ချင်း ပြန်လာမှာကွယ်'

သွေးလက်ဝါးအား ထိုမြို့မှာ စုံစမ်းမေးမြန်းလျှင် ရနိုင်သည် ဆိုသဖြင့် လိုက်သွားလိုခြင်း ဖြစ်သည်။ ထို့ကြောင့် သူမအား သည်မျှ တောင်းပန်နေခဲ့ခြင်း ဖြစ်၏။ အခြားအကြောင်းဆိုလျှင် လုံးဝမသွား။

'ဟုတ်သားပဲ ညီမရယ်၊ အစ်ကိုတို့ သင်မယားလဲ ရှိတာပဲ ကွယ်၊ ဘာအားငယ်စရာ လိုသလဲ၊ အစ်ကို့ မိန်းမ ကျင်ကျင်အေ ညီမလေးကို ချစ်ပြီးသားပဲကွ၊ သူ ညီမအနားမှာ ရှိမှာပေါ့ ဟုတ်လား'

ခေးနက်၏ မိတ်ဆွေ ဝမ်ကလည်း ဝင်ရောက်ဖျောင်းဖျ၏။

'အားမငယ်နဲ့ ညီမရေ၊ မိန်းမဆိုတာ အဲဒါပဲ၊ သူတို့ ယောကျ်ားတွေကို အားကိုးလို့ကတော့ လူ့ဘဝမှာ နေဖို့ တောင် မကောင်းဘူး၊ ကိုယ့်ဘာသာကိုယ် ကြံဖန်ပြီးနေကြ ရတယ်၊ ကိုယ့်မိန်းမသားချင်း စာနာပြီး တစ်ဦးကိုတစ်ဦး ဖေးမကူညီ စောင့်ရှောက်ကြရတယ်၊ သူတို့ကို ကိုယ်က အမြဲ မပိုင်ဘူးကွယ့်၊ သူတို့ကို လောကကြီးကပဲ ပိုင်တာ၊ အဲ.... ကိုယ့်ကျတော့ သူတို့ကပိုင်တယ်လို့ လုပ်ပြန်ရော၊ ဘယ်လောက် မတရားတဲ့ ယောကျ်ားတွေလဲဆိုတာ၊ မေ့ထားလိုက်စမ်းပါ ညီမရယ်၊ ကျင်ကျင်နဲ့နေ ပျော်စေရမယ် ဟုတ်လား'

ပျော်တတ် ပြောတတ်သော ကျင်ကျင်က ယွမ အား နှစ်သိမ့်ဖျောင်းဖျ ပျော်ရွှင်အောင် စောင့်ရှောက်ပေး၏။ ထို့ကြောင့်လည်း ခေးနက်က သူတို့ယင်မယားကို အားကိုး အား ကြေဒဏ ထွက်သွားတတ်၏။

ထွက်သွားသည့် အခါတိုင်းလည်း ဖွယန်နှင့် ပြဿနာ တက်ရလေ့ရှိသည်။ ဖွယန်က ငိုပြီးသာ ကျန်ရစ်တတ်ခဲ့သည်။

ကျင်ကျင်က ချော့ရပြန်၏။ ဝမ်က ဖျောင်းဖျရပြန်၏။ ခေးနက်ကတော့ ထွက်သွားလျှင် တစ်ခါတစ်ရံ လနှင့်ချီ၍ ကြာမြင့်တတ်ပြန်သည်။



ထိုသို့ကြာမြင့်တိုင်း ဖွယန်ခမျာ အိပ်ရာထဲ လဲနေတော့ သည်။ သူ့အပေါ် သံယောဇဉ်ကြီးမှာသော မိန်းကလေး တစ်ဦးမို့ ခေးနက် လေးစားလာရတော့သည်။

သူကိုယ်တိုင်လည်း သူမနှင့် ခွဲခွာနေရစဉ် အမြဲ သတိရလို့ နေတတ်၏။

သူ့ရင်ထဲက အကြောင်းကို သူပဲသိသည်။ ဖွယန်က သတိရ သည်၊ ချစ်သည်၊ လွမ်းသည် ပြောတိုင်း သူ့အဖို့ ရင်နာရ၏။ သူ ဝမ်းမသာနိုင်၊ မကြည်နူးနိုင်။ အဘယ်ကြောင့် ဆိုသော် ဖွယန် ချစ်သည့်၊ လွမ်းသည့်၊ သံယောဇဉ်ကြီးသည့်သူက သူ့ ကို မဟုတ်။ သူ့အစ်ကို အရေးခေးသခင်ကိုသာ မဟုတ်ပါ လား။ သူက 'ဖွယန်' မုန်းတီးစက်ဆုပ်သည့် ခေးနက်ဝန်းလီ သာ ဖြစ်သည်လေ။

မည်သို့ဖြစ်စေ သူမနှင့်နေရသည့် ကာလများမှာ သူပျော် သလိုရှိသည်။ ကြည်နူးသလိုရှိသည်။ အဘူအနေယောင်ဘဝလေး ကိုပဲ အကောင်းလိုက်ကာ ပီတိ ဖြစ်နေရလေသည်။

ခုနေခါ မိန်းကလေးက သူ့အား ခေးနက်ဝန်းလီဟု သိ သွားမှာ အစိုးရိမ်ဆုံး ဖြစ်သည်။

ဖွယန်အပေါ်မှ ထွက်ခွာသွားရမှာကို အကြောက်ဆုံး ဖြစ်သည်။ ဖွယန် သူ့အား လက်မခံမှာကို အထိတ်လန့်ဆုံး ဖြစ်ပါသည်။

ခုတော့ အရေးရာသည် ဖွယန့်အတွက်သာချည်းဟု စိတ်ထဲ မှတ်ထင်နေခဲ့လေပြီ။

သူ့ဘဝကို မိန်းကလေးထံ ပုံအပ်ထားသည့်မှာ ကာလပင် အတန်ကြာခဲ့လေပြီ။

လူတိုင်းက သူတို့နှစ်ဦးအား အလွန်ချစ်ကြသော ဇနီးမောင်နှံ နှစ်ဦးဟု ထင်မှတ်နေကြ၏။

သူ့အားလည်း သစ္စာရှိသောချစ်သူ၊ အပေါင်းသင်းအပ်သော ဖခင်ကဲ့သို့ လင်ယောကျ်ားဟု ချီးကျူးကြ၏။

သူကတော့ သူ့အဖြစ်သူ ရယ်ချင်မိသည်။ သူ့ဘဝကြီးက နားကြားပြင်းကတ်စရာ ဖြစ်သည်။

သူ့အကြောင်းတွေကို မကောင်းပြောနေတာအား မြုံးရယ်ပြီး နားထောင်နေရသည့် အဖြစ်။

နောက်ပြီး မိမိမဟုတ်ပါဘဲလျက် တခြားသူအား ချစ်ခြင်း၊ လွမ်းခြင်း၊ သံယောဇဉ်ရှိခြင်း စတာတွေကို နားထောင်နေရသည့်အဖြစ်။ ဘာပဲဖြစ်ဖြစ် သူကတော့ သူမကို ချစ်မိပြီ။

တစ်နေ့၌ ဓားနက်ဝန်းလ မှာ ခရီးသွားရင်း တောအုပ်တစ်ခုသို့ ရောက်ရှိသွားလေသည်။

တောအုပ်မှာ သားရဲတိရစ္ဆာန်တို့ ပေါများသော တောလည်း ဖြစ်၏။

လူသူအရောက်အပေါက်နည်းသော အရပ်ဖြစ်သည်။ သူက သူ၏မြင်းဖြူကြီးကိုစီးနင်းကာ ထိုတောအုပ်ကို ဖြတ်သန်းနေလေသည်။

သားရဲပေါသောတောဖြစ်၍ သတိဝီရိယနှင့် စိုင်းနှင်နေမိ၏။



ထိုအခိုက် သူဖြတ်သန်းသွားသည့်လမ်းမှာ ညည်းညူသံအချို့ ကြားသဖြင့် အနီးပတ်ဝန်းကျင်၌ လိုက်လံရှာဖွေမိ၏။ ထိုပတ်ဝန်းကျင်တစ်ဝိုက်ဝယ် တိရစ္ဆာန်များ၏ ခြေရာများလည်း မတွေ့ရဘဲ နွယ်ပင်များဖြင့်ပြည့်နှက်နေသော သစ်ပင်ကြီးများကိုသာတွေ့ရ၏။

( ၃၈ )

ထိုသစ်ပင်ကြီးများအနီးသို့ သူကပ်သွားသောအခါ မြင်းဖြူမအား တစ်ချက်တီလိုက်သဖြင့် သူ မြင်းကိုခုန်ဆင်းလိုက်မိသည်။

'ဘုတ်'

စောစောတုန်းက သူရပ်နေရာသို့ နွယ်ပင်တစ်ခုက လာရောက် ရိုက်ချသည်ကို တွေ့ရှိရလေသည်။ ထို နွယ်ပင်မှာ ဆင်နှာမောင်းခန့်လုံးပတ်ရှိ၍ ဆင်နှာမောင်းနွယ်ပင် လှုပ်ရှားနေ၏။

သူ၏ တရားခေါးကို ခါးမှထုတ်လိုက်ကာ ပတ်သန်းကျင်အား အကဲခတ်ကြည့်လိုက်၏။

'အင်း....အင်း....အင်း'

ညည်းညူသံတစ်ခုအား သစ်ပင်တစ်ပင်၏ခြေရင်းမှကြားနေရသဖြင့် ထိုအပင်နား ညင်သာစွာ ကပ်သွားမိလေသည်။

ထိုသစ်ပင်ရင်းဝယ် အဘိုးအိုတစ်ဦးမှာ နွယ်ပတ်၍ အနေအင် ကုန်ခန်းကာ မြော့မြော့သာရှိလျက် ညည်းညူနေခြင်းဖြစ်သည်။

'အို....နွယ်မိနေရှာတဲ့ လူတစ်ဦးပါလား'

'ဝှီး'

'ဘုတ်'

'အ....အ'

သစ်ပင်ပေါ်မှ နွယ်ပင်တစ်ပင်က သူ့အား လွှဲပြီးတိုက်ခိုက်တော့၏။

မြင်းပေါ်မှ သူ မြေထက်လွင့်စဉ်ကျသွားသည်။ မြင်းဖြူမလည်း ကျယ်လောင်စွာဟီပြီး မတ်တတ်ရပ်သည်။

မြေပြင်ထက် ရောက်သော် သူ့အား နောက်တစ်ကြိမ် နွယ်ပင်က တိုက်ခိုက်ရန် လွှဲရိုက်လာပြန်၏။

'ဝှီး'

'ဝှစ်'

'ဒုတ်'



သည့်တစ်ကြိမ်တော့ တရားဓားသွားနှင့် ထိုနွယ်ပင် ရင်ဆိုင်သွားရ၏။ တိခနဲပြတ်ကျသွားခဲ့သည်။ ထိုနွယ်ပင်ထဲမှ သွေးနီနီများ တစ်စက်စက်ယိုစီးကျဆင်းနေသည်ကို တွေ့ရ၏။

ဓားနက်က ညည်းနေသော နွယ်မိနေသည့် အဘိုးအိုရှိရာ သစ်ပင်အနီးသို့ ချဉ်းကပ်သွားလေသည်။

အဘိုးအိုမှာ နွယ်ပင်၏သွေးစုပ်မှုကိုခံနေရသဖြင့် ဖြူဖျော့စွာ သွေးဆုတ်လျက်ရှိရှာသည်။

* * *

သူသာအချိန်မီမရောက်လျှင် မကြာခင် သေဖွယ်ရာရှိ၏။

ဓားနက်ဝန်းလည် ထိုနွယ်ပင်များအား ဓားနှင့်ဝင်ရောက်ခုတ်ပိုင်းပစ်လိုက်၏။

'ကဲကွာ....ကဲကွာ လူသွေးသောက်ချင်တဲ့သစ်ပင်'

စိတ်ရှိရှိနှင့် ဓားဖြင့် ပိုင်းပစ်လိုက်ရာ သစ်ပင်ခြေရင်းတစ်ဝိုက် သွေးစိမ်းရှင်ရှင်တို့ ရဲရဲတောက်သွားခဲ့လေသည်။

မြင်းဖြူမက အလိုက်သိစွာ အနီးသို့ပြေးလာရာ ဗေးနက် အဘိုးအိုအား မြင်းကျောပေါ်တင်ပြီး လွှားခနဲ ခုန်တက်လိုက်၏။ သူ မြင်းပေါ်ရောက်သည်နှင့်....

'ဝှီး'

အသံကြားသဖြင့် သူ့ခေါင်းကိုငုံ့ချလိုက်သဖြင့် နွယ်ပင်တစ်ပင်၏ တိုက်ခိုက်မှုမှ ပွတ်ကာသီကာလွှင့်လာခဲ့၏။ သို့ဖြင့် ထိုနွယ်ရှင်တောမှ သူတို့ လွတ်မြောက်ခဲ့လေသည်။

အရိပ်အာဝါသကောင်းသောနေရာတစ်နေရာရောက်သော် အဘိုးအိုအား မြင်းပေါ်မှ သယ်ဆောင်ချလျက် သစ်ပင်ခြေရင်းတွင် နားနေစေ၏။

သူက ချက်ချင်းပင် ထင်းစများကို လိုက်လံကောက်ယူကာ မီးမွှေးလိုက်၏။ မီးပုံတစ်ပုံ အနီးဝယ် အဘိုးအိုအား ထားရစ်ကာ သားကောင်ကို ရှာရပြန်သည်။ သူ့၌လည်း အစားအစာဟူ၍ ဘာမျှမပါ။ ရေဟာတ်ဘူးသာလျှင်ပါ၏။ ထိုရေကိုပင် တိုက်ကျွေးကာ မီးပုံနားထားခဲ့၏။

ကြာမီ သူ့၌ ယုန်တစ်ကောင်ခပ်ရွယ်ရွယ်ကို မိလာ၏။ မီးပုံ၌ တံစို့ထိုးကင်ကာ အဘိုးအိုအား ကျွေးမွေးသည်။ မီးကင်ထားသော ယုန်သားကင်နံ့မှာ သင်းပျံ့မွှေးကြိုင်နေ၏။

ဗေးနက်ပင်ဆာလောင်လာသဖြင့် ပလုတ်ပလောင်း စားသောက်လိုက်ရသည်။ အဘိုးအိုမှာလည်း ယုန်သားကို ဆာလောင်မွတ်သိပ်စွာ စားသောက်ရှာ၏။



ယုန်တစ်ကောင်အား သူတို့နှစ်ယောက် ပြောင်စင်အောင် စားသောက်ပြီးတော့ မီးပုံအနီးဝယ် အိပ်ပျော်သွားကြလေတော့သည်။

စဉ်(၁)ပြီး။

ရဲမာန်အောင်